The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 25, NO. 6 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | June 2, 2025









## မြိတ်ခရိုင်၏ ပြည်ပဝင်ငွေရရှိနေသည့် ပနားမီး ရေငန်ပုစွန် မွေးမြူရေး

- 3 ➤

## ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားနိုင်

- 20 ➤

## စတော့အိပ်ချိန်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်

- 27 ➤




ကောမတ်စ်ပုံနှိပ်လုပ်ငန်း
အောက်ပါလုပ်ငန်းများကိုလက်ခံဆောင်ရွက်ပေးနေပါသည်။
Pamphlets, Calendar(Table/Wall)
Visiting Card, Company Letter Head
File Holder, Business Cards
Certificates Labels, Voucher, Book,
Catalouges, Postcards, Envelopes, Journal
No.240(A), Upper Pazundaung Road, Setsan, Mingala Taung Nyunt Tsp:
Ph:09 43034879, 09 795679800

# EMIN
Testing & Measuring Everything

## စမ်းသပ်တိုင်းတာရေးလုပ်ငန်းများအတွက် အရည်အသွေးပြည့်ဝသော
## Testing & Measuring Instruments များ

FLUKE KYORITSU Mitutoyo UNI-T INSIZE EXTECH HIOKI HANNA instruments

sanwa proceq TOHNICHI HORIBA SH SCIENTIFIC KERN OPTICS



- လျှပ်စစ်တိုင်းတာရေး ကိရိယာများ
- စက်ပစ္စည်းတိုင်းတာရေး ကိရိယာများ
- သဘာဝပတ်ဝန်းကျင် တိုင်းတာရေး ကိရိယာများ
- ဓာတ်ခွဲခန်းသုံး တိုင်းတာရေး ကိရိယာများ
- ဆောက်လုပ်ရေးသုံး တိုင်းတာရေး ကိရိယာများ
- ရေစမ်းသပ်တိုင်းတာရေး ကိရိယာများ




Vietnam နိုင်ငံ သိပ္ပံ နှင့် နည်းပညာ အဖွဲ့အစည်းမှ Calibration Center အဖြစ် အသိအမှတ်ပြု လက်မှတ်ရရှိထားပါသည် ။

**အစရှိသောပစ္စည်းအမျိုးမျိုးကို Emin Myanmar တွင် ဝယ်ယူရရှိနိုင်ပါသည် ။**

SCAN HERE

## Emin Myanmar

09-266 993 007

www.emin.com.mm

အမှတ် (၅၁၁/B)၊ ဝေဇယန္တာလမ်း၊ (၄) ရပ်ကွက် ၊ ပါရမီ မီးပွိုင့်အနီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

# မြိတ်ခရိုင်၏ ပြည်ပဝင်ငွေ ရရှိနေသည့် ပနားမီးရေချန်ပုစွန် မွေးမြူရေး



တနင်္သာရီတိုင်းဒေသကြီးသည် အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ မြောက်ဘက်တွင် မွန်ပြည်နယ်၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်တို့ ဝိုင်းရံတည်ရှိသည့် မြန်မာနိုင်ငံ၏ တောင်ပိုင်းအကျဆုံး တိုင်းဒေသကြီးဖြစ်သည်။ ရေထွက်ကုန်ပစ္စည်းများနှင့် အခြားရေထွက်ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်း ဖြန့်ဖြူးရောင်းချခြင်းများဖြင့် အဓိက ကုန်သွယ်မှုပြုလျက်ရှိသည့် တိုင်းဒေသကြီးဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး၏ မြို့တော်သည် ထားဝယ်မြို့ဖြစ်ပြီး ကော့သောင်းမြို့သည် ထိုင်းနိုင်ငံ ရနောင်းသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုအတွက် Check Point ကုန်သွယ်ရေးစခန်းတည်ရှိရာ မြို့ဖြစ်သည်။ မြိတ်မြို့သည် လူဦးရေ အများဆုံးနှင့် အကြီးဆုံးမြို့ဖြစ်သည်နှင့်အညီ ထားဝယ်၊ ကော့သောင်း၊ မြိတ်ခရိုင်များတွင် ပုစွန်၊ ကဏန်း မွေးမြူရေးလုပ်ငန်းများ ၊ ငါးအမှုန့်စက်ရုံများနှင့် အခြားရေထွက်ထုတ်လုပ်သည့် လုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လျက်ရှိပြီး မြိတ်ကုန်သွယ်ရေးစခန်းလည်း ရှိသည်။

ပနားမီး ရေချန်ပုစွန် မွေးမြူရန် နှစ်ဧကခွဲလျှင်တစ်ကန်နှုန်းဖြင့် ခြောက်ပေအနက်တွင် ရေချန်ပုစွန်ကောင်ရေ နှစ်သန်းမှ လေးသန်းအထိ မွေးမြူလေ့ရှိကြပြီး ရေလှောင်ကန်၊ ပိုးသတ်ကန်တို့ ထားရှိကာ ဧက ၁၀၀ တွင် ၄၀ ရာခိုင်နှုန်း မွေးမြူထုတ်လုပ်လျက်ရှိသည်။ ရေချန်ပုစွန် သားပေါက်များ၊ ပုစွန်စာများကို ထိုင်းနိုင်ငံမှ ဝယ်ယူတင်သွင်းခြင်းဖြစ်ပြီး သုံးလကျော် လေးလခန့်အကြာတွင် ရောင်းတန်းဝင်အဆင့် သို့ ရောက်ရှိကာ တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပုစွန်မွေးကန်များသည် စနစ်တကျ မွေးမြူခြင်း အရည်အသွေး ကောင်းမွန်ခြင်းတို့ကြောင့် ပြည်ပနိုင်ငံများ နှစ်ခြိုက်ကြကြောင်း၊ ပင်လယ်ရေ သန့်ရှင်းမှုကြောင့် အရည်အသွေးကို ပိုမိုကောင်းမွန်စေခြင်းဖြစ်ကြောင်း သိရသည်။ ပနားမီး ရေချန်ပုစွန်မွေးမြူခြင်းသည် ရင်းနှီးမှု ကြီးမားသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး အကျိုးအမြတ်လည်း ရရှိသည်။

သို့ရာတွင် ရေချန်ပုစွန် မွေးမြူသူများအနေဖြင့် စိန်ခေါ်မှုများစွာကိုလည်း ရင်ဆိုင်ရသည်။ ပြည်ပမှ သားပေါက်နှင့် အစာတင်သွင်းရခြင်းကြောင့် ကုန်ကျစရိတ်ကြီးမားပြီး အခြားရေချန်ပုစွန်တင်ပို့နိုင်ငံများနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း အားနည်းခြင်း၊ တချို့နှစ်များတွင် မိုးရွာသွန်းမှုများခဲ့လျှင် ရေချန်ပါဝင်နှုန်း ကျဆင်းခြင်း၊ ထိုင်းနိုင်ငံမှ ဝယ်ယူသည့် ပုစွန်သားပေါက်များ ကြီးထွားနှုန်း ကျဆင်းခြင်းတို့ကြောင့် ထွက်ရှိမှုနှုန်း လျော့နည်းသည့် စိန်ခေါ်မှု အခက်အခဲများကိုလည်း ရင်ဆိုင်ရတတ်သည်။ ထို့ပြင် ထိုင်းနိုင်ငံမှ ပုစွန်သားပေါက်နှင့် ပုစွန်စာ တင်သွင်းသည့် အချိန်နှင့် မိမိမွေးမြူရေးကန် လိုအပ်ချက် ကိုက်ညီမှုမရှိသည့် အခြေအနေ၊ တစ်ဖက်နိုင်ငံမှဝယ်ယူရသည့် ဈေးနှုန်း၊ သယ်ယူမှု ကုန်ကျစရိတ် ကြီးမြင့်မှု အခြေအနေနှင့် စသည့် စိန်ခေါ်မှု အခက်အခဲ များကိုလည်း ရင်ဆိုင်ကြရသည်။ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ပနားမီးရေချန်ပုစွန်ကန် မွေးမြူထွက်ရှိမှုသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ငါးခု၏ ဧက ၁၅၀၀ ကျော်မှ မွေးမြူရေးကန်ပေါင်း ၂၀၀ ကန်နီးပါးဖြင့် ပုစွန်များ မွေးမြူလျက်ရှိပြီး လစဉ် ထွက်ရှိမှုအနေဖြင့် တန် ၄၀၀-၆၀၀ ခန့် ထွက်ရှိနိုင်ကြောင်း သိရသည်။

အဆိုပါ မွေးမြူရေးကန်များမှ ရေချန်ပုစွန်များ မွေးမြူ၍ မြိတ်မှ ရန်ကုန်၊ ထိုမှတစ်ဆင့် ပင်လယ်ရေကြောင်း ပို့ကုန်အဖြစ် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နှင့် ဂျပန်နိုင်ငံများသို့လည်းကောင်း၊ Check Point စခန်းဖြစ်သည့် ကော့သောင်းမှ နယ်စပ်ပို့ကုန်ဖြင့် ထိုင်းနိုင်ငံသို့ လည်းကောင်း တင်ပို့လျက်ရှိသည်။ အများအားဖြင့် တရုတ်နိုင်ငံသို့ ပြုတ်ပြီးသား ပုစွန်များတင်ပို့ပြီး ဂျပန်နှင့် ထိုင်းနိုင်ငံသို့ အေးခဲပုစွန်များကိုလည်း အသီးသီးတင်ပို့လျက်ရှိသည်။ ဝယ်ယူသည့် ဝယ်လက်၏ ဆန္ဒအတိုင်း တင်ပို့ရခြင်းဖြစ်သည့်အပြင် ပြည်တွင်းစားသုံးရန်အတွက် ရန်ကုန်သို့ သယ်ဆောင်၍ ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းများလည်း ရှိသည်။

ပင်လယ်ပြင်တွင် ရေထွက်သယံဇာတများ ရှားပါးလာခြင်း၊ ပို့ဆောင်သယ်ယူစရိတ် များပြားလာခြင်းတို့ကြောင့် ပင်လယ်ပြင်မှ ပုစွန်ဖမ်းဆီးတင်ပို့ရောင်းချခြင်းထက် ဈေးကွက်တည်ငြိမ်မှု ရှိပြီး ဝင်ငွေရရှိရန်သေချာမှုရှိသည့် ရေချန်ပုစွန် မွေးမြူရောင်းချခြင်းကို ရေလုပ်ငန်းရှင်များ ပိုမိုစိတ်ဝင်စားလာကြကြောင်း သိရသည်။

မြိတ်မြို့တွင် ပနားမီးရေချန်ပုစွန် မွေးမြူရေးကန်များ စနစ်တကျ မွေးမြူခြင်းဖြင့် ပို့ကုန်နှစ်ဆ တိုးမြှင့်နိုင်ရေးအတွက် အထောက်အပံ့ ပေးလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။

**မြိတ်ကုန်သွယ်ရေးစခန်း**

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပို့ကုန်နှစ်ဆ တိုးမြှင့်တင်ပို့နိုင်ရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိသည့် မြိတ်ကုန်သွယ်ရေးစခန်း

မြိတ်ကုန်သွယ်ရေးစခန်းသည် မြန်မာ့ပို့ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်း နိုင်ငံ၊ မလေးရှားနိုင်ငံတို့အပြင် အဆိုပါနိုင်ငံများမှတစ်ဆင့် တရုတ်နိုင်ငံတို့သို့ ပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည်။

ရေထွက်ကုန်ပစ္စည်းများ အဓိကတင်ပို့ခဲ့သည့် မြိတ်စခန်းသည် ကော့သောင်းစခန်းအား Check point အဖြစ် သတ်မှတ်ပြီးသည့် နောက်ပိုင်းနှစ်များတွင် မြိတ် ပင်လယ်ပြင်မှ ဖမ်းဆီးရမိသည့် ရေထွက်ပို့ကုန်များသည် ကုန်ကျစရိတ်၊ အချိန်သက်သာစေရေးအတွက် ကော့သောင်းထွက်ပေါက်ဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့နေကြခြင်းကြောင့်လည်းကောင်း၊ မြိတ်မှ မောတောင်သို့ ကြာချိန် ၄ နာရီခန့်သာကြာမြင့်သည့် ကားလမ်းပိတ်ထားခြင်းကြောင့် လည်းကောင်း မြိတ်စခန်းအနေဖြင့် ရေထွက်ပို့ကုန်များ သိသိသာသာ လျော့နည်းခဲ့ရသည်။

မူဝါဒအပြောင်းအလဲကြောင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့နိုင်ခြင်းမရှိသော်လည်း ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ရေးအတွက် မြိတ်မြို့ရှိ ငါးအမှုန့် စက်ရုံများမှထွက်ရှိသည့် ငါးအမှုန့်များနှင့် ရော်ဘာကုန်ကြမ်းစက်ရုံမှ ရော်ဘာကုန်ကြမ်းများကို ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ရေး တွန်းအားပေး စည်းရုံးဆောင်ရွက်ခဲ့ပြီး ပြည်ပသို့ လစဉ်တင်ပို့လျက်ရှိသည်။ အချို့ငါးအမှုန့်စက်ရုံများအနေဖြင့် ငါးအမှုန့်များကို မြိတ်-ရန်ကုန်၊ ထိုမှ ပြည်တွင်းမြို့များသို့ တိရစ္ဆာန်အစာ ထုတ်လုပ်ခြင်း သို့မဟုတ် ရန်ကုန်မှ ပင်လယ်ရေကြောင်းအနေဖြင့် တင်ပို့ခြင်းများဆောင်ရွက်လျက်ရှိသည်။ ရော်ဘာကုန်ကြမ်းပစ္စည်းများကို မြိတ်မှ မလေးရှားနိုင်ငံ၊ ပီနန်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြင့်လည်းကောင်း၊ ကျန်ပို့ကုန်များကို မြိတ်မှ ထိုင်းနိုင်ငံ ရနောင်းမြို့သို့လည်းကောင်း အသီးသီး တင်ပို့လျက်ရှိသည်။

ထို့ပြင် မြိတ်မြို့မှ ရေထွက်ပစ္စည်းအများစုသည် ကော့သောင်းစခန်း၊ မောတောင်စခန်းတို့၏ ပို့ကုန်အဖြစ်လည်းကောင်း၊ မြိတ်မြို့ရှိ ရော်ဘာစက်ရုံမှ ရော်ဘာကုန်ကြမ်းများ၊ ငါးအမှုန့်စက်ရုံမှ ငါးအမှုန့်များနှင့် အခြားရေထွက်ပစ္စည်းများသည် ရန်ကုန်မြို့သို့ ရေလမ်း၊ ကုန်းလမ်းဖြင့် သယ်ဆောင်၍ တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြင့် ပင်လယ်ရေကြောင်း ပို့ကုန်အဖြစ်လည်းကောင်း တင်ပို့ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မြိတ်ကုန်သွယ်ရေးစခန်းသည် မိမိ၏ ပို့ကုန်တိုးမြှင့်ရေးကို ဆောင်ရွက်ရုံမျှမက ကော့သောင်း၊ မောတောင်နှင့် ပင်လယ်ရေကြောင်း ပို့ကုန်တိုးမြှင့်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့် ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည်။

ထို့မျှမက ယခင်နှစ်များက တင်ပို့မှုရှိခဲ့ပြီး ယခုတင်ပို့မှု ကွယ်ပျောက်လျက်ရှိသည့် ပို့ကုန်အမယ်များဖော်ထုတ်ခြင်း၊ ပို့ကုန်အမယ်သစ်အတွက် ဈေးကွက်ရရှိရေး ချိတ်ဆက်ပေးခြင်းများကိုလည်း စဉ်ဆက်မပြတ် တွန်းအားပေး ဆောင်ရွက်ခဲ့လျက်ရှိပြီး မြိတ်စခန်း၏ ဘက်စုံတွန်းအားပေး ဆောင်ရွက်မှုများကြောင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှ မေလ ၂၇ ရက်ထိ အမှန်ဆောင်ရွက်နိုင်မှုအနေဖြင့် ပို့ကုန် ၁၁ ကန်ဒေါ်လာ သန်းနီးပါးဆောင်ရွက်နိုင်ခဲ့ပြီး ပို့ကုန်စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းသည် ရော်ဘာကုန်ကြမ်း၊ ၃၅ ရာခိုင်နှုန်းသည် ငါးအမှုန့်တို့ အဓိကတင်ပို့လျက်ရှိသည်။ ကျန်ပို့ကုန်ပစ္စည်းများမှာ ကြက်သွန်နီ၊ သီဟိုဠ်စေ့၊ တံမြက်စည်းနှင့် ခနိုခြောက်တို့ဖြစ်သည်။

ထို့ပြင် မြိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် မန္တလေးတိုင်းဒေသကြီးတို့မှ ထွက်ရှိသည့် ကြက်သွန်နီများကို မြိတ်မှ ရေလမ်းဖြင့် ရနောင်း၊ ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ရေး ကြက်သွန်နီလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်နိုင်ခဲ့ပြီး

**စာမျက်နှာ ၆ သို့**

Commerce

**အတိုင်ပင်ခံစာတည်း**
သောင်းနိုင်
နီနီကျော်

**စာတည်းမှူးချုပ်**
ကျော်ဝင်း

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**အုပ်ချုပ်ရေးမှူး**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရဲမင်းသာ (မကွေး)
သဇင် (မအူပင်)
ကျော်နိုင် (မြိတ်)
မောင်မောင်မြတ်ခိုင် (ဖျာပုံ)
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
မြင့်မြင့်သန်း(ပခုက္ကူ)
သင်းသင်းအေး (မုံရွာ)
မျိုးဝင်းသန့် (မုံရွာ)
ခင်ကြည် (မွန်)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# Yangon Fishery Development Co.,Ltd.

အမှတ် ၉၉/ဘီ၊ ပဲခူးမြစ်လမ်း၊ ငပိ၊ ငါးခြောက်၊ ငံပြာရည် စီမံကိန်းဇုန်၊ ဇုန် (၃)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

09 5096361

myanmaryfd2003@gmail.com

- လတ်ဆတ်တဲ့ ပင်လယ်ငါးကုန်ကြမ်းများနဲ့ သာထုတ်လုပ်ထားသည်။
- **Protein** အဆင့်အတန်း အမျိုးမျိုးရရှိနိုင်သည်။
- ပြည်တွင်းသာမက နိုင်ငံခြားသို့ လည်း တင်ပို့ ရောင်းချလျက်ရှိပါသည်။




















ကြွပ်ကြွပ်ရွရွ
အချဉ်
အစပ်
Oishi
RIBBED
CRACKLINGS
IN
CHICKEN CURRY FLAVOR
ဘော်ဒါကလျှာ မှာ
အရသာတွေတိုးပြီလေ
Oishi
O.Wow!




TRK Group Co.,Ltd's
FUDO
BAKERY
FUDO
BAKERY
Rusk
ORIGINAL
POPCORN
CHOCOLATE
CHIP
COOKIES
Donut
Donut
Cheese bread

# မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပေါ်လျက်ရှိသော စပါး၊ ဆန်စျေးနှုန်းနှင့် စီးဝင်မှုအခြေအနေ

မကွေးတိုင်းဒေသကြီးသည် စပါးကိုဆည်ရေရရှိသော တောင်တွင်းကြီး၊ မြို့သစ်နှင့် ဧရာဝတီမြစ်အနောက်ဘက်ရှိ ပွင့်ဖြူနှင့် စလင်းမြို့များတွင် အများအပြားစိုက်ပျိုးကြသော်လည်း ဆန်လိုတိုင်းဒေသကြီးဖြစ်၍ စပါးအဓိကစိုက်ပျိုးထွက်ရှိရာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်းသွင်းရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဧရာပဒေသာစပါးကို အဓိက စိုက်ပျိုးကြပြီး မေလနောက်ဆုံးပတ်တွင် ဖြစ်ပေါ်နေသော စပါးစျေးနှုန်းများမှာ ဧည့်မထတစ်တင်းလျှင် ကျပ် ၁၇၀၀၀၊ ဆန်စျေးနှုန်းများမှာ **မကွေးခရိုင်တွင်** ပေါ်ဆန်းမွှေး ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၄၈၀၀၀၊ ဧရာ ပဒေသာ ကျပ် ၁၃၅၀၀၀၊ မနောသုခ ကျပ် ၈၀၀၀၀၊ ရတနာတိုး ကျပ် ၇၀၀၀၀၊ **မင်းဘူးခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ် ၁၄၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၀၀၀၀၊ မနောသုခ ကျပ် ၈၀၀၀၀၊ ရတနာတိုး ကျပ် ၇၀၀၀၀၊ **သရက်ခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ် ၁၅၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၀၀၀၀၊ မနောသုခ ကျပ် ၈၁၀၀၀၊ **အောင်လံခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ် ၁၅၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၀၇၀၀၀၊ မနောသုခ ကျပ် ၈၂၀၀၀၊ ရတနာတိုး ကျပ် ၇၂၀၀၀၊ **ချောက်ခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၉၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊ ရတနာတိုး ကျပ် ၇၂၀၀၀၊ **ပခုက္ကူခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ် ၁၄၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၀၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊ ရတနာတိုး ကျပ် ၇၃၀၀၀၊ **ဂန့်ဂေါခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ် ၁၅၉၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၅၀၀၀၊ မနောသုခ ကျပ် ၁၁၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မေလတွင် ယခင်လထက် မကွေးခရိုင်တွင် ပေါ်ဆန်းမွှေးတစ်အိတ်လျှင် ကျပ် ၃၀၀၀၊ အောင်လံခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၅၀၀ ၊ ပခုက္ကူခရိုင်တွင် ဧရာပဒေသာ ကျပ် ၁၀၀၀ စျေးနှုန်းမြင့်တက်ခဲ့ပြီး မကွေးခရိုင်တွင် မနောသုခ ကျပ်၁၁၀၀၀၊ ရတနာတိုး ကျပ် ၂၀၀၀၊ မင်းဘူးခရိုင်တွင် ဧရာပဒေသာ ကျပ် ၃၀၀၀၊ မနောသုခ ကျပ် ၁၇၀၀၀ ရတနာတိုး ကျပ် ၅၀၀၀၊ အောင်လံခရိုင်တွင် မနောသုခ ကျပ်၁၈၀၀၀၊ ရတနာတိုး ကျပ်၁၂၀၀၀၊ ချောက်ခရိုင်တွင် မနောသုခ ကျပ်၇၀၀၀၊ ရတနာတိုး ကျပ် ၆၀၀၀၊ ပခုက္ကူခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၀၀၀၀၊ မနောသုခ ကျပ် ၁၅၀၀၀၊ ရတနာတိုး ကျပ် ၇၀၀၀ စျေးနှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ မေ ၁ ရက်မှ ၂၅ ရက်အထိ မကွေးတိုင်းဒေသကြီးသို့ အခြားတိုင်း ဒေသကြီး/ ပြည်နယ်များမှ ဆန်စီးဝင်မှုမှာ စပါးအဓိကစိုက်ပျိုးထွက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန် ၄၄၈၁၁ အိတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆန်အိတ် ၅၉၇၅၊ ပဲခူးတိုင်းဒေသကြီးမှ ဆန် ၇၈၅၈ အိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဆန်အိတ် ၆၈၈၀၊ မန္တလေးတိုင်းဒေသကြီးမှ ဆန်အိတ်ရေ ၂၀၉၄၀၊ စုစုပေါင်းဆန်အိတ်ရေ ၈၆၄၆၄ အိတ်၊ တန်ချိန် ၄၃၂၃ ဒသမ ၁၅ တန် စီးဝင်ခဲ့ကြောင်း သိရှိရသည်။

**ရဲမင်းသာ (မကွေး)**

# သထုံခရိုင်၏ ဆန်၊ စပါး စျေးနှုန်းနှင့် စီးဝင်/စီးထွက်မှု အခြေအနေ



သထုံခရိုင်အတွင်းရှိမြို့နယ်များတွင် စပါး၊ ဆန်စျေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။ မေလနောက်ဆုံးပတ်တွင် မော်လမြိုင်ခရိုင်သို့ အိတ် ၃၀၀၀ ခန့်၊ ကရင်ပြည်နယ်သို့ အိတ် ၂၀၂၀ ခန့်၊ စုစုပေါင်း အိတ်ရေ ၅၀၂၀ ခန့်၊ တန်ချိန်အားဖြင့် ၂၄၂ တန်ခန့်စီးထွက်ခဲ့ပြီး တတိယပတ်နှင့် နှိုင်းယှဉ်ပါက ပို၍စီးထွက်ခဲ့သည်။

သထုံခရိုင်အတွင်းသို့ မေလ တတိယပတ်တွင် ဆန်စီးဝင်မှုမှာ ရန်ကုန်တိုင်းဒေသကြီးမှ အိတ် ၂၁၀၀ ခန့်၊ ပဲခူးတိုင်းဒေသကြီးမှ အိတ် ၃၀၀၀ ခန့်၊ စုစုပေါင်း အိတ်ရေ ၅၁၀၀ ခန့် တန်ချိန်အားဖြင့် ၂၄၅ တန်ခန့် စီးဝင်ခဲ့ပြီး မေလနောက်ဆုံးပတ်တွင် ရန်ကုန်တိုင်းဒေသကြီးမှ အိတ် ၂၅၀၀ ခန့်၊ ပဲခူးတိုင်းဒေသကြီးမှ အိတ် ၂၆၀၀ ခန့် စုစုပေါင်း အိတ်ရေ ၅၁၀၀ ခန့် တန်ချိန်အားဖြင့် ၂၄၅ တန် ခန့်စီးဝင်ခဲ့ပြီး ပုံမှန်အတိုင်း ဆန်ဝင်ရောက်မှုရှိခဲ့သည်။

သထုံခရိုင်အတွင်း၌ မေလနောက်ဆုံးပတ်တွင် စပါး၊ ဆန်စျေးနှုန်းများမှာ စပါးတင်း ၁၀၀ လျှင် ဒေသပေါက်စျေး ကျားပျံ့ဟိုတယ် ကျပ် ၃၀၀၀၀၀၀ ခန့်၊ ပေါ်ဆန်းဝါ ကျပ် ၂၈၀၀၀၀၀ ခန့်၊ ကမာကြည် ကျပ် ၂၂၀၀၀၀၀ ခန့်၊ ဧည့်မထ ကျပ် ၁၇၀၀၀၀၀ ခန့်နှင့် ၂၄ ပြည်ဝင်ဆန်တစ်အိတ်လျှင် ကျားပျံ့ဟိုတယ် ကျပ် ၁၃၀၀၀၀ခန့်ပေါ်ဆန်းဝါကျပ်၁၁၀၀၀၀ ခန့်၊ ကမာကြည် ကျပ် ၇၈၀၀၀ ခန့်၊ ဧည့်မထ ကျပ် ၆၈၀၀၀ ခန့်ရှိပြီး ယခုတစ်ပတ်တွင် စပါး၊ ဆန်စျေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်း (သထုံ)**

**စာမျက်နှာ ၃ မှအဆက်**

မြိတ်မှ ကြက်သွန်နီ ပြည်ပပို့ကုန် တင်ပို့နိုင်ရေး ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် လွန်ခဲ့သည့် နှစ် နှစ်နီးပါးခန့် စျေးကွက်ဝယ်လိုအား ကွယ်ပျောက်ခဲ့သည့် မြန်မာ့တံမြက်စည်း ပို့ကုန်အမယ်ကို ပြန်လည်တင်ပို့နိုင်ရေးအတွက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ပထမပတ်တွင် ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ တစ်ဖက်နိုင်ငံစျေးကွက်နှင့် ပြန်လည်ချိတ်ဆက် တင်ပို့နိုင်ရေး စည်းရုံးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သည်။

နောင်လာမည့် ကာလများတွင်လည်း ထိုင်းနိုင်ငံဘက်မှ ကြက်သွန်နီနှင့် တံမြက်စည်း ဝယ်လိုအား အမှာစာရရှိထားပြီးဖြစ်သဖြင့် လစဉ်တင်ပို့သွားမည်ဖြစ်ကြောင်းကို တင်ပို့နေသည့် ပို့ကုန် ကုမ္ပဏီလုပ်ငန်းရှင်ထံမှ သိရသည်။ ထိုင်းနိုင်ငံဘက်မှ ဝယ်လိုအားအရ မိမိနိုင်ငံတွင်လည်း တံမြက်စည်း ပြုလုပ်သူများနှင့် ထပ်မံချိတ်ဆက်ဆောင်ရွက်နိုင်ရေး မြိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့ထွက်ကုန်ပို့ကုန်ပစ္စည်းများ ပြည်ပစျေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေးအတွက် မြိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် စျေးကွက် ပျောက်ကွယ်သွားသည့် မြန်မာ့တံမြက်စည်းကဲ့သို့ အခြားပို့ကုန်အမယ်များကို ထပ်မံဖော်ထုတ်၍ ပြန်လည်တင်ပို့နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ပို့ကုန်အမယ်သစ်များ တင်ပို့နိုင်ရေး စျေးကွက်သစ်များ ရှာဖွေချိတ်ဆက်ခြင်းများကို ဆက်လက်တွန်းအားပေး စည်းရုံးဆောင်ရွက်ခြင်းနှင့် လတစ်လ၏ နောက်ဆုံးရက်သတ္တပတ်တွင် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးပြုလုပ်ပြီး ပို့ကုန်လုပ်ငန်းရှင်များ ပြည်ပတင်ပို့ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

**မြိတ်ကုန်သွယ်ရေးစခန်း**

# ဧရာဝတီတိုင်းဒေသကြီး ဆန်/စပါးစျေးကွက်နှင့် စျေးနှုန်း

ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးအများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသော တိုင်းဒေသကြီး တစ်ခုဖြစ်ပြီး နှစ်စဉ်မိုးစပါး၊ နွေစပါးစိုက်ဧက ၅၂သိန်းကျော် စိုက်ပျိုးလျက်ရှိရာ ဒေသတွင်း စားသုံးမှုဖူလုံရေးသာမက ပိုလျှံသည့် ဆန်နှင့် ဆန်ထွက်ပစ္စည်းများကို ပြည်ပစျေးကွက်နှင့် အခြားတိုင်းဒေသကြီး ပြည်နယ်များသို့လည်း လစဉ်တင်ပို့ရောင်းချလျက်ရှိသည်။

**ပုသိမ်ခရိုင်**အတွင်းရှိ ပုသိမ်၊ ကန်ကြီးထောင့်၊ ငပုတောမြို့နယ်များတွင် မေလအတွင်း လူနည်းစုစားသုံးလျက်ရှိသော ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၂၁ သိန်းမှ ၂၂ သိန်း၊ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၁၀၆၀၀၀၊ ပုသိမ်၊ ကန်ကြီးထောင့်၊ ငပုတော၊ သာပေါင်း၊ ရေကြည်၊ ကျောင်းကုန်း၊ ကျုံပျော်မြို့နယ်များတွင် လူအများစု စားသုံးလျက်ရှိသော ဧည့်မထ မိုးစပါး တင်း ၁၀၀လျှင် ကျပ် ၁၄ သိန်းမှ ၁၅ သိန်း၊ ဆန်တစ်အိတ်လျှင် ကျပ် ၆၅၀၀၀-၇၀၀၀၀ အတွင်း အရောင်းအဝယ်ဖြစ်နေပြီး ဒေသတွင်းနှင့် ပြည်တွင်းစျေးကွက်အနေဖြင့် ရန်ကုန်နှင့် အထက်အညာဒေသများ၊ ဆန်လိုသည့် တိုင်းများသို့လည်း လစဉ်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ ခရိုင်အတွင်း မြို့နယ်တစ်ခုနှင့်တစ်ခု စပါး၊ ဆန်အရည်အသွေး၊ စျေးကွက်ဖွံ့ဖြိုးမှု၊ ဝယ်လိုအားပေါ်မူတည်၍ စျေးနှုန်းအနည်းငယ် ကွာခြားမှုရှိပြီး အရောင်းအဝယ် ပုံမှန်ဖြစ်နေကြောင်း စျေးကွက်မှ သိရသည်။

**ဟင်္သာတခရိုင်**အတွင်းရှိဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ အင်္ဂပူ၊ ကြံခင်းမြို့နယ်များတွင် ပေါ်ဆန်းစပါးစိုက်ပျိုးမှု အနည်းငယ်သာရှိပြီး အဓိကမိုးဧည့်မထစပါးများသာ စိုက်ပျိုးကြသည်။ မေလအတွင်း မိုးဧည့်မထ စပါးတင်း ၁၀၀ လျှင် ကျပ် ၁၃သိန်းမှ ၁၅သိန်း၊ စျေးဆန်တစ်အိတ်လျှင် ကျပ် ၆၃၀၀၀-၆၄၀၀၀ အတွင်း အရောင်းအဝယ်ဖြစ်နေသည်။ ဧပြီလနှင့် မေလအတွင်း စျေးနှုန်းပြောင်းလဲမှုမရှိဘဲ ဟင်္သာတခရိုင်အတွင်း အဓိက စျေးကွက်မှာ ဒေသတွင်းနှင့် ရန်ကုန်အထက် အညာဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဟင်္သာတခရိုင် ဆန်စပါးစျေးကွက်မှ သိရသည်။

**မြောင်းမြခရိုင်**အတွင်းရှိ မြောင်းမြ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်များတွင် ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၂၃၀၀၀၀၀၊ ပေါ်ဆန်းဆန်တစ်အိတ်လျှင်ကျပ် ၁၀၅၀၀၀-၁၀၀၀၀၀ စျေးနှင့် မိုးဧည့်မထစပါးတင်း ၁၀၀ လျှင် ကျပ် ၁၄ သိန်း၊ ၁၅ သိန်း၊ ဆန်တစ်အိတ်လျှင် ကျပ် ၇၀၀၀၀- ၇၅၀၀၀ စျေးဖြင့် စျေးကွက်အတွင်း ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မြောင်းမြခရိုင်မှ ထွက်ရှိသော ဆန်၊ ဆန်ထွက်ပစ္စည်းများကို ရန်ကုန်မြို့နှင့် အညာဒေသသို့ အဓိကတင်ပို့လျက်ရှိပြီး ဧပြီလနှင့် မေလအတွင်း စျေးနှုန်းအတက်အကျမရှိကြောင်း မြောင်းမြခရိုင် ဆန်စပါးစျေးကွက်မှ သိရသည်။

**မအူပင်ခရိုင်** မအူပင်မြို့နယ်တွင်သာ ပေါ်ဆန်းထွက်ရှိပြီး ပေါ်ဆန်စပါးတင်း ၁၀၀လျှင် ကျပ် ၂၃၂၀၀၀၀၊ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ နှင့် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့ နယ်များတွင် ဧည့်မထစပါးတင်း ၁၀၀ လျှင် ကျပ် ၁၅သိန်း၊ ဆန်တစ် အိတ်လျှင် ကျပ် ၇၀၀၀၀ စျေးဖြင့် အဓိကရန်ကုန်စျေးကွက်နှင့် အထက်အညာဒေသများသို့ တင်ပို့ရောင်းချလျက်ရှိပြီး အရောင်းအဝယ် ပုံမှန်ဖြစ်လျက်စျေးနှုန်းလည်း တည်ငြိမ်လျက်ရှိကြောင်း မအူပင်ခရိုင် ဆန်စပါးစျေးကွက်မှ သိရသည်။

**ဖျာပုံခရိုင်**အတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များတွင် ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၂၃၈၀၀၀၀၊ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀-၁၁၀၀၀၀ စျေးနှင့် မိုးဧည့်မထစပါးတင်း ၁၀၀ လျှင် ကျပ် ၁၄၇၀၀၀၀၊ ဆန်တစ်အိတ်လျှင် ကျပ် ၆၆၀၀၀-၆၇၀၀၀ အတွင်း အရောင်းအဝယ်ဖြစ်နေသည်။ ဖျာပုံခရိုင်မှ ရန်ကုန်၊ တနင်္သာရီတိုင်းဒေသကြီး နှင့် အထက်အညာဒေသများသို့လည်း တင်ပို့ရောင်းချလျက်ရှိပြီး ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း ဆန်စပါးစျေးကွက်မှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ မတ်လတွင် အိတ်ရေ ၁၅၂၅၁၆၉ စီးထွက်ခဲ့ပြီး ဧပြီလ ရုံးပိတ်ရက်များသော ကာလတွင် အိတ်ရေ ၁၂၇၅၂၈၆ အိတ်စီး ထွက်ခဲ့သည်။ မေလအတွင်း ဆန်စီးထွက်မှုမှာ ၂၄ ရက်အထိ အိတ်ရေ ၁၂၇၉၅၁၀ စီးထွက်ခဲ့ကြောင်း သိရသည်။

**ဧရာမြေ(ပသ)**




# (၂၂) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

(၂၂) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ မိတ်ဆက်ပွဲ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Wyndham Grand Hotel ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် တရုတ်-အာဆီယံကုန်စည်ပြပွဲ အတွင်းရေးမှူးရုံးတို့ ပူး ပေါင်းကျင်းပခဲ့သည်။

ကုန်စည်ပြပွဲ မိတ်ဆက်ပွဲအခမ်းအနားတွင် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဒေါက်တာသက်လွင်ဦးနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး မစ္စတာ ကျမ်းကျစ်ဟုန်တို့က အဖွင့်နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ပြီး တရုတ်-အာဆီယံကုန်စည်ပြပွဲ ဗီဒီယိုအားဖွင့်လှစ်ပြသခဲ့သည်။

ထို့နောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ အတွင်းရေးမှူးရုံး၊ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ လျှန်ရိကွမ်း က (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ကျင်းပမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးမြဟန်မှ UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များအနေဖြင့် (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပူးပေါင်း ပါဝင်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။

ထို့နောက် TGT Tea Co.,Ltd မှ Managing Director ဦးမောင်လွင်က တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အဆိုပါ ကုန်စည်ပြပွဲ မိတ်ဆက်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ တရုတ်-အာဆီယံကုန်စည်ပြပွဲ အတွင်းရေးမှူးရုံး၊ UMFCCI နှင့်ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ နှင့် စိတ်ပါဝင်စားသည့် ကုန်သည်လုပ်ငန်းရှင်များ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့သည်။

(၂၂)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီး(ကွာမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့၌ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ကုန်စည်ပြပွဲ၏ ဂုဏ်ထူးဆောင်နိုင်ငံ Country of Honor အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ပြခန်းဆောင် City of Charm နှင့် ကုန်စည်ပြခန်းဆောင်တို့ကို ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

## ရုရှားဆေးဝါးကုမ္ပဏီက အင်ဒိုနီးရှားတွင် ဆေးဝါးများ မှတ်ပုံတင်ခြင်း စတင်

ရုရှားနိုင်ငံ Binnopharm Group ကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံတွင် ဆေးဝါးမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို စတင်ခဲ့ပြီး ယခုနှစ်အတွင်း ပထမဆုံးရလဒ် ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ ၎င်းသည် အရှေ့တောင်အာရှတွင် ကုမ္ပဏီ၏လုပ်ငန်းများ ရေရှည် ပူးပေါင်းဆောင်ရွက်မှုနှင့် ချဲ့ထွင်မှုများအတွက် အခြေခံဖြစ်ကြောင်း ယင်းကုမ္ပဏီ၏ CEO ဖြစ်သူ Mr. Rustem Muratov က ပြောကြားခဲ့သည်။

Binnopharm Group သည် အင်ဒိုနီးရှားရှိ ရုရှားပို့ကုန်စင်တာ၏ စီးပွားရေးမစ်ရှင်နှင့် Roscongress ဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှုဖြင့် စီစဉ်ကျင်းပသော ရုရှား-အင်ဒိုနီးရှား စီးပွားရေးဖိုရမ်တွင် ပါဝင်ခဲ့သည်။

စီးပွားရေးမစ်ရှင်တွင် ပါဝင်ခြင်းသည် အရှေ့တောင်အာရှနိုင်ငံများအပေါ် တည်ရှိမှုကို ချဲ့ထွင်ရန်အတွက် Binnopharm Group ၏ မဟာဗျူဟာလမ်းစဉ်ကို အတည်ပြုခဲ့သည်။ ကုမ္ပဏီကို မိတ်ဆက်ရုံသာမက အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ဒေသတွင်းရှိ အခြားနိုင်ငံများမှ အလားအလာရှိသော မိတ်ဖက်များ၊ ဖြန့်ဖြူးသူများနှင့် ထုတ်လုပ်သူအများအပြားနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ရုရှားကုမ္ပဏီများအတွက် အရေးပါသော မဟာဗျူဟာ မိတ်ဖက်နိုင်ငံဖြစ်လာခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် ရုရှားနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

**Source :https://www.kommersant.ru/doc/7696128**

**(စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

## ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်းတစ်တန် ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် မေ ၂၉ ရက်တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ နှိုင်းယှဉ်ရာတွင် မတ်ပဲတစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၃၈၈၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၀၁၀၀၀၀ သို့လည်းကောင်း၊ ပဲစင်းငုံတစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၄၄၆၀၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၈၃၅၀၀၀ သို့ လည်းကောင်း အသီးသီး ဈေးကျဆင်းသွားပြီး ပဲတီစိမ်းတစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၀၉၄၄၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၉၉၂၈၀၀ သို့လည်းကောင်း၊ ပဲလွမ်းဖြူအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၁၉၅၄၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၇၅၅၈၀၀ သို့လည်းကောင်း အသီးသီး ဈေးမြင့်တက်သွားသည်ကို တွေ့ရှိရသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ နိုင်ငံခြားကုန်သွယ်မှု အထွေထွေညွှန်ကြားမှုဦးစီးဌာနက ပဲစင်းငုံနှင့် မတ်ပဲ လွတ်လပ်စွာတင်သွင်းခွင့်မူဝါဒကို ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်အထိ သက်တမ်းတိုးလိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံ နှင့် မတ်ပဲအတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် ပဲစင်းငုံနှင့် မတ်ပဲအား စီးပွားဖြစ် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့၏ မေ ၂၉ ရက်တွင်ဖြစ်ပေါ်ခဲ့သည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ် ထားခြင်းဖြစ်သည်။

SWTun (Domestic YGN TC)


၂၉.၅.၂၀၂၅

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းကာလတူနှိုင်းယှဉ်ချက်

ရေတွက်ပုံ- တန်/ကျပ်

| စဉ် | လအမည် | မတ်ပဲ | ပဲစင်းငုံ | ပဲတီစိမ်း | ပဲလွမ်းဖြူ |
|---|---|---|---|---|---|
| ၁ | ၂၀၂၄( မေလ) | ၃၃၈၈၀၀၀ | ၄၄၆၀၀၀၀ | ၂၀၉၄၄၀၀ | ၂၁၉၅၄၀၀ |
| ၂ | ၂၀၂၅(မေလ) | ၃၀၁၀၀၀၀ | ၂၈၃၅၀၀၀ | ၃၉၉၂၈၀၀ | ၂၇၅၅၈၀၀ |

ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ် တို့၏ မေလ ၂၉ ရက်နေ့တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။



ကြော်ငြာစာ

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီးရှိ အောက်ဖော်ပြပါ သိုလှောင်ရုံများနှင့် မြေ(၂) ကွက်တို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၃)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ် စာချုပ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်-

(က) ဒေါပုံမြို့နယ်၊ စတီးဝင်း

Lot(1) (၁) သိုလှောင်ရုံအမှတ်-၁၀ (၈၀'x၃၄'x၁၅') (သွပ်၊ သွပ်/ အင်္ဂတေ၊ ကွန်)

Lot(2) (၂) သိုလှောင်ရုံအမှတ်-၁၄ (၈၀'x၃၄'x၁၅') (သွပ်၊ သွပ်/ အင်္ဂတေ၊ ကွန်)

( ခ ) မရမ်းကုန်းမြို့နယ်၊ နာဂဝင်း

(၁) သိုလှောင်ရုံအမှတ်-၁၇၊ ၁၈၊ ၁၉ (၁၂၀'x၂၇၀'x၁၄') (သွပ်၊ သွပ် ၊ ကွန်)

( ဂ ) လှိုင်မြို့နယ်၊ ဗဟိုလမ်း

Lot(4) (၁) မြေ ၉၀'x ၅၀'

Lot(5) (၂) မြေ ၇၉'x ၈၂'

၂။ အဆိုပါ သိုလှောင်ရုံများနှင့် မြေ(၂) ကွက်တို့အား (၃-၆-၂၀၂၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာဝယ်ယူရမည်ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်းဖွင့်လှစ်ထားသည့် မြန်မာ့စီးပွားရေးဘဏ်တွင် စပေါ်ငွေ ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ တင်ဒါယှဉ်ပြိုင်ရမည့်နေ့ကို ထပ်မံအကြောင်းကြားပါမည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြု လျှောက်လွှာ ဝယ်ယူနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကို ရောင်းချမည် မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၁-၂၅၀၄၃၂ နှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်မြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါ သည်။

တိုင်းဒေသကြီးဦးစီးမှူး
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့
စားသုံးသူရေးရာဦးစီးဌာန

# တောင်ယာစိုက်ပျိုးခြင်းအကျိုးနှင့် သတိပြုရမည့်အချက်

မြန်မာနိုင်ငံသည် စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် စီးပွားရေးစနစ်ဖြစ်သည့်အလျောက် စိုက်ပျိုးရေးကဏ္ဍအတွက် အလေးဂရုပြုဆောင်ရွက်ရန် လိုအပ်သည်။ စိုက်ပျိုးရေးနည်းစနစ်များအနက် တောင်ယာစိုက်ပျိုးရေးနည်းစနစ်သည်လည်း ကဏ္ဍတစ်ရပ်အနေဖြင့်ပါဝင်နေပြီး အနာဂတ်တွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လုပ်ကိုင်သင့်သော စိုက်ပျိုးရေး နည်းစနစ်တစ်မျိုးဖြစ်သည်။

တောင်ယာစိုက်ပျိုးမှုကို များသောအားဖြင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းနှင့် တည်မြဲသော စိုက်ပျိုးရေးဟူ၍ နှစ်မျိုး ခွဲခြားနိုင်သည်။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကို မြန်မာနိုင်ငံအထက်ပိုင်း တောင်ပေါ်ဒေသများတွင်အများဆုံး စိုက်ပျိုးသည်။ "တောင်သူယာလုပ် ဓားမခုတ်"ဟုဆိုသည့်အတိုင်း တောင်သူလယ်သမားတို့သည် စိုက်ပျိုးမည့်မြေနေရာကို ဆောင်းတွင်းကာလတွင် ရှာဖွေတတ်ကြပြီး စိုက်ပျိုးရန်သင့်လျော်သော မြေနေရာ၌ ပေါက်ရောက်နေသော ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်း၍ တောင်ယာကွက်သစ်ဖော်နိုင်ရန်အတွက် မတ်လနှောင်းပိုင်း နောက်ဆုံးထား၍ စိုက်ပျိုးမြေ ရရှိရန်အတွက် ခုတ်ထွင်ရှင်းလင်းခြင်းများကို လုပ်ဆောင်ကြသည်။ ပြီးနောက် ကျန်ရှိနေသော အပင်ခြောက်များအား မီးရှို့ခြင်း၊ ရှင်းလင်းခြင်းများပြုလုပ်ပြီး မိုးဦးကျအချိန်တွင် စတင်စိုက်ပျိုးကြသည်။

တောင်ယာစိုက်ပျိုးရေးကို လှေကားထစ်စိုက်ပျိုးခြင်းနှင့်သော်လည်းကောင်း၊ စူးထိုးမျိုးစေ့ချ စိုက်ပျိုးခြင်းဖြင့်သော်လည်းကောင်း၊ ကြဲပက်စိုက်ပျိုးခြင်းဖြင့်သော် လည်းကောင်း စိုက်ပျိုးကြသည်။ တောင်ယာစိုက်ပျိုးရေးတွင် သီးနှံအများအပြား စိုက်ပျိုးကြပြီး များသောအားဖြင့် ယာစပါး၊ ပြောင်း၊ နှံစားပြောင်း၊ နှမ်း၊ လူးဆပ်နှင့် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြသည်။ အများအား ဖြင့် သီးနှံများကို သုံးမျိုးမှ ငါးမျိုးအထိ အတူတကွ စိုက်ပျိုးကြလေ့ရှိသည်။

တောင်ယာစိုက်ပျိုးရာတွင် စိုက်ပျိုးမြေများအား မီးရှို့ထားသောကြောင့် မြေကြီးများသည် မွနေသဖြင့် စိုက်ပျိုးရာတွင် လွယ်ကူစေပြီး ပေါင်းပင်များလည်း ကင်းဝေးစေသည်။ ထို့ကြောင့် စတင်စိုက်ပျိုးရာတွင် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများအတွက် စရိတ်စက သက်သာစေသည်။ သီးနှံအမျိုးအစား သုံးမျိုးမှ ငါးမျိုးအထိ စိုက်ပျိုးသည့်အတွက် ရာသီဥတုအခြေအနေအရ သီးနှံတစ်မျိုးထက်ပို၍ ဖြစ်ထွန်းကြလေ့ရှိသည်။

"တောင်ယာစိုက်ပျိုးဝင်ငွေတိုး"ဟုဆိုသကဲ့သို့တောင်ယာစိုက်ပျိုးခြင်းသည် ကောင်းကျိုးများရှိသော်လည်း ဆိုးကျိုးများလည်း ရှိနေသေးသည်ကို သတိပြုရပေမည်။ အဓိကအားဖြင့် စိုက်ပျိုးပြီးသည့် မြေများသည် များသောအားဖြင် သုံးနှစ်ကျော်လေးနှစ် နောက်ပိုင်းတွင် မြေဆီလွှာများ ပျက်စီးသွားလေ့ရှိသည်။ ထိုပျက်စီးသွားသော မြေနေရာများတွင် နှစ်ရှည်သီးနှံပင်များ၊ အခြားသစ်မာပင်များနှင့် ပေါက်ရောက်လွယ်သော အပင်များအား ပြန်လည်စိုက်ပျိုးပေးရန်လိုအပ်သည်။ သို့မှသာလျှင် တောင်ပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ ရာသီဥတုမမှန်ကန်ခြင်း စသည့် ဂေဟစနစ်ပျက်စီးခြင်းမှ ပြန်လည်ကာကွယ်နိုင်မည် ဖြစ်သည်။

ထို့ပြင် တောင်ပေါ်ဒေသနေပြည်သူများ၏ မိရိုးဖလာစိုက်ပျိုးမှု နည်းလမ်းများအား ခေတ်စနစ်နှင့် လျော်ညီသော စိုက်ပျိုးရေး နည်းစနစ်များဖြင့် အစားထိုး၍ စိုက်ပျိုးခြင်းဖြင့် ရေ၊ မြေ၊ လေ ဂေဟစနစ်ကိုအတန်အသင့် ပြုပြင် ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ တောင်ယာစိုက်ပျိုးရေးသည် တောင်သူလယ်သမားတို့၏ စားဝတ်နေရေးအတွက်သာမက နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍအတွက်လည်း အထောက်အကူပြုနေသည့်အတွက် နည်းစနစ်များနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

**စားသုံးသူရေးရာဦးစီးဌာန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး။**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၈ .၅ . ၂၀၂၅ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | MT.AU GEMINI | P'Oil(In Bulk) ၄၃၅၀ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | SITC CHANGMING | ကုန်သေတ္တာ ၆၂၁ တင် ၃၀၉ ချဆဲ |
| | HF SPRIT | ကုန်သေတ္တာ ၄၇၃ တင် ၇၂၂ ချဆဲ |
| | SINAR BINTAND | ကုန်သေတ္တာ၁၀၃၀တင် ၉၀၀ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | ISEACO GENESIS | ကုန်သေတ္တာ ဂ၂၆ တင် ၁၀၃၇ ချဆဲ |
| | OTANA BHUM | ကုန်သေတ္တာ၄၇၀ တင် ၅၆၅ချဆဲ( ပူးတွဲလုပ်ဆောင်) |
| အလုံဆိပ်ကမ်းအမှတ်(၁) | SS-1 | Cement တန်ချိန် ၁၅၀၀၀ ချဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၃) | PIONEER HARMONY | ပြောင်းဖူးတန်ချိန် ၂၁၀၀၀ တင်ဆဲ |
| Yangon International Gatewayဆိပ်ကမ်း | MCL-20 | Cement တန်ချိန် ၃၀၁၀ ချဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၂) | HD STAR | ပြောင်းဖူးတန်ချိန် ၁၅၇၀၀ တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | MAEPSK VALENCIA | ကုန်သေတ္တာ ၅၄၆တင် ၂၈၁ ချဆဲ( ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | GOLSAN | ကုန်သေတ္တာ ဂ၅တင် ၅ဂ ချဆဲ( ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၇) | LIMCO SILVER | ဆန်တန်ချိန် ၉၀၀၀ တန်တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၂) | MV MCL-4 | ကုန်သေတ္တာ ဂဝ တင်ဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၁) | PADIAN-3 | ကုန်သေတ္တာ ၄၄တင် ၃၉၅ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | AS SERENA | ကုန်သေတ္တာ ၃၁ဂ တင် ၃၇၂ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၂) | MAEPSK VALENCIA | ကုန်သေတ္တာ ဂဂ၄ တင် ၉၁၃ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| WILMAR JETTY | HANTONE LUCKY | ပြောင်းတန်ချိန် ၁၄၀၀၀ တန်တင်ဆဲ |
| International Bulk Terminal Thilawa | PIONEER FORTUNE | ပြောင်းဖူးတန်ချိန် ၂၅၀၀၀ တန်တင်ဆဲ |
| Myanmar Kong Hua ဆိပ်ကမ်း | DINASTY | Urea တန်ချိန် ၂၆၃၅၀ ချဆဲ |
| မင်းထက်မင်းဆိပ်ကမ်း | MV.MCL-11 | ပြောင်းဖူးတန်ချိန် ၂၇၀၀ တင်ဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| HD STAR | ပြောင်းဖူးတန်ချိန် ၁၅၇၀၀ တင်ရန် | INDIA | ၂၉.၅.၂၀၂၅ |
| VTC GLORY | ပြောင်းတန်ချိန် ၁၅၀၀၀ တင်ရန် | THAI | ၂၉.၅.၂၀၂၅ |
| GUO DIAN-7 | Steel တန်ချိန် ၃၁၀၀၀ချရန် | CHINA | ၂၈.၅.၂၀၂၅ |
| SEA GLASS | Steel တန်ချိန် ၂၅၅၁၄ ချရန် | CHINA | ၂၉.၅.၂၀၂၅ |
| GAT FELLING | ဂျုံတန်ချိန် ၂၀၂၃၀ ချရန် | AUSTRALIA | ၂၈.၅.၂၀၂၅ |
| YA HUSSEIN | Urea တန်ချိန် ၂၂၀၀၀ ချရန် | OMAN | ၂၉.၅.၂၀၂၅ |
| BBC DRAGON | (12) Units Rail Car ၄၃၀ ချရန် | SPAIN | ၁၆.၅.၂၀၂၅ |
| MCL-7 | Urea တန်ချိန် ၂၃၃၂ ချရန် | THAI | ၂၉.၅.၂၀၂၅ |
| NEW JOYFUL | Muriate of Potash တန်ချိန် ၉၂၀၀ ချရန် | CANADA | ၁.၆.၂၀၂၅ |
| HONG LINH-1 | ပြောင်းဖူးတန်ချိန် ၁၂၅၀၀ တင်ရန် | THAI | ၃.၆.၂၀၂၅ |
| TAY SON-2 | ဆန်တန်ချိန် ၁၁၀၀၀ တင်ရန် | PHILIPPNE | ၇.၆.၂၀၂၅ |
| BAO LI | Steelတန်ချိန် ၄၃၁၀၆ ချရန် | CHINA | ၁၃.၆.၂၀၂၅ |
| AN HAI CONFIDENCE | Steel တန်ချိန်၃၇၅၉၆ချရန် | CHINA | ၁၆.၆.၂၀၂၅ |
| KEN ZEN | ဂျုံတန်ချိန် ၂၁၃၀၀ ချရန် | USA | ၂၃.၆.၂၀၂၅ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| OTANA BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၅.၂၀၂၅ |
| GOLSAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၅.၂၀၂၅ |
| MAEPSK VALENCIA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၅.၂၀၂၅ |
| PADIAN-3 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၅.၂၀၂၅ |
| SINAR BINTAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၅.၂၀၂၅ |
| MSC ANDREA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၅.၂၀၂၅ |
| BLPL TRUST | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၆.၂၀၂၅ |
| XO LUCKY | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၆.၂၀၂၅ |
| CAPE FELTON | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၆.၂၀၂၅ |
| SITC HUIMING | SINGAPORE | သီလဝါဆိပ်ကမ်း | ၂.၆.၂၀၂၅ |
| UNI-ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၆.၂၀၂၅ |
| ISEACO WISDOM | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၆.၂၀၂၅ |
| ISEACO FORTUNE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၆.၂၀၂၅ |
| SITC RIZHAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၆.၂၀၂၅ |
| MSC KANU F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၆.၂၀၂၅ |
| CAPE FORBY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၆.၂၀၂၅ |
| SINAR BINTAN | SINGAPORE | စက်မှုဆိပ်ကမ်း | ၇.၆.၂၀၂၅ |
| BAL XIAMEN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၆.၂၀၂၅ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၆.၂၀၂၅ |
| BLPL BLESSING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၆.၂၀၂၅ |
| OTANA BHUM | SINGAPORE | စက်မှု/အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၆.၂၀၂၅ |

### ၁-၅-၂၀၂၅ မှ ၂၉-၅-၂၀၂၅ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1191 | 16 | - | - | - | 1207 |
| | Form AANZ | 38 | 2 | - | - | - | 40 |
| | Form AHK | 2 | - | - | - | - | 2 |
| | Form AI | 229 | 3 | - | - | - | 232 |
| | Form AJ | 68 | - | - | - | - | 68 |
| | Form AK | 317 | 6 | - | - | - | 323 |
| | Form CHINA | 172 | - | - | - | - | 172 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 27 | - | - | - | - | 27 |
| | Form E | 1298 | 18 | - | - | - | 1316 |
| | Form Korea | 41 | 1 | - | - | - | 42 |
| | E Form D | 657 | - | - | - | - | 657 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 4040 | 46 | - | - | - | 4046 |

# မွန်ပြည်နယ်ဒေသထွက် ရာသီစာသီးနှံများ၏ ဈေးနှုန်းဈေးကွက်

မွန်ပြည်နယ်ဒေသတွင်း၌ စိုက်ပျိုးထွက်ရှိသော ရာသီစာသီးနှံများမှာ ယခုလတွင် လှိုင်လှိုင်ထွက်ရှိပြီး ဈေးကွက်အတွင်း ဈေးကောင်းရ၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ၎င်းသီးနှံများမှာ ဒူးရင်းသီး၊ မင်းကွတ်သီး၊ ကြက်မောက်သီး၊ သံပရာသီး၊ သရက်သီး၊ ပိန္နဲသီး၊ တညင်းသီးနှင့် ရာသီစာမျှစ်တို့ ဖြစ်သည်။

**ဒူးရင်းသီး**

ယခုလတွင် ဒူးရင်းသီးသည် ပေါ်ဦးပေါ်စထွက်ရှိသောကြောင့် ဈေးကောင်းရရှိသည်။ မော်လမြိုင်အသီးနှင့် ရေးအသီးများကို ပိုမိုစားသုံးကြ၍ ဈေးကောင်းပိုရသည်။ ဈေးနှုန်းအနေဖြင့် အသီးအရွယ်အစားပေါ် မူတည်၍ ဈေးနှုန်းကွာဟမှုရှိသည်။ ဒူးရင်းသီး(အကြီး)တစ်လုံးလျှင် ကျပ် ၄၀၀၀၀ မှ ၅၀၀၀၀၊ ဒူးရင်းသီး(အလတ်)တစ်လုံးလျှင် ကျပ် ၂၅၀၀၀ မှ ၃၅၀၀၀ အသေးတစ်လုံးလျှင် ကျပ် ၈၀၀၀ မှ ၁၅၀၀ အတွင်းဖြစ်သည်။ အရောင်းအဝယ်အနေဖြင့် ကုန်သည်များ ခြံအရောက် လာရောက်ဝယ်ယူခြင်း၊ ခြံရှင်များမှ သီးနှံအဝယ်ဒိုင်များကို တိုက်ရိုက်ရောင်းချခြင်းနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များ (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်)သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**မင်းကွတ်သီး**

မင်းကွတ်သီးကို မွန်ပြည်နယ်အတွင်း မြို့နယ် ၁၀ မြို့နယ်လုံးတွင် စိုက်ပျိုးလေ့ရှိသည်။ မင်းကွတ်သီးထွက်ရှိသည့် ဧပြီလကုန်နှင့် မေလအစတွင် အသီးများ စတင်ခူးဆွတ်၍ ဈေးကွက်အတွင်း ဝင်ရောက်နေပြီဖြစ်သည်။ ယခုနှစ်တွင် ဒေသစာ၊ ရာသီစာဖြစ်သော မင်းကွတ်သီးများ အထွက်နှုန်းကောင်းပြီး ပေါ်ဦးပေါ်စတွင် မင်းကွတ်သီး ဈေးကောင်းရလျက်ရှိသည်။မင်းကွတ်သီး၏ အရွယ်အစားပေါ် မူတည်၍ ဈေးနှုန်းကွာဟမှုရှိသည်။ မင်းကွတ်သီး(အကြီး)တစ်လုံးလျှင် ကျပ် ၆၀၀၊ အလတ် တစ်လုံးလျှင် ကျပ် ၄၅၀ နှင့် (အသေး)တစ်လုံးလျှင် ကျပ် ၂၅၀ခန့် ရရှိ၍ အရောင်းအဝယ် သွက်လျက်ရှိသည်။ မွန်ပြည်နယ်အတွင်း မင်းကွတ်သီးစိုက်ပျိုးသည့် ဧက ၆၀၀၀ ကျော်ရှိသည်။ မင်းကွတ်သီးအထွက်နှုန်းမှာ ယခင်နှစ်ထက် အသီးထွက်နှုန်းကောင်း၍ စိုက်ပျိုးသူ တောင်သူများ အကျိုးအမြတ် ပိုမိုရရှိသည်။ မွန်ပြည်နယ်အတွင်း ထွက်ရှိသည့် မင်းကွတ်သီးများကို တိုင်းဒေသကြီး/ ပြည်နယ်မြို့နယ်များသို့ အသီးသီးသို့ တင်ပို့လျက်ရှိသည်။

**ကြက်မောက်သီး**

မွန်ပြည်နယ်မှထွက်ရှိသည့် ရာသီပေါ် ကြက်မောက်သီးများ ဈေးကောင်းရရှိနေကြောင်း သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ၏ ပြောဆိုချက်အရ သိရသည်။ မွန်ပြည်နယ်မှထွက်ရှိသည့် အစေ့ကျွတ် ကြက်မောက်သီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၀၀၀ မှ ၁၃၀၀၀ ဝန်းကျင်အထိ ရရှိနေသည်။ လက်လီဈေးအနေဖြင့် ကြက်မောက်သီး တစ်လုံးလျှင် ကျပ် ၂၀၀ နှင့် ၂၅၀ ခန့်အတွင်း ဖြစ်သည်။ မေလသည် ကြက်မောက်သီးထွက်ရှိသောအချိန်ဖြစ်သဖြင့် အရောင်းအဝယ်ကောင်းသည်။ မြို့ပေါ် ဈေးနှင့် အခြားတိုင်းဒေသကြီး ပြည်နယ်များသို့ အဓိကရောင်းကြသည်။ ထို့ပြင် မွန်ပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ကရင်ပြည်နယ်သို့ တင်ပို့လျက်ရှိသည်။ ယခင်နှစ်များထက် ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။

**သံပရာသီး**

သံပရာသီးသည် မေလတွင် အသီးထွက်လှိုင်သော အချိန်ဖြစ်၍ ဈေးကွက်အတွင်း ပိုမိုရောင်းချလျက် ဝယ်ယူသူများပြားသည်။ သံပရာသီးဈေးနှုန်းအခြေအနေမှာ အသေးတစ်လုံးလျှင် ကျပ် ၇၀ မှ၈၀၊ အကြီးတစ်လုံးလျှင် ကျပ် ၁၀၀ မှ ၁၂၀ ဖြင့် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည်။ ရောင်းချသူများအနေဖြင့် သံပရာခြံတို့မှ လက်ကားဈေးနှုန်းများဖြင့် တိုက်ရိုက်ဝယ်ခြင်းနှင့် ပုတ်ပြတ်ဈေးဖြင့် ဝယ်ယူကြကြောင်း သိရသည်။ ၎င်းသံပရာသီးများကို ဈေးကွက်အတွင်း ရောက်ရှိရန် သယ်ယူ ပို့ဆောင်ခ(ကားခ)၊ လုပ်သားခများ၏ကုန်ကျစရိတ်တို့ ရှိသောကြောင့် ဈေးနှုန်းကွာဟမှု (ပြောင်းလဲမှု) ရှိကြောင်း သိရှိရသည်။

**သရက်သီး**

မော်လမြိုင်ဒေသတွင် ရင်ကွဲသရက်သီး၊ မနော်နွယ်သရက်သီး၊ တစုမိတ် သရက်သီးများ အထွက်နှုန်းကောင်း၍ ဈေးကွက်အတွင်း ရောင်းချမှုတွင် ဈေးကောင်း ရရှိနေသည်။ မေလစတုတ္ထပတ်တွင် ရင်ကွဲသရက်သီး ဈေးနှုန်းအခြေအနေမှာ ရင်ကွဲသရက်သီးအမှည့်(အကြီး) တစ်လုံးလျှင် ကျပ် ၆၅၀၊ အမှည့် (အသေး) တစ်လုံးလျှင် ကျပ် ၅၅၀ ဖြစ်သည်။ မနော်နွယ်မျိုးသရက်သီး တစ်လုံးလျှင် ကျပ် ၂၀၀ မှ ၂၅၀ ၊ တစုမိတ်မျိုး (ဘော်လုံးသီး) တစ်လုံးလျှင် ကျပ် ၂၅၀ မှ ၃၅၀ အတွင်းဖြစ်သည်။ မော်လမြိုင်မြို့ ဈေးကွက်အတွင်းအရောင်းအဝယ်ဖြစ်သော ရာသီစာသီးနှံများထဲတွင် သရက်သီးသည် လူကြိုက်များသော သီးနှံမျိုးဖြစ်သည်။

**ပိန္နဲသီး**

နှစ်ရှည်သီးနှံပင်မျိုးဖြစ်သော ပိန္နဲသီးကို ဒေသတွင်း စိုက်ပျိုးထားကြသည်။ နှစ်စဉ် အထွက်နှုန်းကောင်း၊ ဈေးကောင်းရသော ပိန္နဲသီးကို ဒေသတွင်း၌ ကြိုက်နှစ်သက်သလို အမျိုးမျိုး ပြုလုပ်ချက်စားကြသည်။ ယခုနှစ် ပိန္နဲသီး ဈေးကောင်းရ၍ အဝယ်များကြသည်။ မေလတွင် ပိန္နဲသီး(အမှည့်သီး)ကို ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည်။ ဈေးနှုန်းအနေဖြင့် ပိန္နဲသီးတစ်လုံးလျှင် (အကြီး) ကျပ် ၄၀၀၀ မှ ၅၀၀၀ အတွင်း၊ (အသေး) ကျပ် ၂၀၀၀ မှ ၃၅၀၀ အတွင်းဖြစ်သည်။ ပိန္နဲသီးမှာ အိမ်မာနှင့် အိမ်ပျော့ဟူ၍ နှစ်မျိုးရှိပြီး အရသာကွဲပြား မှုရှိသည်။


**ခင်ကြည် (မွန်ပြည်နယ်)**

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၂၇-၅-၂၀၂၅ မှ ၃-၆-၂၀၂၅) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 365 - 375 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 360 - 365 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 355 - 360 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 340 - 350 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 325 - 330 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 380 - 390 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 375 - 380 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 370 - 375 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 360 - 365 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 375 - 380 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 370 - 380 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 365 - 370 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 350 - 360 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 375 - 380 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 370 - 375 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 365 - 370 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 360 - 365 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 395 - 400 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 390 - 395 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 385 - 390 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 355 - 360 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 550 - 560 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 540 - 550 | |
| 24 | A-1 , 2 (Sortexed) | 305 - 315 | |
| 25 | B-1 , 2 (Sortexed) | 280 - 290 | |
| 26 | B-1,2 (Non-Sortexed) | 260 - 275 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်



# မြန်မာ့စိန်တလုံးသရက်သီး ပေါ်ဦးပေါ်ဖျား ဈေးကောင်းရရှိ

မြန်မာနိုင်ငံတွင် သရက်သီးကို ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ဒေသ၊ စဥ့်ကိုင်ဒေသနှင့် ရှမ်းပြည်နယ်တို့တွင် အဓိကစိုက်ပျိုးကြသည်။ စိုက်ပျိုးသည့် သရက်သီး အမျိုးအစားများမှာ မြကျောက်၊ စိန်တလုံး၊ ရွှေဟသ်ာ၊ ရင်ကွဲ၊ မချစ်စု၊ ပတ္တမြားငမောက်နှင့် စိမ်းချိုစသော သရက်သီး အမျိုးအစားများ ဖြစ်ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ရွှေဘို၊ ကန့်ဘလူ၊ ဘုတလင်မြို့နယ်များသည် စိန်တလုံးသရက်ကို အများဆုံးစိုက်ပြီး ပတ္တမြားငမောက်နှင့် စိမ်းချိုစသည့် သရက်မျိုးများကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

မေလဆန်းပိုင်းမှစ၍ ရွှေဘို၊ ဘုတလင်၊ ကနီမြို့နယ်များမှ ဝင်ရောက်လာပြီး မုံရွာမြို့ရှိ ဈေးများသို့ မြန်မာ့စိန်တလုံးသရက်သီးများ ဝင်ရောက်လာပြီး ပေါ်ဦးပေါ်ဖျားဖြစ်၍ ဈေးကောင်းရရှိနေသည်။ သရက်သီးပွဲရုံများတွင် တောင်းပြတ်ရောင်းချလျှင် တောင်းတစ်တောင်းကို လက်ကားဈေး ပျမ်းမျှ တစ်လုံး ကျပ် ၅၀၀ နှုန်းဖြင့် အလုံးရေ ၁၂၀ ကို ကျပ် ၆၀၀၀၀ ဖြင့်လည်းကောင်း၊ ခြင်းတစ်ခြင်းလျှင် အလုံးရေ ၁၀၀ ကို ငွေကျပ် ငါးသောင်းဖြင့် ရောင်းချလျက်ရှိသည်။ ရွေးကောက်ရောင်းချလျှင် သရက်သီး အလုံး အသေး/အကြီးအမျိုးအစား ပေါ်မူတည်၍ ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ အထိ ရောင်းချရပြီး ဈေးကွက်အတွင်း အရောင်းသွက်လျက်ရှိသည်။ တစ်ရက် ရောင်းချရမှုမှာ သရက်သီးတောင်းရေ ၁၀၀ မှ ၁၅၀ ခန့်ထိ ရောင်းချရပြီး ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များသို့ ပို့ဆောင်ကြောင်း သရက်သီးပွဲရုံမှ သိရသည်။

လက်လီဈေးသည်များလည်း ပွဲရုံမှ ဖောက်သည်ဈေးယူကာ တစ်ဆင့်ရောင်းချရာ တစ်ရက်လျှင် တောင်းရေ ၁၀ လုံးခန့် ရောင်းချရကြောင်း သိရှိရပြီး စိန်တလုံးသရက် လှိုင်လှိုင်ပေါ်နေသည့် အချိန်ဖြစ်၍ ရောင်းအား အကောင်းဆုံးသီးနှံဖြစ်ရာ ရောင်းချသည့် ပွဲရုံ လက်ကားဒိုင်နှင့် လက်လီဈေးသည်များပါ အမြတ်များရလျက်ရှိကြောင်း သိရသည်။

**သင်းသင်းအေး (မုံရွာ)**



# တိုင်းဧရာမှ ရေချိုငါးတန်မွေးမြူရေး

**သဇင်(မအူပင်)**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဘုရားကျောင်း ရေနက်ကွင်းအနီးတွင် ငါးမွေးမြူခြင်း၊ စပါးစိုက်ပျိုးခြင်းတို့ကို နိုင်ငံတော် ခွင့်ပြုချက်များရယူ၍ ၁၉၉၈ ခုနှစ်ကတည်းက စတင်လုပ်ကိုင် ဆောင်ရွက်ခဲ့သည်။

လက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် တည်ရှိပြီးသော ရေချိုငါး (ငါးတန်) မွေးမြူရေးကန်မှ စုစုပေါင်းဧက ၉၈၀ အနက် မြေသားကန် ၄၀၃ ဧကတွင် အကောင်ရေ ၇၃၀၀၀၀၀ ကို မွေးမြူလျက်ရှိကြောင်း သိရသည်။ ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒနှင့်အညီ မှတ်ပုံတင်တည်ထောင်ခဲ့ပြီး ငါးအခြေခံစားသောက်ကုန်များထုတ်လုပ်မည့် ဘက်စုံစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ၂၀၁၉ ခုနှစ်မှစ၍ ငါးကန်များကို အဆင့်မြှင့်တင်ခြင်း၊ ရေဝင်ရေထွက် ကောင်းမွန်လာစေရန် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများ ပြုလုပ်ခဲ့ကာ ခေတ်မီနည်းစနစ်များကို အသုံးပြု၍ ငါးမွေးမြူခြင်းများကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

### တစ်နှစ်အတွင်း ထုတ်လုပ်နိုင်မှု အခြေအနေ

ရေချို ငါးမွေးမြူရေးကန်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရေချိုငါး ၇၃၀၀ တန် မွေးမြူထုတ်လုပ်နိုင်ခဲ့ပြီး မွေးမြူဧက ၄၀၃ ဧကရှိကာ တစ် ဧက ထုတ်လုပ်မှုမှာ ၁၈ ဒသမ ၁၁ တန် ထုတ်လုပ်နိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍ ၂၀၂၅ခုနှစ်တွင်လည်း မွေးမြူထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်းစားသုံးရန် ဖြန့်ဖြူးသည့်အပြင် ပြည်ပပို့ဆောင်ရေးအတွက် ငါးအသား အေးခဲသည့်စက်ရုံ၊ စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံပါအဝင် အထွေထွေလုပ်ငန်း ဆောင်ရွက်ရန် စီမံလျက်ရှိကြောင်း သိရသည်။ ယခုအခါ ငါးမွေးမြူရေးတွင် ခေတ်မီ နည်းစနစ်ဖြင့် မြေသားကန်၊ သံကန် စုစုပေါင်း ၃၁၇ ကန်ရှိပြီး ငါးတန်အမျိုးအစားအကောင်ရေ ၇၃၀၀၀၀၀ ကိုမွေးမြူလျက်ရှိသည်။ ထို့ပြင်စတီးကန်များ ပြုလုပ်ကာ စမ်းသပ် မွေးမြူနေပြီး ငါးမွေးစတီးကန် ၉၀အနက် ၂၆ ကန်တွင် တစ်ကန်လျှင် ငါးတန်ကောင်ရေ ၈၀၀၀၀ မွေးမြူထားရာ ၂၆ ကန်တွင် ငါးကောင်ရေ သိန်း ၂၀ကျော်မွေးမြူထားသည်ဟုသိရသည်။ တစ်ကန်လျှင် အကောင်ရေ ၈၀၀၀၀ မှ ၁၃၀၀၀၀ ကျော်ထိ မွေးမြူနိုင်ရန် တိုးချဲ့သွားမည်ဟု သိရသည်။ ရေချိုငါးမွေးကန်(မြေသားကန်နှင့် သံကန်) မှ လစဉ် ရေချိုငါးတန် တန် ၅၀၀ ဝန်းကျင်ထုတ်လုပ်နိုင်ပြီး ဒေသတွင်း ဖြန့်ဖြူးရောင်းချကာ ရေချိုငါး မွေးမြူရေးကန်များမှ နေ့စဉ် ၁၀ တန်မှ ၂၅ တန်ကြား ဖမ်းယူပြီး ပြည်တွင်းဈေးကွက်သို့ ရောင်းချနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ငါးသားဖောက်ချိန်မှာ နှစ်စဉ်မတ်လမှ နိုဝင်ဘာလအထိဖြစ်သည်။ ငါးအရွယ်အစားမှာ 1kg or 1.2kg အရွယ် ရောက်ရန်အတွက် တစ်နှစ်ကြာ မွေးမြူပါက တင်ပို့နိုင်ကြောင်း၊ တင်ပို့ပါက ငါးအကောင်လိုက်တင်ပို့ခြင်း၊ ငါးအသားပါကင်ထုပ်ပို့ခြင်း နှစ်မျိုးရှိကြောင်း သိရသည်။ ကုမ္ပဏီမှ ငါးတင်ပို့မှုကို ရန်ကုန်ကို အဓိကထားတင်ပို့ပြီး တစ်နှစ်တင်ပို့နိုင်မှု ပမာဏတန်ချိန်မှာ ၃၆၀၀၀၀ တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မှ တစ်ဆင့် ပြည်ပတင်ပို့ခြင်းများရှိပြီး နိုင်ငံတကာအဆင့်မီ Integrated Food Industry Complex ပြီးစီးပါက USA, Europe, China, Korea, Japan, Middle East and Asean Countries များသို့ တင်ပို့ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါးတန်သည် အလယ်ကျောရိုးတစ်ချောင်းသာပါရှိပြီး အသားပေါများသော ငါးဖြစ်၍ ကမ္ဘာ့အဖြူရောင်ငါးများတွင် ပါဝင်ပြီး အနံ့မရှိအောင် မွေးမြူခြင်းဖြစ်သည်။ ဇီဝလုံခြုံမှုကောင်းမွန်စေရန်အတွက် ရေချိုငါးများ မွေးမြူရာတွင် အသုံးပြုသောရေများကို ရေသွင်းမြောင်းနှင့် ရေထုတ်မြောင်း သီးသန့်စီထားရှိ၍ အသုံးပြုထားကြောင်း သိရသည်။

ငါးမွေးမြူရာတွင် ငါးအစာသည် အဓိကလိုအပ်ချက်ဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းစနစ်များကိုယူ၍ ခေတ်မီနည်းပညာများပေါင်းစပ်ကာ ဒေသတွင်းထွက်ရှိသည့် ဘေးထွက်ပစ္စည်းများ အသုံးပြု၍ လျှပ်စစ်ထုတ်လုပ်ခြင်း၊ ငါးအစာထုတ်လုပ်ခြင်း၊ စက်ရုံကုန်ကြမ်းလိုအပ်ချက်ဖြည့်ဆည်းပေးခြင်းတို့ဖြင့် ဒေသခံ ပြည်သူများ လူမှုစီးပွား တိုးတက်ရန် စီမံကိန်းချမှတ်ဆောင်ရွက် လျက်ရှိသည်။ စီမံကိန်းပြီးစီးပါက လူဦးရေ ၆၀၀၀ နှင့် ဆက်စပ်လူဦးရေ ၅၀၀၀၀ ကျော်ထိ အလုပ်အကိုင်ရရှိနိုင်သည်ဟု သိရသည်။

ရေချိုငါးမွေးမြူရေးကုမ္ပဏီသည် ယခုလက်ရှိတွင်မွေးမြူထားသော ရေချိုငါးများကို ပြည်တွင်းဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး အဆင့်မြင့်ထုတ်ကုန်အနေဖြင့် အေးခဲပြုပြင်ပြီး အသားလွှာများနှင့် အခြားသော တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းများဖြစ်သည့် ငါးအသားချောင်း၊ ငါးအသားလုံး၊ ငါးအရေခွံကြော် အစရှိသည်တို့ကို ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် ပြုပြင်အေးခဲစက်ရုံကိုလည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

လက်ရှိကာလတွင် မွေးမြူရေးလုပ်ငန်း၊ စက်ရုံတည်ဆောက်ရေး လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသူဦးရေ ၃၀၀ ကျော်ရှိသည်။ စက်ရုံတည်ဆောက်ပြီး လုပ်ငန်းများ လည်ပတ်သည့်အချိန်တွင် ကျွမ်းကျင်ဝန်ထမ်းများအား အချိန်ပြည့်၊ အချိန်ပိုင်း အပါအဝင် အလုပ်အကိုင်ပေါင်း မြောက်မြားစွာ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ပြည်တွင်းစားသုံးရန် ရန်ကုန်ဈေးကွက်သို့ နေ့စဉ် ငါးတန်ပိဿာချိန် ၇၃၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ပြီး ငါးတန် တစ်ပိဿာလျှင် ကျပ် ၄၅၀၀-၅၀၀၀ ဈေးရရှိခဲ့သည်။ ယခုနှစ်မေလတွင် ငါးတန်တစ်ပိဿာလျှင် ကျပ် ၇၀၀၀-၈၀၀၀ ဈေးပေါက်နေသည်။ မတ်လက ဖြစ်ပွားခဲ့သော ငလျင်သဘာဝ ဘေးအန္တရာယ်များကြောင့် ရန်ကုန်သို့တင်ပို့မှု မရှိသေးဘဲ ပြည်သူများ သက်သာသောဈေးဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ဌာနဆိုင်ရာများနှင့် ငါးလုပ်ငန်းအဖွဲ့တို့ ချိတ်ဆက်ပူးပေါင်း၍ ဒေသတွင်း ပြည်သူများနှင့် ငလျင်ဘေးသင့် ဒေသများရှိ ပြည်သူများကို သက်သာသောဈေးဖြင့် တစ်ပိဿာလျှင် ကျပ် ၇၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ငါးတန် ၈၀-၉၀ ကျပ်သားအရွယ်ရှိ ငါးများကို ရန်ကုန်ဈေးကွက်တွင် ငါးတန်ခြောက်ပြုလုပ်ရောင်းချလျက်ရှိသကဲ့သို့ လက်ရှိ ငါးတန်ခြောက်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၃၅၀၀၀ ဈေးဖြစ်ပေါ်နေပြီး ပြည်တွင်းဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည့်အပြင် ပြည်ပမှ ကြိုက်နှစ်သက်မှုရှိသည့်အတွက် ဈေးကွက်ဝင် အရည်အသွေး ကောင်းမွန်သော ငါးတန်များကို ငါးအသားလွှာပြုလုပ်၍လည်း ထုတ်လုပ်တင်ပို့မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန် ပြင်ဆင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ကုမ္ပဏီငါးမွေးမြူရေး တာဝန်ခံကပြောသည်။

ရေချိုငါးမွေးမြူရေးကုမ္ပဏီမှ လက်ရှိဆောင်ရွက်နေသော စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံ စက်မှုလုပ်ငန်း (Integrated Agro & Aqua based Industry Project) အား မြန်မာနိုင်ငံ၏ အစားအသောက်ဖူလုံမှု၊ လူမှုရေး၊ စီးပွားရေးနှင့် အလုပ်အကိုင်ရရှိရေး၊ နိုင်ငံခြားဝင်ငွေရရှိရေးတို့အတွက် အရေးကြီးကဏ္ဍတစ်ရပ်အဖြစ် ခံယူပြီး ပြည်တွင်း၊ ပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပူးပေါင်း၍ ကမ္ဘာ့အဆင့်မီ seafood products ထုတ်လုပ်နိုင်သည့် အဆင့်ထိ ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း အလုပ်အကိုင်သစ်များ ပေါ်ထွက်လာစေခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးပြီး လူနေမှုစနစ် တိုးတက်လာစေခြင်း၊ သွင်းကုန် အစားထိုးနိုင်ခြင်း၊ ပြည်ပပို့ကုန်တိုးမြင့်လာပြီး နိုင်ငံခြားဝင်ငွေပိုမိုရရှိနိုင်ခြင်း အစရှိသည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ ယုံကြည်အားထားရသော စီမံကိန်း လုပ်ငန်းကြီးတစ်ခုအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိနိုင်ရန် ရေးသားလိုက်ရပါသည်။

# ကျိုက်လတ်မြို့မှ ဈေးကွက်ဝင် ငါးရံ့ခြောက်လုပ်ငန်း

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလက်မှုလုပ်ငန်းများ အဓိကလုပ်ကိုင်လျက်ရှိပြီး မြစ်၊ ချောင်း၊ အင်းအိုင်ပေါများ၍ သဘာဝအလျောက်ဖမ်းဆီးရမိသော ဒေသထွက်ငါးရံ့များကို ငါးရံ့ခြောက်ပြုလုပ်ကာ တစ်နှစ်ပတ်လုံး ဈေးကွက်တွင် ရောင်းချလျက်ရှိသည်။

ကျိုက်လတ်မြို့ပေါ်တွင် ငါးရံ့ခြောက်လုပ်ငန်းရှင် ၁၀ ဦးခန့်ရှိပြီး ငါးရံ့ခြောက်ပြုလုပ်ရန်အတွက် ငါးရံ့အစို ၁၅ ကျပ်သား၊ ၂၀ ကျပ်သားရှိသော ငါးအကောင်များကို ရွေးချယ်ဝယ်ယူရသည်။ ဝယ်ယူထားသော ငါးရံ့များအား ခေါင်းဖြတ်၊ အူထုတ်၊ ကျောခွဲ၊ ဗိုက်ခွဲ၍ အလယ်ရိုးထုတ်ပြီး အပေါ်အရေခွံခွာ၍ မြောင်းခွဲကာ ဆားနှင့်နယ်ပြီး ၄/၅ ရက်ခန့် နေလှန်းပြီးပါက ငါးရံ့ခြောက်အဖြစ်ရရှိသည်။ ငါးရံ့ခြောက်ကုန်ချောရရှိရန် ငါးရံ့ခြောက်အား သုံးမိနစ်ခန့် ရေစိမ်ပြီးရေစစ်၍ မွလာအောင် ထုရသည်။ ထုမွပြီးသော ငါးရံ့ခြောက်များကို နောက်တစ်ခါ မီးသွေးမီးဖိုဖြင့် သံဆန်ခါခံ၍ မီးကင်ရသည်။ မီးကင်ပြီး ကြွပ်ရွလာသော ငါးခြောက်များအား ဇလုံထဲသို့ ဆီထည့်၍ မွှေပေးရသည်။ ပြီးလျှင် ဇလုံမှဆယ်ယူကာ ဆီစစ်ထားသော ငါးရံ့ခြောက်များကို ချိန်တွယ်၍တစ်ဆယ်ကျပ်သား တစ်ထုပ်ကျပ် ၂၆၀၀၀၊ ငါးကျပ်သား တစ်ဘူး ကျပ် ၁၄၀၀၀ နှင့် ၂ ကျပ်ခွဲသား တစ်ဘူး ကျပ် ၇၀၀၀ ဈေးဖြင့် ဒေသတွင်းနှင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ပြည်တွင်းစားသုံးမှုရှိသည့်အပြင် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေသူများနှင့် အလည်အပတ် သွားရောက်သူများကလည်း မှာယူစားသုံးလျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။

ကျိုက်လတ်မြို့နယ် ဒေသထွက်ကုန် ငါးရံ့ခြောက်များကို တိုင်းဒေသကြီးအတွင်းနှင့် နေပြည်တော်တွင် ကျင်းပသော ပြပွဲများတွင် ဒေသထွက်ကုန်ပြခန်းများအဖြစ် ပါဝင်ပြသရောင်းချလျက်ရှိသလို မြန်မာလူမျိုးတို့ နှစ်ခြိုက်စွာ စားသုံးနေသော ငါးရံ့ခြောက် စားသောက်ကုန်လုပ်ငန်းမှာ MSMEs ထုတ်ကုန်အနေဖြင့် ပြည်တွင်း၊ ပြည်ပတွင် ဈေးကွက်ဝေစုရရှိရန် အလားအလာကောင်းများရှိနေကြောင်း ငါးရံ့ခြောက်လုပ်ငန်းရှင်များထံမှ သိရသည်။

ဖျာပုံ (DOCA)



# မန္တလေးတိုင်းဒေသကြီး၏ လယ်ယာထွက်ကုန်

### နေကြာ

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်တွင် နေကြာဆီထွက်သီးနှံကို ပန်းရွာ၊ ဆေးခင်း၊ စီထိန်း၊ တမာပင်၊ ရှောက်ပင်ရိုး၊ ဘုံသာ၊ ဘုရားထူး၊ ထမင်းဆိုင်ကျေးရွာနှင့် ရွာသစ်ကျေးရွာများတွင် ပိုမိုစိုက်ပျိုးကြသည်။ စိုက်ပျိုးသော မျိုးများမှာ ဆင်းရွှေကြာ-၂၊ ရေဆင်း-၁ မျိုးနှင့် ဒေသမျိုးများကို အဓိက စိုက်ပျိုးကြသည်။ ဇူလိုင်လနှင့် ဩဂုတ်လတွင် စတင်စိုက်ပျိုးကြပြီး စက်တင်ဘာလနှင့် အောက်တိုဘာလတွင် ရိတ်သိမ်းကြသည်။ ရိတ်သိမ်းချိန်တွင် နေကြာဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၆၅၀၀-၆၈၀၀ ရှိခဲ့ပြီး ယခုအခါ မေလတွင် တစ်ပိဿာလျှင် ကျပ် ၇၁၀၀-၇၂၀၀ ထိ ဈေးနှုန်းမြင့်တက်နေကြောင်း သိရသည်။ မိမိအိမ်တွင် တစ်နှစ်ပတ်လုံး စားသုံးရန် သိုလှောင်ထားပြီး မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

### စွန်တာပြာ

ငါန်းဇွန်မြို့နယ်တွင် စွန်တာပြာပဲသီးနှံကို မြောက်ကျွန်း၊ ရေလည်သောင်၊ သားကျင်၊ လက်ပံသာ၊ ဆင်တပ်၊ သပြေသာ၊ ကုလားရွာ၊ ငါန်းလွန့်ကျေးရွာတွင် ပိုမိုစိုက်ပျိုးကြသည်။ စိုက်ပျိုးသော မျိုးများမှာ မုံရွာထွက်တိုးနီမျိုးနှင့် ဒေသမျိုးများကို အဓိကစိုက်ပျိုးကြသည်။ ဩဂုတ်လတွင် စတင်စိုက်ပျိုးကြပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းပြီး ပေါ်စချိန်တွင် စွန်တာပြာ တစ်ပိဿာလျှင် ကျပ် ၄၀၀၀-၄၁၀၀ ဈေးနှုန်းရှိပြီး ယခုအခါ မေလတွင် စွန်တာပြာပဲ တစ်ပိဿာလျှင် ကျပ် ၅၀၀၀-၅၁၀၀ ထိ ဈေးမြင့်တက်လာပြီး မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

### ပဲပုပ်

ငါန်းဇွန်မြို့နယ်တွင် ပဲပုပ်သီးနှံကို မြောက်ကျွန်း၊ ရေလည်သောင်၊ သားကျင်၊ လက်ပံသာ၊ ဆင်တပ်၊ သပြေသာ၊ ကုလားရွာ၊ ငါန်းလွန့်ကျေးရွာတွင် ပိုမိုစိုက်ပျိုးကြသည်။ စိုက်ပျိုးသော မျိုးများမှာ ရေဆင်းမျိုးနှင့် ဒေသမျိုးများကို အဓိက စိုက်ပျိုးကြသည်။ မေလတွင် ပဲပုပ်တစ်ပိဿာလျှင် ကျပ် ၅၁၀၀-၅၂၀၀ ထိ ဈေးနှုန်းရှိပြီး မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

### မိုးနှမ်း

ဧပြီလကုန်မေလဆန်းတွင် မိုးများ စတင်ရွာပြီဖြစ်သဖြင့် ငါန်းဇွန်မြို့နယ် စီထိန်း၊ တမာပင်၊ အောက်ရိုး၊ ရွာသာ၊ နတ်စိမ်း၊ ထနောင်းပင်၊ မြို့သာ၊ သရက္ကန်၊ ညောင်ပင်ကုန်း၊ အောင်ချမ်းသာကျေးရွာနှင့် ကုန်းသာကျေးရွာများတွင် မိုးနှမ်းများ စတင်စိုက်ပျိုးပြီးဖြစ်သည်။ စိုက်ပျိုးသော မျိုးများမှာ မကွေး ၁/၁၃၊ ရိုးစိမ်း၊ ရှပ်ကလေးမျိုးနှင့် ဒေသမျိုးများ စိုက်ပျိုးကြသည်။ ယခင်နှစ်က မိုးဦးကောင်းသဖြင့် နှမ်းအထွက်နှုန်းကောင်းပြီး ဈေးကောင်းလည်း ရရှိသောကြောင့် တောင်သူများလည်း အကျိုးအမြတ်ရရှိကြောင်း သိရသည်။ ယခင်နှစ်ပေါ်စအချိန်တွင် နှမ်းတစ်ပိဿာလျှင် ကျပ် ၆၅၀၀-၇၀၀၀ထိ ဈေးနှုန်းရှိပြီး မန္တလေးမြို့နှင့် ကျောက်ဆည်မြို့များသို့ ရောင်းချကြောင်း သိရသည်။

### ပဲလွမ်း

ရေလည်သောင်၊ မြောက်ကျွန်း၊ ဆင်တပ်၊ သပြေသာ၊ ငါန်းလွန့်၊ လက်ပံသာကျေးရွာနှင့် မိုးတောင်ကျေးရွာများတွင် စိုက်ပျိုးကြပြီး ယခုနှစ်တွင် ပဲလွမ်းပေါ်စအချိန်တွင် တစ်ပိဿာလျှင် ကျပ် ၃၇၀၀-၃၈၀၀ နှင့် မေလတွင် ကျပ် ၃၈၀၀-၄၁၀၀ ထိရှိပြီး မြင်းမူမြို့နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြောင်းသိရသည်။

### အစေ့ထုတ်ပြောင်း

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်၌ မေလတွင် အစေ့ထုတ်ပြောင်း တစ်ပိဿာလျှင် ကျပ် ၁၅၅၀ ဈေးပေါက်ပြီး တောင်သူများက မြင်းခြံမြို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချကာ အကျိုးအမြတ် ရရှိကြောင်း၊ အစေ့ထုတ်ပြောင်းစိုက်တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**သင်းသင်းဆွေ၊ သူဇာမိုး**


## နိုင်ငံခြားငွေကြေး လဲလှယ်နှုန်းထားများ တည်ငြိမ်လျက်ရှိ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဈေးကွက်အတွင်းသို့ နိုင်ငံခြားငွေကြေးများ ဆက်တိုက်ထုတ် ရောင်းပေးလျက်ရှိရာ လက်ရှိပြည်တွင်းငွေကြေးဈေးကွက်အတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်းထားများ တည်ငြိမ်လျက်ရှိပြီး အရောင်းအဝယ်ပုံမှန်ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်းသို့ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် Fx Trading Platform မှတစ်ဆင့် နိုင်ငံခြားငွေများ ဆက်တိုက်ထုတ်ရောင်းပေးလျက်ရှိပြီး ယင်းသို့ နိုင်ငံခြားဈေးကွက်အတွင်း အမေရိကန်ဒေါ်လာများ ဆက်တိုက်ထုတ်ရောင်းပေးခြင်းကြောင့် နိုင်ငံခြားငွေလဲနှုန်းမှာ သိသိသာသာ ကျဆင်းလာလျက်ရှိကာ အရောင်းအဝယ် ပုံမှန်ဖြစ်ပေါ်လျက်ရှိသည်။

ယင်းအပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်များအား ဘဏ်လုပ်ငန်းလိုင်စင်ထုတ်ပေးထားပြီး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ စောင့်ကြည့်ကြပ်မတ်ကွပ်ကဲလျက်ရှိကြောင်း၊ ဘဏ်များကလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ ဘဏ်ဝန်ဆောင်မှုများအား ဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင်လည်း နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD)လိုင်စင်ရ ဘဏ်များမှလည်း ငွေလဲကောင်တာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရောင်းဝယ်ခွင့်ပြုထားသည့် ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ၊ ထိုင်းဘတ်၊ မလေးရှားရင်းဂစ်၊ တရုတ်ယွမ်နှင့် ဂျပန်ယန်း နိုင်ငံခြားငွေကြေးတို့အား ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ **ကိုတိုး**



## ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး ၅၇ သိန်းကျော်တွင်ရှိနေ

သိပ်သည်းဆ ၁၉ ဒသမ ၂၅ နှင့်အထက်ရှိသော စံချိန်မီရွှေ တစ်ကျပ်သား (၁၆. ၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ကျပ် ၅၇၆၀၀၀၀ ဖြစ်ကြောင်း ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီမှ သတ်မှတ်ထားကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)အရ ပြည်ထောင်စုအစိုးရအဖွဲ့က အပ်နှင်းသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို ကျင့်သုံး၍ ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ခဲ့ပြီးနောက် နေ့စဉ်ရွှေရည်ညွှန်းဈေးနှုန်းအား သတ်မှတ်ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် စံချိန်မီရွှေ ရည်ညွှန်းဈေးအတိုင်း ရောင်းဝယ်ခြင်းမရှိသူများနှင့် ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လိုင်စင်လျှောက်ထားမှုမရှိသူများ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အသိပေး ကြေညာထားကြောင်း သိရသည်။

**ကိုတိုး**

# ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်နီမျိုးဥ(ဇော်မွား) စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်အတွင်းရှိ အနောက်ပိုင်း ရွာသစ်ရပ်ကွက်နှင့် ကိုးတောင့်၊ အောက်ဆိပ်အုပ်စုနှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် ယောချောင်း၊ ချစ်ချောင်းနံဘေး ရှိ ကျေးရွာများတွင် ကြက်သွန်နီသီးနှံကို မိုးစိုက် (ဥစိုက်)၊ ဆောင်းစိုက် (ပင်စိုက်) မျိုးစေ့အနှံယူ စိုက်ခင်းများအပြင် မျိုးစေ့မှတစ်ဆင့် မျိုးဥယူ (ဇော်မွား) စိုက်ခင်းများကို ဒေသတွင်းရှိ တောင်သူများမှာ တစ်ပိုင်တစ်နိုင်အဖြစ်လည်းကောင်း စီးပွားဖြစ်လည်းကောင်း စိုက်ပျိုးကြသည်။ ယခင်နှစ်က ကြက်သွန်နီ မျိုးဥ (ဇော်မွား) စိုက်ဧက ၁၅၀ ခန့် စိုက်ပျိုးခဲ့ရာ ယခုနှစ်အတွင်း ကြက်သွန်နီမိုးစိုက် (ဥစိုက်) စိုက်ပျိုးချိန်တွင် ဈေးကွက်ဝယ်လိုအား ကောင်းမွန်ခြင်းကြောင့် ကြက်သွန်နီများ အရောင်းအဝယ်ဖြစ်၍ မျိုးဥဈေးနှုန်းများလည်း မြင့်တက်လာသည့်အတွက် ကြက်သွန်နီမျိုးဥ (ဇော်မွား) စိုက်ဧက ၂၀၀ ခန့်အထိ ပိုမိုတိုးချဲ့စိုက်ပျိုးလာကြကြောင်း ဒေသခံ တောင်သူတစ်ဦးထံမှ သိရသည်။

စိုက်ပျိုးမှုအနေဖြင့် မြစ်ချောင်းတစ်လျှောက်ရှိ သဲနုန်းမြေများတွင် အများဆုံးစိုက်ပျိုးကြပြီး အစေ့ကြဲပက်၊ အကန့်ဖော် ဘောင်တင်ပြီး ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးကြသည်။ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ကြက်သွန်နီမျိုးစေ့ ၁၆ ပြည်ခန့် ကြပက်စိုက်ပျိုးရပြီး မျိုးစေ့တစ်ပြည်လျှင် အပင်ပေါက်စုံပြီး ကြီးထွားမှုပေါ်မူတည်၍ (ဇော်မွား)မျိုးဥ ပိဿာ ၁၀၀ မှ ၁၅၀ ခန့် ထွက်ရှိခြင်းကြောင့် တစ်ဧကလျှင် ပျမ်းမျှ ပိဿာချိန် ၁၆၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်နှစ် ကြက်သွန်နီမျိုးဥ(ဇော်မွား) တစ်ပိဿာလျှင် ကျပ် ၅၀၀၀-၅၅၀၀ ပေါက်ဈေးဖြင့် ဒေသတွင်း၌ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ တစ် ဧကစိုက်ပျိုးကုန်ကျစရိတ်မှာ ကျပ် ၃၅ သိန်းခန့် ကုန်ကျပြီး ကျပ် ၄၅ သိန်းခန့် အကျိုးအမြတ်ရရှိခဲ့သည်။ ယခုနှစ်တွင် တောင်သူများမှ (ဇော်မွား)မျိုးဥရောင်းချချိန် မရောက်ရှိသေး၍ လေဝင်လေထွက်ကောင်းပြီး အထားခံသော ဝါးထရံအဆောင်များတွင် သိုလှောင်ထားရှိကြောင်း၊ လာမည့် စက်တင်ဘာလကုန် အောက်တိုဘာလဆန်းပိုင်းတွင် မျိုးဥစိုက်ပျိုးချိန်ရာသီ၌ ရောင်းချရမည်ဖြစ်ပြီး တောင်သူများအနေဖြင့် ယခင်နှစ်ထက် မျိုးဥဈေးကွက် ကောင်းမွန်ရန် မျှော်လင့်လျက်ရှိကြောင်း၊ ယခုနှစ်တွင် (ဇော်မွား)မျိုးဥ တစ်ဧကလျှင် ကျပ် သိန်း ၄၀ ခန့် ကုန်ကျကြောင်း၊ မျိုးဥရောင်းချချိန်တွင် ကြက်သွန်နီဈေးကွက်ကောင်းမွန်ပြီး(ဇော်မွား)မျိုးဥ တစ်ပိဿာလျှင် ကျပ် ၅၀၀၀၊ ပိဿာ ၁၀၀ လျှင် ကျပ်ငါးသိန်းဈေးဖြင့် ရောင်းချရပါက တောင်သူများ အဆင်ပြေမည်ဖြစ်ကြောင်း၊ ဈေးကွက်အနေဖြင့် စိုက်ပျိုးထွက်ရှိသော (ဇော်မွား)မျိုးဥများကို ဒေသတွင်း ကြက်သွန်နီမျိုးဥစိုက်တောင်သူများနှင့် ချောက်၊ စလင်း၊ ပွင့်ဖြူမြို့နယ်အတွင်းရှိ တောင်သူများမှလည်း လာရောက်ဝယ်ယူကြောင်း ဒေသခံ တောင်သူများထံမှ သိရသည်။

ကြက်သွန်နီသည် အခြားသီးနှံများအနက် တွက်ခြေကိုက်သော သီးနှံတစ်မျိုးဖြစ်ရာ ကြက်သွန်နီ မျိုးဥ(ဇော်မွား)စိုက်ခင်းများ စိုက်ပျိုးခြင်းဖြင့် ကြက်သွန်နီဈေးကွက်ကောင်းမွန်ပြီး ဈေးကွက်ခိုင်မာမှုရှိပါက အကျိုးအမြတ်များစွာ ရရှိသည့်အပြင် မျိုးစေ့မှတစ်ဆင့် မျိုးဥယူခြင်းဖြစ်၍ (နွေ) ကြက်သွန်နီဥစိုက် စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်ကာ ဈေးကွက်ဝင် ကြက်သွန်ဥများ ရရှိခြင်းကြောင့် တောင်သူများအနေဖြင့် နှစ်စဉ်မပြတ် စိုက်ပျိုးကြကြောင်း သိရှိရသည်။

**မြင့်မြင့်သန်း (ပခုက္ကူ)**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် မေ ၂၂ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၃၃၀၈ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ မေ ၂၈ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၃၃၂၃ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း မေ ၂၂ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၇၄၉၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ မေ ၂၈ ရက်တွင် ကျပ် ၇၅၉၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် USD ၆၄ ဒသမ ၇၅ ဘီလီယံရှိခဲ့ကြောင်း Trading Economics global macro model နှင့် ဆန်းစစ်လေ့လာသူများ၏ ခန့်မှန်းချက်အရ သိရှိရသည်။ Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် USD ၆၆ ဒသမ ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် USD ၆၇ ဒသမ ၃၇ ဘီလီယံဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်းသည် ၂ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

မေ ၂၂ ရက်မှ မေ ၂၈ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၂-၅-၂၀၂၅ | ၂၃-၅-၂၀၂၅ | ၂၆-၅-၂၀၂၅ | ၂၇-၅-၂၀၂၅ | ၂၈-၅-၂၀၂၅ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၂.၇၉၇ | ၃၂.၆၄၅ | ၃၂.၅၈၈ | ၃၂.၇၁၅ | ၃၂.၆၆၄ | -၀.၄၁ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၂၉၀ | ၁.၂၈၇ | ၁.၂၈၄ | ၁.၂၈၇ | ၁.၂၈၈ | -၀.၁၆ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၂၆၅ | ၄.၂၃၈ | ၄.၂၁၂ | ၄.၂၃၇ | ၄.၂၃၀ | -၀.၈၂ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၆၃၃၀ | ၁၆၂၁၄ | ၁၆၂၄၁ | ၁၆၂၆၆ | ၁၆၂၉၂ | -၀.၂၃ | ⬇ |
| ၆ | Chinese Yuan | CNY | ၇.၂၀၇ | ၇.၁၈၉ | ၇.၁၈၄ | ၇.၁၉၃ | ၇.၁၉၀ | -၀.၂၄ | ⬇ |
| ၇ | Indian Rupee | INR | ၈၅.၈၅၄ | ၈၅.၄၁၀ | ၈၅.၀၅၅ | ၈၅.၄၀၁ | ၈၅.၄၇၀ | -၀.၄၅ | ⬇ |
| ၈ | Japanese Yen | JPY | ၁၄၃.၃၄၅ | ၁၄၃.၃၅၅ | ၁၄၂.၈၁၅ | ၁၄၃.၈၄၅ | ၁၄၄.၁၂၀ | ၀.၅၄ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၅၅၃ | ၁.၅၅၀ | ၁.၅၃၆ | ၁.၅၅၁ | ၁.၅၅၂ | -၀.၀၆ | ⬇ |
| ၁၀ | Euro | EUR | ၀.၈၈၄ | ၀.၈၈၂ | ၀.၈၇၈ | ၀.၈၈၁ | ၀.၈၈၃ | -၀.၁၁ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၄၅ | ၀.၇၄၁ | ၀.၇၃၇ | ၀.၇၃၉ | ၀.၇၄၀ | -၀.၆၇ | ⬇ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအားပြောင်းလဲမှုပေါ်လိုက်၍ မေလ ၂၂ ရက်မှ မေ ၂၈ ရက်ထိ ရက်သတ္တပတ်အတွင်း ၄၄၆၀-၄၄၇၀ ကျပ်ကြားရှိနေကြောင်း သိရှိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၅ ခုနှစ်၊ မေ ၂၇ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၆ ဖြင့်လည်းကောင်း၊ ဧည့်မထ(၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၄ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။

ထိုင်းဆန်ဈေးနှုန်းများမှာ (၁၀၀ ရာခိုင်နှုန်း) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၅ ဖြင့်လည်းကောင်း၊ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၀ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၉ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာ သိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၂ ဖြင့် လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၆ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၂ ဖြင့်လည်းကောင်း၊ ပေါင်းဆန် (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၉ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့ သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ (၁၀၀ ရာခိုင်နှုန်း) ဘီဂရိတ်ဆန်၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန်နှင့် ဧည့်မထ (၅ ရာခိုင်နှုန်း) ဆန်ဈေးနှုန်းများမှာ အနည်းငယ် မြင့်တက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

အိန္ဒိယနိုင်ငံ၏ ဆန်ဈေးနှုန်းမှာ အနည်းငယ် မြင့်တက်လျက်ရှိပြီး ပါကစ္စတန်နိုင်ငံ၏ ဆန် ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကာ ဗီယက်နမ်နိုင်ငံ၏ ဧည့်မထ (၅ ရာခိုင်နှုန်း) ဆန်ဈေးနှုန်းမှာ အနည်းငယ် ကျဆင်းလျက်ရှိကြောင်း သိရှိရသည်။

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် ဗီယက်နမ်နိုင်ငံသည် ပြည်တွင်းထုတ်လုပ်မှု ကျဆင်းနေချိန်၌ ပြည်ပသို့တင်ပို့ရန် ဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရေးအတွက် ဆန်တင်သွင်းမှုပမာဏကို မြှင့်တင်ရန် လိုအပ်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ နောက်၌ ကမ္ဘာ့ဒုတိယအကြီးဆုံး ဆန်တင်သွင်းသူဖြစ်လာနိုင်သည်ဟု အမေရိကန်စိုက်ပျိုးရေးဌာန (USDA) ၏ နောက်ဆုံးထုတ်ပြန်သော ကမ္ဘာ့လယ်ယာထွက်ကုန်ရောင်းလိုအားနှင့် ဝယ်လိုအား ခန့်မှန်းချက်၌ ဖော်ပြခဲ့သည်ကို သိရှိရသည်။ ဗီယက်နမ်နိုင်ငံ၏ ဆန်ကို ပုံမှန်ဝယ်ယူသည့် ဖိလစ်ပိုင်နိုင်ငံသည် နှစ်စဉ် ဝယ်လိုအား တန်ချိန် ၅ ဒသမ ၅ သန်းဖြင့် ကမ္ဘာ့ဆန်အများဆုံး တင်သွင်းသူအဖြစ် ဆက်လက်တည်ရှိနေချိန်တွင် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်သွင်းမှုမှာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ တန်ချိန် ၄ သန်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄ ဒသမ ၁ သန်းရှိမည်ဟု USDA က ခန့်မှန်းထားကြောင်း သိရှိရသည်။

ပြည်တွင်းဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ ဆန်ဈေးကွက်(လက်ကားဈေး)တွင် ပေါ်ဆန်းနယ်စုံ(အဟောင်း) (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ)တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ မှ ၁၂၅၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်း(အဟောင်း) ဆန်တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀ မှ ၁၅၀၀၀၀ ပေါက်ဈေးရှိပါသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန်ဆန်တစ်အိတ်လျှင် ကျပ် ၅၇၅၀၀ မှ ၅၈၅၀၀ ကြားနှင့် ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၆၃၀၀၀ မှ ၆၅၀၀၀ ကြားပေါက်ဈေးရှိကြောင်း သိရှိရသည်။

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဆန်၊ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဧည့်မထဆန်၊ ပေါင်းဆန်နှင့် ပေါ်ဆန်းဆန် စသည့် အမျိုးအစားတို့ တင်ပို့ခဲ့ကာ ဆန်တန်ချိန် ၄၅၇၁၇ တန် ပိုမို တင်ပို့ခဲ့သော်လည်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၉၅ သန်းလျော့နည်းခဲ့ပြီး ဆန်ကွဲတင်ပို့မှုတွင် တန်ချိန် ၆၅၆၈၉ တန်နှင့် တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၈ ဒသမ ၄၆၃ သန်း ပိုမိုရရှိသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် မေ ၂၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဆန်ချော(အသစ်) တစ်အိတ်လျှင် ၂၇၄ ယွမ် ဝန်းကျင်ရှိပြီး (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၆၂၄ ကျပ်နှုန်းရှိသောကြောင့် ဆန်သစ်တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀ ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရသည်။

## ဟသ်ာတဒေသထွက် နာနတ်သီးများ ဈေးကောင်းရလျက်ရှိ



ဟသ်ာတမြို့နယ်တွင် ရာသီပေါ်သီးနှံ နာနတ်ပင်များကို နိဗ္ဗာန်တိုက်နယ်၊ နိဗ္ဗာန်ကျေးရွာတွင် စီးပွားဖြစ်စိုက်ပျိုးကြပြီး နှစ်စဉ် နာနတ်စိုက်ဧက ၅၀ မှ ၆၀ ကြား စိုက်ပျိုးလျက်ရှိသည်။ နာနတ်ပင်ကို နှစ်စဉ် မိုးဦးကျ ဇွန်လတွင်စတင်စိုက်ပျိုးကြပြီး ဒီဇင်ဘာလကုန်ခန့်တွင် အသီးစတင်သီးကာ နောက်နှစ် မေလလယ်ခန့်တွင် အသီးခူးခြင်းကို ဆောင်ရွက်ကြသည်။

နာနတ်ပင် တစ်ဧကတွင် အပင် ၆၅၀၀ ခန့် စိုက်ပျိုးနိုင်ပြီး ဒေသမျိုးကို စိုက်ပျိုးကြသည်။ အပင် ၁၀၀၀ စိုက်ပျိုးရန် မြေပြင်ခနှင့် စိုက်ခမှာ ကျပ်တစ်သိန်းတစ်သောင်းခန့်ကုန်ကျ၍ တစ်ဧကအပင် ၆၅၀၀ အတွက် မြေပြင်စိုက်ပျိုးခမှာ ကျပ် ၇၁၅၀၀၀ ခန့်ကုန်ကျသည်။ နာနတ်တစ်ဧကလျှင် ကွန်ပေါင်းမြေဩဇာ တစ်အိတ်နှင့် ပုလဲမြေဩဇာ တစ်အိတ်ခန့် သုံးစွဲရပြီး သွင်းအားစုအတွက် ကျပ်နှစ်သိန်းခွဲခန့် ကုန်ကျသည်။

နာနတ်အစို့ တစ်ပင်လျှင် ကျပ် ၂၅၀ ကုန်ကျသည့်အတွက် မျိုး၊ မြေပြင်၊ စိုက်ခ၊ သွင်းအားစုတို့အတွက် နာနတ်တစ်ဧက စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ် ၂၅၉၀၀၀၀ ခန့် ကုန်ကျသည်။ ယခုနှစ် နာနတ်ပေါ်စအချိန် မေလဆန်းတွင် အခင်းဈေးမှာ နာနတ်သီးတစ်လုံးလျှင် ကျပ် ၅၀၀၀ ခန့်ဖြင့် ရောင်းချလျက်ရှိသည်။ နာနတ်တစ်ဧကတွင် အပင် ၆၅၀၀ စိုက်ပျိုးမှုမှ ရောင်းတန်းဝင် အသီးလုံးရေ ပျမ်းမျှ ၅၀၀၀ ခန့် ထွက်ရှိနိုင်သည့်အတွက် နာနတ်တစ်ဧက ပျမ်းမျှဝင်ငွေမှာ ကျပ်သိန်း ၂၅၀ ခန့် ရရှိနိုင်သည်။

တစ်ဧက အကျိုးအမြတ် ကျပ်သိန်း ၂၂၀ ခန့် ရရှိနိုင်ပြီး စတင်စိုက်ပျိုးချိန်မှ အသီးခူးချိန်ထိ တစ်နှစ်ခန့်ကြာမြင့်သည့်အတွက် နာနတ်တစ်ဧကလျှင် စိုက်ပျိုးသူ တောင်သူအတွက် တစ်လလျှင် ပျမ်းမျှ ကျပ် ၁၈ သိန်းခန့် ဝင်ငွေရရှိနိုင်သည်။ နိဗ္ဗာန်ကျေးရွာမှ နာနတ်သီးစိုက် တောင်သူများအနေဖြင့် ဒေသတွင်း ရောင်းချမှုအပြင် ပုသိမ်မြို့နှင့် ရန်ကုန်မြို့များသို့ပါ တင်ပို့ရောင်းချလျက်ရှိသည်။ ယခင်နှစ် နာနတ်သီး ပေါ်ချိန် ရောင်းတန်းဝင် တစ်လုံးဈေးနှုန်း ကျပ် ၄၀၀၀ နှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် ကျပ် ၁၀၀၀ ခန့် ဈေးပိုရလျက်ရှိသည့်အတွက် နာနတ်သီးစိုက် တောင်သူတို့ ဈေးကောင်း ရလျက်ရှိကြောင်း သိရသည်။

မောင်မောင်မြတ်ခိုင်

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၅ ခုနှစ် မေ ၂၆ ရက် Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၄ နိုင်ငံအနက် မြန်မာနိုင်ငံသည် ယခုတစ်ပတ်တွင် ၄ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး El Salvador နှင့် အမေရိကန်နိုင်ငံတို့တွင် ၁ ဒသမ ၆၀ ရာခိုင်နှုန်း၊ ဘာဘေဒိုနိုင်ငံတို့တွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် လက်ဘနွန်နိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၁ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ယခုတစ်ပတ်အတွက် မေ ၂၆ ရက် ဖော်ပြချက်၌ အင်ဒိုနီးရှား၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘူတန်၊ ကိုလံဘီယာ၊ အီသီယိုးပီးယား၊ ဟန်ဂေရီ၊ မော်ရိုကို၊ စပိန်၊ သီရိလင်္ကာနှင့် ဇမ်ဘီယာ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၄ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူ၊ လာအို၊ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ ဂျာမနီ၊ နော်ဝေ၊ ပိုလန်၊ ဖင်လန်၊ အာဂျင်တီးနားနှင့် ဒိန်းမတ် စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၇ ဒသမ ၄၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၅ ခုနှစ် မေ ၂၆ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၄ ဒသမ ၁၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင် နိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် သုညဒသမ ၆၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်းနှင့် လာအိုနိုင်ငံတွင် ၄ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံ နိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၅ ခုနှစ် မေ ၂၆ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၄ နိုင်ငံအနက် မြန်မာနိုင်ငံသည် ယခုတစ်ပတ်တွင် ၅ ဒသမ ၀၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဘာဘေဒိုနှင့် နီပေါနိုင်ငံတို့တွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဂျမေကာနိုင်ငံတွင် ၂ ဒသမ ၀၀ ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၄ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ စင်ကာပူ၊ လာအို၊ ဂျပန်၊ တရုတ်(တိုင်ပေ)၊ တရုတ်၊ အာဂျင်တီးနား၊ မက္ကဆီကို၊ တောင်ကိုရီးယား၊ စပိန်၊ ဆွစ်ဇာလန်၊ ပိုလန်၊ ကနေဒါနှင့် ဒိန်းမတ် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၃၄ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၈၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၅ ခုနှစ် မေ ၂၆ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၅ ဒသမ ၀၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၁ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် လာအိုနိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့်ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံ နိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ မေ ၂၆ ရက်တွင် ဖြစ်ပေါ်ခဲ့သော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၉၃ | ၀.၇၈ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၈ | ၀.၈၅ |
| ၃ | ထိုင်း | လီတာ | ၁.၃၁ | ၀.၉၈ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၇ | ၀.၆၈ |
| ၅ | စင်ကာပူ | လီတာ | ၂.၁၁ | ၁.၉၁ |
| ၆ | မလေးရှား | လီတာ | ၀.၄၉ | ၀.၆၆ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၈ | ၀.၉၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၉ | ၀.၈၈ |
| ၉ | လာအို | လီတာ | ၁.၂၆ | ၀.၈၄ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

**DOT (P&S)**

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၃ | ၀.၉၁ |
| ၂ | ဂျပန် | လီတာ | ၁.၂၈ | ၁.၁၃ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၉ | ၁.၀၆ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီ ဈေးနှုန်းများမှာ မေ ၂၈ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၂၈၇၀ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၂၉၂၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၄၄၀ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၃၀၁၅ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၉၆၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၄၇၀၊ မြိတ်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၄၁၀၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၃၂၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၂၉၂၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၄၄၀၊ ပြည်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၂၈၅၀၊ ဒီဇယ် တစ်လီတာလျှင် ၂၃၆၅ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၁၂၀ ဈေးနှုန်းနှင့် ဒီဇယ် တစ်လီတာလျှင် ကျပ် ၁၃၀ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## မုံရွာမြို့ရှိ လက်ဖက်လုပ်ငန်းအကြောင်း တစေ့တစောင်း

ငလျင်ဒဏ်သင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိစက်ရုံအချို့မှာ ယခုအချိန်တွင် ပြန်လည် လည်ပတ်နေပြီဖြစ်သည်။ မုံရွာမြို့ရှိ လက်ဖက် လုပ်ငန်းလုပ်ကိုင်သည့် စက်ရုံမှာလည်း လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေပြီဖြစ်သည်။ ၎င်း လက်ဖက်လုပ်ငန်းသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ မြို့သစ်ရပ်တွင် ၂၀၁၇ ခုနှစ်က စက်ရုံ တည်ထားခဲ့ပြီး မြန်မာနိုင်ငံ အနှံ့အပြားသာမက ပြည်ပနိုင်ငံများသို့ ဂုဏ်ယူစွာဖြင့် ဖြန့်ဖြူးရောင်း ချနေသော ဒေသထွက် မြန်မာ့ရိုးရာ ပြည်တွင်း စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းဖြစ် သည်။

၎င်းလက်ဖက်လုပ်ငန်းသည် ကုမ္ပဏီ လိုင်စင်၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းမှတ်ပုံတင်၊ ကုန် သွယ်လုပ်ငန်း မှတ်ပုံတင်ခြင်း၊ ပါဝင်ပစ္စည်းများ ကုန်ညွှန်းအမှတ်အသားပြည့်စုံခြင်း၊ ကုန်အမှတ် တံဆိပ် မှတ်ပုံတင်ခြင်းနှင့် အိတ်ခွံဒီဇိုင်းမှတ်ပုံ တင်ခြင်း၊ FDA ၏ အသိအမှတ်ပြုထောက်ခံချက် လက်မှတ်ကို ရရှိထားပြီး စံချိန်စံညွှန်းများနှင့်အညီ သန့်ရှင်းသပ်ရပ်စွာ၊ ကျန်းမာရေးနှင့် ညီညွတ်စွာ စနစ်တကျ စီစဉ်ပြုလုပ်၍ ကိုယ်ပိုင်စိတ်ကူး ဉာဏ်ဖြင့် လက်ဖက်ဘူးများ ပြုလုပ်ဖန်တီးထုတ် လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အရည်အသွေးပြည့်မီကောင်းမွန်ပြီး စစ်မှန်သော ကုန်ကြမ်းများဖြင့်သာ ကျန်းမာရေး နှင့် ညီညွတ်အောင် ထုတ်လုပ်ထားခြင်းကြောင့် ယုံကြည်စိတ်ချစွာ စားသုံးနိုင်ရန် လက်ဖက်နှင့် ပဲစုံကြော် အသင့်စားအထုပ်များ၊ လက်ဖက်နှပ်သီး သန့်၊ ပဲစုံ နှစ်ပြန်ကြော်သီးသန့်၊ လက်ဖက်ထောင်း ချဉ်စပ်၊ လက်ဖက်ပုစွန်ငပိထောင်း၊ လှော်သင်းရန့် ရေနွေးကြမ်းနှင့် အဆင့်မြင့် လက်ဖက်ပွဲ ဘူးကြီး များ ထုတ်လုပ်ထားသည်။

ပြည်တွင်း စားသုံးမှုများအနေဖြင့် မြန်မာ့ ရိုးရာ လက်ဖက်ပွဲစစ်စစ်ကို တစ်ထုပ်တည်းနှင့် ပြီးပြည့်စုံစွာ ပြည်သူများ ခံစားနိုင်ခြင်း၊ ဒေသထွက် ကုန်ကြမ်းများကို အများဆုံး အသုံးပြုထားသည့် အတွက် ဈေးနှုန်းချိုသာပြီး လူတိုင်း စားသုံးနိုင်ခြင်း၊ သဘာဝကုန်ကြမ်းများကိုသာ အသုံးပြုထားပြီး ကျန်းမာရေးနှင့် ညီညွတ်ခြင်း အစရှိသော အကျိုး များရရှိစေသည့်အပြင် အဆင့်မြင့် အရည်အသွေး၊ အဆင့်မြင့် ထုပ်ပိုးမှုပုံစံဖြင့် ထုတ်လုပ်သည့် အတွက် မြန်မာ့ရိုးရာလက်ဖက်ကို ပြည်တွင်း၌ သာမက ပြည်ပနိုင်ငံများထိပါ တင်ပို့ရောင်းချ သည်။

ပဲမျိုးစုံ၊ နှမ်း၊ ကြက်သွန်ကြော်၊ စောင်း လျားသီး၊ ငရုတ်သီး၊ သံပရာသီးစသည့် ကုန်ကြမ်း အများစုကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာ ဒေသများမှ ရရှိအသုံးပြုထားပြီး လက်ဖက်အညွန့် ကုန်ကြမ်းများကို ရှမ်းတောင် ဒေသမှ ရယူအသုံးပြုထားခြင်းဖြစ်သည်။

ထုပ်ပိုးမှု အနေဖြင့် FDA စံနှုန်းများနှင့်အညီ သန့်ရှင်းလတ်ဆတ်သော ကုန်ချောများ စနစ် တကျ ထုတ်ပိုးခြင်း၊ ပါဝင်ပစ္စည်းအားလုံးကို စားသုံးသူများအတွက် ကျန်းမာရေးနှင့် ညီညွတ် စေရန် လုံခြုံစိတ်ချရသော ထုပ်ပိုးနည်းစနစ်များ ကို ခေတ်မီစက်ပစ္စည်းအင်အား၊ လူအင်အားများ အသုံးပြု၍ သန့်ရှင်းသပ်ရပ်သော အဆင့်မြင့် ထုပ်ပိုးမှုပုံစံများဖြင့် စနစ်တကျ ထုပ်ပိုးထားခြင်း နှင့် စနစ်တကျ ထားသို သိုလှောင်သိမ်းဆည်း ထားကြောင်း သိရသည်။ ဖြန့်ဖြူးရောင်းချရာတွင် မြန်မာပြည်အနှံ့သာမက ပြည်ပနိုင်ငံများသို့ပါ ပို့ဆောင်လျက်ရှိသည်။

ထို့ကြောင့် ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်း စားသောက်ကုန်ဖြန့်ဖြူးရောင်းချခြင်း ဖြင့် ပြည်တွင်းတွင် အလုပ်အကိုင် အခွင့်အလမ်း များဖန်တီးပေးခြင်း၊ ပြည်ပ အသုံးစရိတ် လျှော့ကျ စေခြင်း၊ ဒေသထွက်ကုန်စည်ပြပွဲများတွင် မြန်မာ့ ရိုးရာ အစားအစာအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ပြသ နိုင်ခြင်း၊ မြန်မာ့ရိုးရာ လက်ဖက်ကို ပြည်ပနိုင်ငံ များသို့ပါ ပို့ဆောင်နိုင်ခြင်း အစရှိသည့် အကျိုး ကျေးဇူးများကို ရရှိစေသည်။

**သင်းသင်းအေး (မုံရွာ)**

# မော်လမြိုင် ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာဈေးနှုန်းဈေးကွက်

**ဘိလပ်မြေ**

မော်လမြိုင်မြို့၌ ၂၀၂၅ခုနှစ် မေလ စတုတ္ထပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။ ဈေးကွက်တွင်း အရောင်းအဝယ်ပုံမှန်ဖြစ်နေသောဈေးမှာ ယခုတစ်ပတ်တွင် (အပါချီ) တစ်အိတ်လျှင် ကျပ် ၂၅၀၀၀၊ ကြံ့တံဆိပ် (အပြာ) တစ်အိတ်လျှင် ကျပ် ၂၄၃၅၀၊ ကြံ့တံဆိပ်(အဝါ) တစ်အိတ်လျှင် ကျပ် ၂၈၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ဈေးနှုန်းမှာ အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။

**ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး**

မေလစတုတ္ထပတ်တွင် ကွန်ပေါင်း (မြန်မာ့ဩဘာ ရွှေကောမက်) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၅၂၀၀၀၊ ကွန်ပေါင်း 20:12:12 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ကွန်ပေါင်း (Thai Grow How) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၂၂၀၀၀၀၊ ပုလဲ(အသေး) ၄၆% မြန်မာ (MPE)50kg ပါ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀၊ ပုလဲ(အကြီး) ၄၆% ထိုင်း(မြင်းပျံ) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ပုလဲအသေး တရုတ်(ရွှေတောင်) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ ပိုတက် (အာမို) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ပိုတက်(မြန်မာ့ဩဘာ) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၃၂၀၀၀၊ တီစူပါ(သံကွင်း) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ပိုးသတ်ဆေးအမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc တစ်ပုလင်းလျှင် ကျပ် ၆၀၀၀ မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 500cc တစ်ပုလင်းလျှင် ကျပ် ၂၂၀၀၀၊ ဖျူရာဒါန် ၅ ဂျီ (မြန်မာ့ဩဘာ) 1 Kg ပါ တစ်ထုပ်၊ ကျပ်၁၅၀၀၀၊ အဆီဖိတ်(ခရု) မြန်မာ့ဩဘာ 500kg ပါ တစ်ထုပ်လျှင် ကျပ်၄၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ရော်ဘာ**

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ် ပုံမှန်ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာ အဖွင့်ရာသီတွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၃၅၀၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၃၃၀၀ ရှိခဲ့ပြီး မေ ၂၈ ရက်မှ ဇွန် ၂ ရက်ထိ ဈေးနှုန်းမှာ မော်လမြိုင်မြို့တွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၂၇၈၀၊ ကျိုက်မရောမြို့တွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၂၉၅၀၊ မုဒုံမြို့တွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၂၈၇၀၊ ချောင်းဆုံမြို့တွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၂၆၅၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၂၅၀၀ ပေါက်ဈေးဖြစ်ပေါ်နေပြီး ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ကျပ် ၃၀ ခန့် ဈေးနှုန်းတက်လာပြီး ယခင်နှစ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါကလည်း တစ်ပေါင်လျှင် ကျပ် ၇၈၀ခန့် ဈေးနှုန်းတက်လာခဲ့သည်။

မိုးရာသီ ရောက်ရှိလာပြီဖြစ်သဖြင့် ရော်ဘာခြံရှင်များအနေဖြင့် အစေးလှီးခြင်းကို ရပ်နားထားကြပြီးဖြစ်သည်။ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သယ်ယူခနှုန်းထားမှာ (50)kg ပါ တစ်ထုပ်လျှင် ကျပ် ၃၂၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၆၄၀၀၀၊ ဖြင့်လည်းကောင်း မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ သယ်ယူခနှုန်းထားမှာ 50 kg တစ်ထုပ်လျှင် ကျပ် ၄၂၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၈၄၀၀၀ ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း၊ ယခုတစ်ပတ်တွင် ရော်ဘာဈေးနှုန်းအနည်းငယ် တက်လာရခြင်းမှာ ရော်ဘာအစေးထွက်ရှိမှု နည်းလာသဖြင့် ဈေးနှုန်းအနည်းငယ် တက်လာရခြင်းဖြစ်ကြောင်း ကုန်သည်များထံမှ သိရသည်။

**အောင်မြင့်မြတ်(မွန်)**

# ဘုရင့်နောင် ကုန်စည်ဒိုင် ဈေးနှုန်းဈေးကွက်

**ရေထွက်ကုန်**


မေလ နောက်ဆုံးပတ်တွင် ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရေထွက်ကုန်ပစ္စည်းများ၏ တစ်ပိဿာ ဈေးနှုန်းများမှာ ဖျာပုံရွှေပုစွန်ရှယ် ကျပ် ၂၈၀၀၀၀၊ ဖျာပုံရွှေပုစွန်ရိုးရိုး ကျပ် ၂၀၀၀၀၀၊ ဖျာပုံချိုကြီး ရှယ် ကျပ် ၁၅၀၀၀၀၊ ဖျာပုံချိုကြီး ရိုးရိုး ကျပ် ၁၂၀၀၀၀၊ ဖျာပုံချိုသေးရှယ် ကျပ် ၉၅၀၀၀၊ ဖျာပုံ ချိုသေးရိုးရိုး ကျပ် ၈၀၀၀၀၊ မြိတ်ပုစွန်လတ် ကျပ် ၁၂၀၀၀၀၊ မြိတ်ပုစွန်ရိုးရိုး ကျပ် ၉၀၀၀၀၊ ရေချိုငါးခြောက်များဖြစ်ကြသော ငါးကျည်းကြပ်တိုက်ကြီး ကျပ် ၉၀၀၀၀၊ ငါးကျည်းကြပ်တိုက်သေး ကျပ် ၇၀၀၀၀၊ ငါးမြွေထိုး ကျပ် ၇၀၀၀၀၊ ငါးရံ့ခြောက်ကြီး ကျပ် ၈၅၀၀၀၊ ငါးရံ့ခြောက်လတ်ကျပ် ၆၅၀၀၀၊ ငါးရံ့လုံးရှယ် ကျပ် ၅၅၀၀၀၊ ရေငံငါးခြောက်များဖြစ်ကြသော ကလိန် ကျပ် ၁၀၀၀၀၊ ငါးကွမ်းရှပ်ကြီး ကျပ် ၃၅၀၀၀၊ ငါးတံခွန်မျှင်ကြီး (ရှယ်)ကျပ် ၂၀၀၀၀၊ ငါးတံခွန်လုံးကြီး ကျပ် ၆၀၀၀၊ ငါးနှပ်ခြောက်ကြီး(ရှယ်) ကျပ် ၅၅၀၀၀၊ ငါးရွှေသေး ကျပ် ၁၀၀၀၀၊ ငါးမီးတံသွယ် ကျပ် ၇၀၀၀ ဈေးတို့ အသီးသီးရှိကြကြောင်း ကုန်စည်ဒိုင်မှ သိရသည်။

**ဒေသထွက်ကုန်**

ထန်းလျက်တစ်ပိဿာ တောင်သာ၊ မလိုင်(ဖုံး)သစ် ကျပ် ၅၂၀၀ မှ ၅၇၀၀၊ ညောင်ဦးဆေးရှယ် ကျပ် ၇၀၀၀၊ ပခုက္ကူကြမ်း ကျပ် ၆၅၀၀၊ ရေစကြိုထန်းလျက် ကျပ် ၇၂၀၀ မှ ၇၅၀၀၊ ကြံသကာ(ရှမ်း) ကျပ် ၃၅၀၀၊ ကြံသကာ (သကြားရော) ကျပ် ၅၀၀၀ မှ ၅၂၀၀၊ မန် ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၅၄၀၀ မှ ၅၆၀၀ ၊ မန်ကျည်းသီးအသား(သစ်) အနိမ့်ဆုံးဈေး ကျပ် ၆၅၀၀ မှ ကျပ် ၇၅၀၀၊ ပြည်တွင်းသကြား ကျပ် ၄၉၅၀ မှ ၅၁၀၀ တို့အသီးသီးဖြစ်ကြောင်း ကုန်စည်ဒိုင်မှ သိရသည်။

**ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး**

ကြက်သွန်ဖြူ ကြူကုတ်(ရှယ်) တစ်ပိဿာ ကျပ် ၁၀၀၀၀ မှ ၉၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၆၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၆၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၇၀၀၀၊ အောင်ပန်းထူး-၅ ကျပ် ၇၅၀၀ ဖြစ်ပြီး ကြက်သွန်နီ ဆိပ်ဖြူ(သစ်)ရှယ် ကျပ် ၁၅၀၀-၁၇၀၀၊ ဆိပ်ဖြူ(သစ်)လတ်ကြီး ကျပ် ၁၄၀၀-၁၆၀၀၊ ဆိပ်ဖြူ(သစ်)လတ်သန့် ကျပ် ၁၃၀၀-၁၅၀၀၊ ဆိပ်ဖြူ(သစ်) လတ်ချော ကျပ် ၈၀၀-၁၀၀၀၊ မြင်းခြံ (သစ်) (ရှယ်)ကျပ် ၁၁၀၀၊ မြင်းခြံ(သစ်) လတ်ကြီး ကျပ် ၁၁၀၀၊ မြင်းခြံ (သစ်) လတ်သန့် ကျပ် ၁၀၀၀၊ မြင်းခြံ (သစ်) လတ်ချော ကျပ် ၇၀၀၊ ပခုက္ကူလတ်ကြီး ကျပ် ၁၃၀၀၊ ပခုက္ကူလတ်သန့် ကျပ် ၁၃၀၀၊ မြစ်သား (သစ်)(ရှယ်) ကျပ် ၁၈၀၀-၂၃၀၀၊ မြစ်သား (သစ်) လတ်ကြီး ကျပ် ၁၈၀၀-၂၂၀၀၊ မြစ်သား(သစ်) လတ်သန့် ကျပ် ၁၇၀၀-၂၀၀၀၊ မြစ်သား (သစ်) လတ်ချော ကျပ် ၁၂၀၀-၁၃၀၀၊ မုံရွာ(သစ်) ရှယ် ကျပ် ၁၅၀၀၊ မုံရွာ လတ်သန့် ကျပ် ၁၄၀၀၊ မုံရွာလတ်ချော ကျပ် ၁၀၀၀ အသီးသီးရှိကြကြောင်း ကုန်စည်ဒိုင်မှ သိရသည်။ အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ ဟဲဟိုး အေဝမ်း ကျပ် ၂၅၀၀၊ ဟဲဟိုးအိုကေ ကျပ် ၂၈၀၀၊ ဟဲဟိုး အက်စ်ဝမ်း ကျပ် ၂၈၀၀၊ ဟဲဟိုး အက်စ်တူး ကျပ် ၂၇၀၀၊ တရုတ်အာလူး ကျပ် ၃၀၀၀/၃၁၀၀ ရှိကြောင်းသိရပြီး ကြက်သွန်ဖြူ ကြက်သွန်နီနှင့် အာလူးဈေးနှုန်းများမှာ ကျဆင်းလျက်ရှိသည်။



**ကြက်သွန်နီ စီးဝင်/စီးထွက်မှု**

မေလ နောက်ဆုံးပတ်တွင် ဘုရင့်နောင် ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်ရာ ဒေသများဖြစ်သည့် ဆိပ်ဖြူ၊ မြင်းခြံ၊ မြစ်သား၊ ပခုက္ကူ၊ တောင်သာဒေသတို့မှ ကြက်သွန်နီ ပိဿာ ၉၀၀၀၀၀ ဝင်ရောက်ခဲ့ပြီး ၆၀ ရာခိုင်နှုန်းခန့် ပြန်လည်စီးထွက်မှုရှိကြောင်း သိရှိရသည်။ ထို့ကြောင့် ကြက်သွန်နီ လက်ကျန်မှာ ပိဿာ ၃၆၀၀၀၀ ကျန်ရှိကြောင်း ကုန်စည်ဒိုင်သတင်းအရ သိရသည်။ **DOCA (ရန်ကုန်)**

# သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သစ်သီးများ အများဆုံးဝင်ရောက်ကြောင်း သိရှိရပြီး မေနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သော သစ်သီးဈေးနှုန်းများမှာ သီပေါမှ နာနတ်သီးတစ်လုံး ကျပ် ၁၀၀၀- ၁၅၀၀-၂၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေသည်။ တိုက်ကြီး ကျွဲကောသီး ကျပ် ၁၅၀၀ မှ ၃၀၀၀၊ ပြင်ဦးလွင် ပင်မှည့်သီး တစ်ပိဿာ ကျပ် ၅၀၀၀-၈၀၀၀၊ ရေးမြို့မင်းကွတ်သီး ၁၀ လုံး ကျပ် ၄၀၀၀-၃၅၀၀၊ အောင်ပန်းမှ ပျား လိမ္မော်သီး တစ်ပိဿာ ကျပ် ၅၀၀၀-၈၀၀၀၊ ဝမ်းတွင်းမှ ဖရဲသီး(ဘာဟုဘာလီ) အလုံးကြီး ကျပ် ၁၁၀၀၀-၈၀၀၀-၆၀၀၀၊ တိုက်ကြီးမှ မာလာကာသီး အိတ်ကြီးတစ်အိတ် ကျပ် ၈၅၀၀၀၊ ယိုးဒယားပန်းသီး တစ်သေတ္တာ ကျပ် ၁၂၀၀၀၀- ၁၃၀၀၀၀၊ ဘီးလင်းမှ ပိန္နဲသီး ကျပ် ၂၅၀၀၀-၂၀၀၀၀-၁၅၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးမှ သရက်သီး(မချစ်စု) တောင်းတစ်တောင်း ကျပ် ၃၀၀၀၀-၂၀၀၀၀-၁၅၀၀၀၊ သရက်သီး (ပန်းဆွဲ) တောင်းတစ်တောင်း ကျပ် ၃၅၀၀၀၊ မန္တလေးမှ သရက်သီး စိန်တစ်လုံး ဂျပ်ဖာ ၁၈၀၀၀-၁၅၀၀၀ ကျပ်၊ သီပေါမှ နာနတ်သီး တစ်လုံး ကျပ် ၁၅၀၀-၂၅၀၀ တို့ရှိကြောင်း သစ်သီးဈေးနှုန်းများသည့် ဈေးနှုန်းမြင့်တက်မှုမရှိဘဲ ယခင်တစ်ပတ်နှင့် ယခုတစ်ပတ် ဈေးနှုန်းများ အနည်းငယ်သာ ပြောင်းလဲကြောင်း သီရိမင်္ဂလာဈေးရှိ မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်ဟင်းသီး ဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း (MFVP) မှ သိရသည်။

**DOCA (ရန်ကုန်)**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၂၆-၅-၂၀၂၅)ရက်နေ့မှ (၁-၆-၂၀၂၅)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1131 |
| ငွေလဲနှုန်း | 3088 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,365,660 | 7.13 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ငွေလဲနှုန်း | 17,462,640 | 28.52 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 118,755,000 | 193.92 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,727,200 | 15.88 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 45 | 27,557,550 | 45.00 |
| ၁၂ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 70 | 42,867,300 | 70.00 |
| ၁၃ | ဘဏ်အတိုးနှုန်း | 1000 MTx CIF x ငွေလဲနှုန်း x 1.333% | 46,555,398 | 76.02 |
| | **အထွေထွေစရိတ်ပေါင်း** | | **281,522,148** | **459.71** |
| ၁၄ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **3,492,528,000** | **5,703.11** |
| | **စရိတ်စုစုပေါင်း** | | **3,774,050,148** | **6,162.82** |




**AGGC**
www.aungyigroup.com

Lot 9, Parami Valley, Mindama Road, Mayangone Township, Yangon, Myanmar.
Tel: +95-78 5000001, 78 5000002, 78 5000003, 78 5000004, 78 5000005
Email : info@aungyigroup.com www.aungyigroup.com

**GEARWELL**

## WHAT WE DO







Construction and Installation | Raw Materials | Industrial Equipment



Mechanical Spare Parts | Automation Spare Parts | Lubricants

အမှတ်(၂၁၁)၊မင်းရဲကျော်စွာ(၄) လမ်း၊ (၇) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**Ph : 09421122085, 09441004489, 09250809060**

## ASIA WORLD PORT TERMINAL

**Myanmar's Marine Gateway to the World**




# Paing Family International Co., Ltd

**Export & Import Trading Company**
**(Beans and Pulses, Sesame Seeds, Sugar)**


















No. BSH 1, Hematite Shop House, Baho Road, Homl Lane Station Quarter, Sanchaung Township, Yangon, Myanmar.
Tel : +95-9-955188885, +95-9-955188886, +95-9-955188887

BIZOL
Made in Germany

A.ONE.TOP & STARLIGHT

MANNOL SCT LUBRICANTS




Head Office
No.C 10/11, Thiri Yadanar Wholesale Market,
North Oakkala Township Yangon

Office : 09 785 411 288
Bizol : 09 772 928 187, 09 250 411 288
Mannol : 09 674 709 699, 09 775 682 911

info@aonetopandstarlight.com

# Myanmar One Plus Engineering Co.,Ltd.

緬 甸 億 合 工 程 股 份 有 限 公 司

*All in One Engineering Service*



## Our Services


**(Design, Supervising, Fabrication, Cost Analysis, Sale, Installation, Testing and Maintenance)**


- High Voltage and Power Substation
- Low Voltage Power Distribution
- Compact Type Fire Pump Supply
- Fire Protection System
- Plumbing & Sanitary System
- Air Conditioning and Mechanical Ventilation System

我們的服務

* 設計；管理，監督，指導；製造；成本分析；銷售；安裝；測試與維護。
* 高壓電設備與變電站工程。
* 低壓電設備與配電系統。
* 成套型消防泵站。
* 消防系統。
* 管道與給排水系統。
* 空調與機械通排風系統。

CONTACT INFO
Address: Room (J-54,55), Thiriyadanar Wholesale Market, North Okkalapa Township, Yangon.
Office Phone: +959699 996 222, +959699 997 222, +959699 998 222, +959250997086
Email: myanmaroneplus@gmail.com Website: www.myanmaroneplus.com


WECO
ECO ENERGY
WECO ENERGY WOODPELLET
Ph:095168959
We serve cooperation and demand in medium and large capacity for local needs.
Email : mslwoodpellet@gmail.com


Aye Nyein Thar Co., Ltd
SPEEDY MOVE TO FUTURE WITH US
FUEL STATION
AYE NYEIN THAR COMPANY LIMITED
No.51(C), University Avenue Road, Shwe Taung Kyar (1)ward, Bahan Township, Yangon.
Tel: +95-9-5108291, +95-9-765485405, +95-9-750228889 Web : www.ayenyeinthar.com , E-Mail : admin.hr@ayenyeinthar.com
HTET EKARI FUEL STATION
1. No(2) Main Road, Shan Tae Gyi Upper Village, Hlegu Township. Tel: +95-9-762100989
2. Yangon-Mandalay Highway Road, Taung Gyi Kwe Village, Intagaw City. Tel: +95-9-782067900
3. Lower Mingalardon Road, Tar Sone, Shwe Pyi Thar Township.
THARAPHU FUEL STATION
1. Danyin Gone Railway Road, Insein Township. Tel: +95-9-457195400
2. Yangon-Mandalay Highway Road, Oktwin Township, Taungoo. Tel: +95-54-25316


ပြည့်သားကောင်း
သားရေထုတ်လုပ်မှုကုမ္ပဏီလီမိတက်
ဦးကျင်စု (မန်နေဂျင်းဒါရိုက်တာ)
အမှတ် (၂၂/၂၃) ရွှေရင်အေးကျောင်းလမ်း၊ မွေးမြူရေးနှင့် မွေးမြူရေးထွက်ကုန်ပစ္စည်း ထုတ်လုပ်ရေးစက်မှုနယ်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
အိမ် - တိုက်(၄)အခန်း(၁၀၅) အရှေ့အောင်မြေသာစည်အိမ်ရာ ကမာရွတ် (၁) ရပ်ကွက်
၀၉၅၁၉၈၄၅၀
+၁(၆၆၉) ၂၆၄၀၅၉၀
+၁(၆၆၉) ၂၀၈၈၈၇၈
၀၉၇၆၇၅၂၀၈၀၆


GMT Great Myanmar Talent Co., Ltd.
Digital Weighing System & Solution
ဒစ်ဂျစ်တယ်ကတ္တားပြပြင် ရောင်းဝယ်ရေး
FIGHTER
" Bringing Excellent Service To Customer "
285-A Kha/8th Street, Myothit (Ka + Kha) Quarter, Insein Township, Yangon.
09 250 273 284
09 254 88 55 99

# ရောဝတီတိုင်းဒေသကြီး ပင်လယ်ကမ်းခြေမှ အဖိုးတန် ငှက်သိုက်ဈေးကွက်





ရောဝတီတိုင်းဒေသကြီး ချောင်းသာ၊ ငွေဆောင် ပင်လယ်ကမ်းခြေဒေသများရှိ လူသူမနီးသော ပင်လယ်ကျွန်း၊ ကျောက်ဆောင်၊ လိုဏ်ဂူများတွင် သဘာဝအလျောက် နေထိုင်လျက်ရှိသော ဇီဝဖိုးငှက်များသည် လေထဲတွင်ရှိသော ပိုးမွှားများအား ဖမ်းယူစားသောက်တတ်သောကြောင့် လေစားငှက်ဟုလည်း ခေါ်ဆိုကြသည်။ ဇီဝဖိုးငှက်သည် စာကလေးအရွယ်ခန့်သာရှိပြီး ပျံသန်းရာတွင် အလွန်လျင်မြန်၍ ညအိပ်ချိန်မှလွဲကာ တစ်နေ့လုံး ပျံသန်းနိုင်သည်။ ဇီဝဖိုးငှက်များကို အပူပိုင်းဒေသများနှင့် ပင်လယ်ကမ်းရိုးတန်း ကျွန်းစုများတွင် အနှံ့အပြားတွေ့ရှိရပြီး မလ္လာယုကျွန်းစွယ်၊ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံအနီးရှိ ကျွန်းများ ဆေးရှဲကျွန်းစုနှင့် မောရစ်ရှကျွန်းစုမှ ကွင်းစလန်အထိ ပျံ့နှံ့စွာနေကြသည်။ ပုသိမ်မြို့ အနောက်ဘက် ကမ်းခြေအလွန်ရှိ ကျွန်းများနှင့် တနင်္သာရီကမ်းခြေ၊ မြိတ်ကျွန်းစုများတွင်လည်း ဇီဝဖိုးငှက်များကို တွေ့ရှိရသည်။

ဇီဝဖိုးငှက်သည် အခြားငှက်များကဲ့သို့ သစ်ရွက်၊ သစ်ကိုင်းတို့ဖြင့် အသိုက်ပြုလုပ်ခြင်းမရှိဘဲ မိမိအန်ဖတ်ဖြင့် အသိုက်ပြုလုပ်ခြင်း ဖြစ်သည်။ ဇီဝဖိုးငှက်များ၏ တံတွေးဂလင်းမှ စစ်ထုတ်လိုက်သော တံတွေးရည်များနှင့် အစာရည်တချို့ဖြစ်ပြီး ၎င်းတံတွေးရည်များသည် လေနှင့်ထိတွေ့သည့်အခါ မာကျောလာပြီး ငှက်သိုက်ဖြစ်လာကြောင်း ငှက်သိုက်ကို ဇီဝဖိုးငှက်များမှ ရရှိ၍ ဇီဝဖိုးငှက်သည် အပြင်ပန်းပုံသဏ္ဍာန်အားဖြင့် ပျံလွှားငှက်နှင့် အနည်းငယ်တူသော်လည်း မျိုးရိုးကွဲပြား၍ အဝေးမှမြင်ရလျှင် ပျံလွှားငှက်နှင့် ရုတ်တရက် ခွဲခြား၍ မရဘဲ အမွေးထူသောခြေမျက်ရိုးနှင့် အရွယ်ပိုကြီးသော တောင်ပံကို ကြည့်ခြင်းဖြင့် ဇီဝဖိုးငှက်နှင့် ပျံလွှားငှက်ကို ခွဲခြားသိနိုင်သည်။

ချောင်းသာ၊ ငွေဆောင် ပင်လယ်ကမ်းခြေဒေသ လူနေရပ်ကွက်နှင့် ဝေးသောနေရာများတွင် အဆောက်အဦများ ဆောက်လုပ်၍ လူနေထိုင်ခြင်းမရှိဘဲ ငှက်တန်းများ ပြုလုပ်ပြီး မလေးရှား နည်းပညာဖြင့် ဖန်တီးထားသော ဇီဝဖိုးငှက်အသံတုပြုလုပ်၍ ဇီဝဖိုးငှက်များ မွေးမြူကာ ငှက်သိုက်များ ထုတ်လုပ်ရောင်းချလျက်ရှိသည်။ ငှက်မွေးမြူထားသော အဆောက်အအုံ ပတ်ဝန်းကျင်တွင် ငှက်များ ပြန်လည်မထွက်ခွာစေရန် မီးခိုး၊ ပိုးသတ်ဆေး စသော အခိုးအငွေ့များ စူးရှသော အနံ့များ မရှိစေရန်လည်း အထူးဂရုစိုက်ရသည်။ တစ်နှစ်ကျော်မှသာ အသိုက်ခွာရပြီး ငှက်သိုက်မှာ အချင်း ၂ လက်မ၊ ၃ လက်မ စောက် ၁ လက်မခန့်ရှိပြီး အသိုက်တစ်ခုလျှင် ဥနှစ်လုံးရှိသည်။ အများအားဖြင့် အထီးတစ်ကောင် အမတစ်ကောင်ပေါက်၍ ငှက်မသည် ငှက်ကလေးများကို နှစ်လကြာမျှ ကျွေးမွေးပြုစုပြီး အတောင်လက်စုံချိန်တွင် အသိုက်မှ ခွာသွားကြသည်။ မျိုးပွားရာသီဖြစ်သော ဇန်နဝါရီလ၊ ဧပြီလနှင့် ဩဂုတ်လများတွင် ဥဥရန် အသိုက်ဆောက်လေ့ရှိပြီး အသိုက်ဆောက်လုပ်ရာတွင် ဇီဝဖိုးငှက်အထီးကသာ ဆောက်လုပ်မှုရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်ငှက်သိုက်ရရှိသော ကျွန်းများကိုသစ်တောဌာနက အုပ်ချုပ်၍ နှစ်စဉ် ငှက်သိုက်သိမ်းယူခွင့်လိုင်စင်ထုတ်ပေးပြီး ဥပဒေများကိုလည်း လိုအပ်သလို ထုတ်ပြန်လျက်ရှိရာ ငှက်မျိုးစိတ်များ မပြုန်းတီးစေရန်လည်း စောင့်ရှောက်လျက်ရှိသည်။ သဘာဝငှက်သိုက်စုဆောင်းချိန်တွင် ငှက်သိုက်များ ရရှိနိုင်သည့် ကျောက်ဆောင်၊ လိုဏ်ခေါင်းအတွင်း ဝင်ရောက်၍ အတွင်းနံရံကို ခဲယဉ်းစွာ တက်ရောက်ငြမ်းဆင်ပြီး သက်စွန့်ဆံဖျား တက်ရောက်ကာ စုဆောင်းရသည်။

သစ်တောဦးစီးဌာနမှ ငှက်သိုက်စုဆောင်းချိန်ကို မတ်လပထမပတ်မှ ဒုတိယပတ်၊ ဧပြီလ ပထမပတ်မှ ဒုတိယပတ်၊ ဇူလိုင်လ ပထမပတ်မှ ဒုတိယပတ်၊ နိုဝင်ဘာလ တတိယပတ်မှ စတုတ္ထပတ်အထိ လေးကြိမ်ခွဲကာ စုဆောင်းရန် သတ်မှတ်ပေးထားပြီး စုဆောင်းခွင့်ရရှိသော ငှက်သိုက်များကို သစ်တောဦးစီးဌာနက စစ်ဆေး၍ ငှက်ကလေးများ သွေးပါသည်အထိ အန်ထုတ်၍ ပြုလုပ်သော အသိုက်များကို မယူရန် လိုင်စင် စည်းကမ်းတွင်ပါဝင်သည်။ သွေးပါသောငှက်သိုက်များကို တွေ့ရှိပါက လိုင်စင်ရရှိသူကို ဒဏ်ရိုက်လျက်ရှိကြောင်းသိရသည်။

လိုင်စင်ရောင်းချရာတွင် အချို့ကျွန်းများကို တစ်လှည့်စီ ပိတ်ပေး၍ ပိတ်ထားသော ကျွန်းပေါ်ရှိ ငှက်ကလေးများမှာလည်း အနှောင့်အယှက်မရှိဘဲ အသိုက်ပေါက်နိုင်ကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းပေးနိုင်သည့်အပြင် ထိုကျွန်းများပေါ်သို့ တက်ရောက်၍ ငှက်သိုက်ခိုးယူသူများနှင့် ငှက်ကလေးများကို ဖမ်းယူစားသောက်တတ်သော သိမ်းငှက်၊ စွန်၊ ငှက်ရဲတို့၏ အန္တရာယ်မှ ကာကွယ်ရန် သစ်တောဝန်ထမ်းများမှ စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ငှက်သိုက်သည် ပရိုတင်းဓာတ်ကြွယ်ဝ၍ အာဟာရဓာတ်များစွာပါဝင်ပြီး သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများ၊ လူမမာများ၊ အားကစားသမားများ အားအင်ကုန်ခန်းနေသူများအတွက် ကိုယ်ခံအားစနစ်ကောင်းစေသည်။ သဘာဝအားဆေးအဖြစ် သုံးစွဲလျက်ရှိသည့်အပြင် စိတ်မငြိမ်မသက်ဖြစ်ခြင်း သွေးတိုး၊ ဆီးချိုနှင့် အဆုတ်လူနာများအတွက် အထူးကောင်းမွန်သော ဆေးဝါးဖြစ်သည်။ တရုတ်နိုင်ငံတွင် အသက်ရှူလမ်းကြောင်းရောဂါ၊ အားအင်ပြည့်စေရန်နှင့် အရေပြားလှပစေရန်အတွက်လည်း သုံးစွဲလျက်ရှိကြောင်း သိရသည်။

ရောဝတီတိုင်းဒေသကြီး ချောင်းသာ၊ ငွေဆောင်ကမ်းခြေဒေသတွင် ဇီဝဖိုးငှက်မွေးမြူ၍ အိမ်မွေးငှက်သိုက်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းရှင် ၁၄ ဦးရှိပြီး သစ်တောဦးစီးဌာနမှ လုပ်ငန်းရှင်များကို သစ်တောဥပဒေနှင့်အညီ စာချုပ် ချုပ်ဆို၍ စာချုပ်ပါစည်းကမ်းများအတိုင်း မွေးမြူလျက်ရှိသည်။ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ကြီးကြပ်ကွပ်ကဲမှုဖြင့် လုပ်ငန်းရှင်များက ငှက်သိုက်များ စနစ်တကျခွာယူလျက်ရှိကြောင်း သိရသည်။ ငှက်သိုက်ခွာယူရာတွင် ငှက်သိုက်ခွက်များ၏ အရွယ်အစား တစ်လက်မခွဲကျော်ရှိမှသာ ခွာယူရမည်ဖြစ်ပြီး ခွာယူရရှိသော ငှက်သိုက်အကြမ်းကို ခွာယူ ရေစိမ်၍ ငှက်ချေး၊ ဥအကွဲ၊ ဥအကြေ၊ ငှက်မွေးများ ရှင်းလင်းသန့်စင်ပြီး ငှက်သိုက်ကို သကြား၊ ရေသန့်တို့ဖြင့် ၁နာရီ ခန့်ပေါင်းပေးလျှင် ငှက်သိုက်ကုန်ချောကို ရရှိသည်။ အအေးခံထားသော ငှက်သိုက် ၃၅ ဂရမ်ကို ပိုးသတ်ထားသော ၄၅ မီလီမီတာ ဖန်ပုလင်းဖြင့် ထည့်သွင်းပြီး တစ်ပုလင်းလျှင် ကျပ် ၉၅၀၀ ဈေးနှင့် ကိုယ်စားလှယ်များမှတစ်ဆင့် ပုသိမ်၊ ရန်ကုန်၊ မြောင်းမြ၊ မန္တလေးမြို့နှင့် အခြားမြို့များသို့လည်း ရောင်းချလျက်ရှိသည်။

အော်ဒါမှာယူသူများအား အမြန်ချောပို့စနစ်ဖြင့် အိမ်အရောက် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ငှက်သိုက်များကို ပြည်တွင်းသုံးစွဲရန်သာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိသည့်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်လျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။

**မင်းမင်းဦး(ပသ)**

**ကိုးကား-မြိတ်တက္ကသိုလ် ၂၀၀၄-၂၀၀၅ မဂ္ဂဇင်း သတ္တဗေဒဌာန(ဌာနစု) ပါမောက္ခ ဒေါ်မြင့်မြင့်သန်း၏ ငှက်သိုက်ဆောင်းပါး**

# ပြည်ခရိုင်၏ ထောပတ်ပဲ၊ ပဲနီပြား၊ ပဲပုပ်နှင့် ပဲလွမ်းဖြူဈေးကွက်

ပြည်ခရိုင်တွင် ပဲမျိုးစုံစိုက်ပျိုးလျက်ရှိရာ ထောပတ်ပဲ၊ ပဲနီပြား၊ ပဲပုပ်နှင့် ပဲလွမ်းဖြူ စသည့် ပဲများကို အများဆုံး စိုက်ပျိုးလျက်ရှိသည်။ ထောပတ်၊ ပဲနီပြားနှင့် ပဲလွမ်းဖြူကို ဆောင်းရာသီတွင် စိုက်ပျိုးကြပြီး ပဲပုပ်ကို မိုးနှင့် ဆောင်းရာသီတွင် စိုက်ပျိုးကြသည်။

ထောပတ်ပဲ ဈေးနှုန်းဈေးကွက်အနေဖြင့် ဧပြီနောက်ဆုံးပတ်တွင် ပိဿာ ၂၀ တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ရှိခဲ့ပြီး မေလ ကုန်အထိ ဈေးငြိမ်နေပြီး ပန်းတောင်နှင့် ဒေသတွင်း စိုက်ပျိုးသူများက ပွဲရုံများသို့ လာရောက်ရောင်းချကြသည်။ ဈေးနှုန်းမှာ ပုံမှန်ဖြစ်လျက်ရှိပြီး လက်လီသမားများသာ တစ်နေ့လျှင် အိတ် ၂၀-၃၀ ခန့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပဲနီပြားမှာ ဧပြီလနောက်ဆုံးပတ်တွင် ပိဿာ ၂၀ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး မေလကုန်တွင် တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ ဖြစ်၍ တစ်အိတ်လျှင် ကျပ် ၃၀၀၀၀ ခန့် ဈေးမြင့်လာခဲ့သည်။ ပဲနီပြားကို ရန်ကုန်ဝယ်လက်နှင့် လက်လီသမားများ အဝယ်ရှိ၍ တစ်နေ့လျှင် အိတ် ၂၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပဲလွမ်းဖြူမှာ ပိဿာ ၂၀ တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး မေလကုန်တွင် တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ ဖြင့် တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ခန့် ဈေးမြင့်လာခဲ့သည်။ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် လက်လီ ပြန်လည်ရောင်းချသူများလည်းရှိသဖြင့် တစ်နေ့လျှင် အိတ် ၃၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပဲပုပ်မှာ ပြည်ခရိုင်တွင် အနည်းငယ်စိုက်ပျိုးပြီး မင်းလှဘက်မှ ဝင်ရောက်မှုရှိသည်။ ပဲပုပ်သီးနှံမှာ အရောင်းအဝယ် အနည်းငယ်သာရှိပြီး ယခင်ဧပြီလဈေးနှုန်းအတိုင်း ပိဿာ ၂၀ တစ်အိတ်လျှင် ကျပ် ၃၀၀၀၀ ဖြင့် ဈေးငြိမ်လျက်ရှိသည်။ ပဲပုပ်သီးနှံမှာ ဝင်ရောက်မှုနည်း၍ အနည်းငယ်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဝေဝေမင်း (ပြည်)

# ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားနိုင်

ငွေကြေးအရင်းအနှီး လိုအပ်နေသော ဆီစက်ပိုင်ရှင်များ အနေဖြင့် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားနိုင်ကြောင်း ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှ သိရသည်။

ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုအဖွဲ့သည် ပြည်တွင်းရှိ ဆီစက်များသို့ အဆင့်မီစက် ပစ္စည်းများ တိုးချဲ့ တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံး ရင်းနှီးလည်ပတ်ငွေ လိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ ရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေများကို ထုတ်ချေးပေးလျက်ရှိသည်။

ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေကို လျှောက်ထားလိုပါက လက်ရှိလုပ်ငန်း လည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်။ လုပ်ငန်းအမည်ပေါက် လိုင်စင် (သက်တမ်းရှိ) ရှိရမည်ဟုလည်းကောင်း၊ ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက် ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) များကို ပေးအပ်နိုင်ရမည်ဟုလည်းကောင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေ ရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေး ငွေရယူလိုပါက သီးခြားအာမခံ တင်သွင်းနိုင်မှသာ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် FDA လက်မှတ်ရရှိပြီးသူ၊ အသေးစား စက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ရရှိပြီးသူနှင့် သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များ၊ အသင်းဝင်လုပ်ငန်းရှင်များအား ဦးစားပေးစဉ်းစားမည်ဖြစ်ကြောင်း သိရ သည်။

ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များမှာ လုပ်ငန်းသုံးလည်ပတ်ရင်းနှီးငွေ (Working Capital) ချေးငွေ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀၀ အထိ၊ မတည်ရင်းနှီးငွေ (Fixed Capital) ချေးငွေအနည်းဆုံး ကျပ်သိန်း ၂၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀၀ အထိ၊ ကျပ်သိန်း ၅၀၀၀အထက် ချေးငွေရယူလိုသော ဆီစက် လုပ်ငန်းရှင်များအနေဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူးရုံး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)သို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်ဖြစ်သည်။

ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလကိုလုပ်ငန်းသုံးလည်ပတ်ရင်းနှီးငွေနှင့် မတည်ရင်းနှီးငွေအတွက် ချေးငွေသက်တမ်းတစ်နှစ်၊ ချေးငွေသက်တမ်း သုံးနှစ်သုံးရစ်ဆပ်ဖြစ်ပြီး ချေးငွေအတိုးနှုန်းမှာ တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြစ်သည်။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ပြည်ထောင်စုနယ်မြေ /နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဆီစက်ပိုင်ရှင်များ အသင်းရုံးများအားလုံး၊ ပြည်ထောင် စုနယ်မြေ/ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဆီကုန် သည်နှင့် ဆီလုပ်ငန်း ရှင်များ အသင်းရုံးများအားလုံး၊ ပြည်ထောင်စုနယ်မြေ/ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ရုံးခွဲများအားလုံး၊ ပြည်ထောင်စုနယ်မြေ/ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်နှင့် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံး၊ ပြည်ထောင်စုနယ်မြေ/နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်နှင့်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံးတွင် လျှောက်ထားနိုင်ကြောင်း သိရသည်။

ကိုတိုး-စုစည်းသည်

# အမေရိကန်ဒေါ်လာ ၃၅ သန်းကျော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု သုံးခု ဝင်ရောက်လာ

အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၇၇၈ သန်း ပမာဏရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI လုပ်ငန်းသစ်သုံးခု ဝင်ရောက်လာကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

မေလ ၁၆ ရက်က ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) အစည်းအဝေးတွင် လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအ ပါအဝင် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် သုံးခုနှင့် စက်မှုကဏ္ဍမှ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ခြောက်ခုတို့ကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ယင်းအစည်းအဝေးတွင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၇၇၈ သန်းနှင့် ကျပ် ၃၀၂၀၆ ဒသမ ၉၂၀ သန်းပမာဏရှိသည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ လျှပ်စစ်သွယ်တန်းခြင်းနှင့် ဆက်စပ်သည့် လုပ်ငန်းများ၊ အရန်သင့်အစားအစာများ ပြင်ဆင်ထုတ်လုပ်ခြင်း၊ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း၊ သံနှင့် သံမဏိအခြေခံပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် အခြားလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် ပြည်ပနိုင်ငံပေါင်း ၅၃ ခုအနက် စင်ကာပူနိုင်ငံ၊ တရုတ် နိုင်ငံနှင့် ထိုင်းနိုင်ငံတို့က ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သည့် နိုင်ငံများအဖြစ် ရပ်တည်လျက်ရှိသည်။

ထို့ပြင် စီးပွားရေးကဏ္ဍ ၁၂ ခု အနက် စွမ်းအင်ကဏ္ဍတွင် ၂၈ ဒသမ ၃၄ ရာခိုင်နှုန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ၂၄ ဒသမ ၆၉ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၁၄ ဒသမ ၄၉ ရာခိုင်နှုန်းဖြင့် အများဆုံးဝင်ရောက်ရင်းနှီးမြှုပ်နှံထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဖော်ပြထားသည့် အချက်အလက်များအရ သိရသည်။



# မေလတွင်း စက်သုံးဆီလုပ်ငန်းရှင်များအား အမေရိကန်ဒေါ်လာရောင်းချပေးမှု သန်း ၇၀ ကျော်ထိရှိလာ

မေလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြား ငွေကြေးဈေးကွက် (FX Trading Platform) တွင် စက်သုံးဆီလုပ်ငန်းရှင်များအား အမေရိကန်ဒေါ်လာရောင်းချပေးမှု သန်း ၈၀ ကျော်ထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက် (FX Trading Platform) တွင် စက်သုံးဆီလုပ်ငန်းရှင်များအား မေ ၆ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃ သန်းနှင့် ထိုင်းဘတ် သန်း ၂၀၀ အားလည်းကောင်း၊ မေ ၁၃ အမေရိကန် ဒေါ်လာ ၂၃ ဒသမ ၆၇ သန်းနှင့် ထိုင်းဘတ် သန်း ၅၀ အားလည်းကောင်း၊ မေ ၂၇ ရက်တွင် အမေရိကန်ဒေါ်လာ သန်း ၃၀ အား အသီးသီး ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ တော်ဗဟိုဘဏ်က နိုင်ငံခြားငွေကြေးဈေးကွက် (FX Trading Platform) တွင် စားသုံးဆီနှင့် အခြားကုန်စည်များတင်သွင်းသည့် လုပ်ငန်းရှင်များအတွက် CMP လုပ်ငန်းများသို့ ဝင်ရောက်သည့် နိုင်ငံခြားငွေမှ တစ်ရက်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ သန်းခန့် နေ့စဉ်ရောင်းချပေးလျက်ရှိသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက်တွင် စက်သုံးဆီလုပ်ငန်းရှင်များအား အမေရိကန်ဒေါ်လာ သန်း ၁၀၀ ပံ့ပိုးပေးရန် စီစဉ်ထားကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းရှင်များအတွက် အမေရိကန်ဒေါ်လာများ ဆက်တိုက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပြီးခဲ့သည့်လအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက် (FX Trading Platform) တွင် စက်သုံးဆီလုပ်ငန်းရှင်များအား အမေရိကန်ဒေါ်လာရောင်းချပေးမှု သန်း ၁၂၀ ကျော်ထိ ရှိခဲ့ကြောင်း သိရသည်။

# ၂၀၂၅ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်ဘီလျံ ၅၄၀ ခန့် ထုတ်ချေးပေးရန် လျာထား

ယခု ဘဏ္ဍာနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၆၈၈ ဘီလျံကျော် လျာထားပြီး ၂၀၂၅ မိုးရာသီတွင် ဧကပေါင်း ၃ ဒသမ ၇ သန်းကျော်အတွက် ကျပ်ဘီလီယံ ၅၄၀ ခန့် ထုတ်ချေးရန် လျာထားကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၅ မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများအား ယခင်ချေးငွေ အရင်း၊ အတိုးများပါ ပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူများသို့ မိုးရာသီ စိုက်ပျိုးချိန်အမီ မေလ ၁၉ ရက်မှစတင် ၍ ယခင်နှစ်နည်းတူ တစ်နှစ်လျှင် အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများမှတစ်ဆင့် ထုတ်ချေးနေပြီဖြစ်ကြောင်း အသိပေးကြေညာထားသည်။ စုစုပေါင်းစိုက်ပျိုးဧက ၅ ဒသမ ဝ၈၉ သန်းအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၆၈၈ ဒသမ ၁၁၂ ဘီလီယံအထိ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ယခု ၂၀၂၅ မိုးရာသီ စိုက်ပျိုးသီးနှံ ဧကပေါင်း ၃ ဒသမ ၇၆၅ သန်းအတွက် ကျပ် ၅၃၈ ဒသမ ၂၁၃ ဘီလီယံ ထုတ်ချေးပေးမည်ဖြစ်သည်။

အလားတူ ၂၀၂၅ ဆောင်းရာသီစိုက်ပျိုးသီးနှံ ဧကပေါင်း ၁ ဒသမ ၂၅၃ သန်းအတွက် ကျပ် ၁၃၉ ဒသမ ၈၉၉ ဘီလီယံထုတ်ချေးပေးမည်ဖြစ်ပြီး ၂၀၂၆ မိုးကြိုရာသီ စိုက်ပျိုးသီးနှံဧက ၇၀၃၁၁ အတွက် ကျပ် ၁၀ ဘီလီယံ ထုတ်ချေးပေးသွားမည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းစိုက်ပျိုးဧက ၄ ဒသမ ၅၇၉ သန်း (တောင်သူ ၇၄၄၁၉၄ ဦး) အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၆၂၃ ဒသမ ၁၄၂ ဘီလီယံ ထုတ်ချေးပေးခဲ့သည်။

၂၀၂၄ မိုးရာသီစိုက်ပျိုးသီးနှံအတွက် ကျပ် ၄၉၄ ဒသမ ၉၁၇ ဘီလီယံ၊ ၂၀၂၄ ဆောင်းရာသီ စိုက်ပျိုးသီးနှံအတွက် ကျပ် ၁၂၀ ဒသမ ၆၈၇ ဘီလီယံနှင့် ၂၀၂၅ မိုးကြိုစိုက်ပျိုးသီးနှံအတွက် ကျပ်၇ ဒသမ ၅၃၆ ဘီလီယံ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

# “ဈေးသက်သာပြီး Brand ဝတ်ရတဲ့ Export အထည်တွေကို ရွေးချယ်ဝယ်ယူလာကြတယ်”

## Golden Kids Export Kids Wear and Accessories တည်ထောင်သူ ဒေါ်တာရာနှင့် တွေ့ဆုံမေးမြန်းခြင်း

**လက်ရှိပြည်တွင်းဈေးကွက်ထဲတွင် အဝတ်အထည်များအား ရွေးချယ်ဝတ်ဆင်လာကြရာတွင် အဝတ်အထည်သစ် (Brand) များအား ဝတ်ဆင်ကြသလို Export အဝတ်အထည်များလည်း ဝတ်ဆင်ဝယ်ယူကြမှု များပြားလာလျက်ရှိသည်။ Export အဝတ်အထည်များသည် ဈေးကွက်ထဲတွင် ဈေးနှုန်းအားဖြင့် သက်သာပြီး အရည်အသွေး (Quality) ကောင်းမွန်သည့်အတွက် လူကြိုက်များလျက်ရှိသည်။ သို့ဖြစ်ရာ ဈေးကွက်ထဲတွင် Export အဝတ်အထည်များအား ဖြန့်ချိလျက်ရှိသည့် Golden Kids Export Kids Wear and Accessories တည်ထောင်သူ ဒေါ်တာရာနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**



**ပြည်တွင်းဈေးကွက်ထဲ Export အဝတ်အထည်တွေကို စတင်ဖြန့်ဖြူးဖြစ်ပုံလေး ရှင်းပြပေးပါဦး။**


ဈေးကွက်ထဲမှာ Export အထည်တွေကို စရောင်းဖြစ်တာကတော့ အဓိကတော့ သားနဲ့သမီးကို အထည်လိုက်ဝယ်ပေးလိုက်တဲ့အခါမှာ Export အထည်တွေကို ဝယ်ပေးဖြစ်တယ်။ အဲလိုဝယ်ပေးလိုက်တဲ့အချိန်မှာ Export အထည်ဆိုတာက Brand တွေလေ။ Brand တွေဆိုတော့ ဘာပဲပြောပြော H&M အမှတ်တံဆိပ်ကို ဝက်ဘ်ဆိုဘ်ကနေ မှာလိုက်တယ်ဆိုရင် တစ်ထည်ကို ကျပ်သိန်းနဲ့ချီကျတယ်။ အဲတော့ Export ထဲကနေကျတော့ H&M ကိုပဲ ကျပ်တစ်သောင်းကျော်နဲ့ရတယ်။ Brand အရည်အသွေးကိုလည်း ရသလို ဈေးကျတော့လည်း အရမ်းကွာဟသွားတယ်။ အဲလိုမျိုး သားနဲ့သမီးအတွက် ဝယ်ပေးလိုက်ပြီးတော့မှ ကျွန်မလည်း အရမ်းသဘောကျတဲ့အတွက် ကိုယ်တိုင်စရောင်းဖြစ်တယ်။ အဲလိုရောင်းရင်းနဲ့ လက်လီ၊ လက်ကား ရောင်းပေးတဲ့ ပုံစံမျိုးထိဖြစ်လာတာပေါ့နော်။ Export မှာကကျတော့ ကိုရီးယား Brand အဝတ်အထည်တွေဆိုရင် အရမ်းကွာလတီကောင်းတယ်။ ကိုရီးယားနိုင်ငံရဲ့ ထိပ်တန်းအရည်အသွေးရှိတဲ့ အထည်တွေလိုမျိုးတွေဝင်လာတာပါ။ အဲလိုမျိုး Brand တွေဆိုရင် လူတော်တော်များများကြိုက်ကြတယ်။ H&M၊ Uniqulo အများဆုံး ဝယ်ကြတာများတယ်။ ဒါပေမယ့် Export သည် နိုင်ငံတကာကို တင်ပို့တဲ့ဈေးကွက် ဖြစ်တယ်။ ဥရောပကို တင်ပို့တဲ့ Brand တွေက Cutting တွေက ကြီးတယ်။ ကျွန်မအနေနဲ့ Export ဈေးကွက်ထဲကိုကျတော့ ပထမဦးဆုံး Organizer အဖွဲ့တစ်ခုကနေပြီးတော့ ချိတ်ဆက်ပေးတဲ့အခါမှာ လာရောင်းကြည့်ပါဆိုပြီး ကိုယ်ကလည်း တစ်ခါမှ အပြင်မှာ မရောင်းဖူးတဲ့အခါကျတော့ စပြီးလုပ်ဖြစ်တာပေါ့။ ဒီအတိုင်း အပြင်မှာလည်း ရောင်းသလို အွန်လိုင်းကနေလည်း ရောင်းပါတယ်။ နောက်ပြီးတော့ ဆိုင်မှာကိုယ်တိုင်ကိုယ်ကျ လာဝယ်ချင်တယ်ဆို လည်း ရပါတယ်။

**အခုနောက်ပိုင်း Export အထည်တွေကို ဝယ်ယူဝတ်ဆင်ကြမှု မြင့်တက်လာတာ ဘာကြောင့်ပါလဲ။**

ဘာဖြစ်လို့လဲဆိုတော့ Export အဝတ်အထည်တွေက ပစ္စည်းလည်းကောင်းသလို အရည်အသွေးကလည်း ဝက်ဆိုဘ်ထဲက အရည်အသွေးအတိုင်းရတယ်။ ပြီးတော့ ဘာဖြစ်လို့ Export ထွက်တာလဲဆိုတော့ နိုင်ငံခြားက အော်ဒါအပ်တဲ့သူတွေက ဒီဘက်က ချုပ်ရုံတွေကို အထည်တစ်သောင်း အပ်တယ်ဆိုပါစို့။ ပိတ်စက ၁၁၀၀၀ ပေးလိုက်တယ်။ တစ်ထောင်ပိုသွားရော။ သူတို့က တစ်သောင်း ရွေးယူသွားတယ်။ တစ်ထောင်ပိုသွားတယ်။ အဲဒါကို Export ဆိုပြီးတော့ ရောင်းတယ်။ အဲတော့ အရည်အသွေးလည်းကောင်းတယ်။ ဒါပေမယ့် တစ်ခါတလေ ချည်ချော်တာလေးတွေ အစက်တစ်စက် အပေါက် သေးသေးလေးတွေတော့ ပါတက်တယ်။ ဒါပေမယ့်လည်း Brand ဟာ Brand ပါပဲ။ ဈေးကတော့ သက်သာသွားတယ်။ အခုနောက်ပိုင်း လူတွေက ဘာဖြစ်လာလဲဆိုတော့ ဈေးလည်းသက်သာပြီး အရည်အသွေးလည်းကောင်းတဲ့အတွက် Export အဝတ်အထည်တွေကို ရွေးချယ် ဝယ်ယူလာကြတယ်။ တခြားတစ်ခုခုကို ဝတ်မယ့်အစား Export အထည်ကိုပဲ ဝယ်ပြီးဝတ်ဆင်ကြတယ်။ Export အထည်က ဝတ်လိုက်တဲ့အခါမှာလည်း အရမ်းကိုပဲ သက်သောင့်သက်သာဖြစ်တယ်။ Export သည် အရမ်းကို လှနေတာတော့ မဟုတ်ဘူး။ ဒါပေမယ့် ဝတ်ရတဲ့သူတွေအတွက် အရမ်းကို သက်သောင့်သက်သာရှိပါတယ်။ အဲဒါကြောင့် ဈေးသက်သာပြီး Brand ဝတ်ရတဲ့







တိုပ္ပ

အထည်တွေကို ရွေးချယ်ဝယ်ယူလာကြတာဖြစ်တယ်။

**Export နဲ့ ဘေထုပ်က ဘယ်လိုမျိုး ကွာခြားပါသလဲ။**

အဓိကတော့ Export အထည်တွေကို မသိကြတာ။ဘာနဲ့မှားလဲဆိုတော့ ဘေထုပ်နဲ့မှားကြတာ။ Export လို့ပြောလိုက်ရင် မသိကြဘူး။ ဘေထုပ်သမားတွေမှာ တချို့သူတွေကလည်း မသိတဲ့အတွက် ဘေထုပ်ကို ရောချကြတာတွေရှိတယ်။ အဲတော့ ဝယ်တဲ့သူတိုင်းကို ပြောပြရတာတွေရှိတယ်။ တချို့ကျတော့လည်း Export ဆိုတဲ့သဘောတရားကို နားလည်တယ်။ ပြီးတော့ လာဝယ်ပြီဆိုတာနဲ့ ရှင်းပြရတယ်။ ဝယ်နေကျသူဆိုရင်တော့ ပြဿနာမရှိဘူး။ တချို့ကျတော့ Export ဆိုတာ ဘယ်လို၊ ဘေထုပ်ဆိုတာ ဘယ်လိုဆိုတာကို ရှင်းပြရတယ်။ အဓိက ကွာခြားချက်ကတော့ ဘာကိုကြည့်ရင်သိမလဲဆိုတော့ ဆိုင်တွေက ပြောတာထက် ကိုယ်တိုင်ကိုယ်ကျလေ့လာလို့သိရင်တော့ ပိုကောင်းတာပေ့ါ။ ဘေထုပ်ဆိုတာက ဆိုဒ်(Size) တစ်ခုမှာ တစ်ထည်ပဲရှိမှာ။ ဒီဆိုဒ်ကို ဒီအရောင်လိုချင်တယ်ဆိုရင် မရှိဘူး။ Export အထည်ဆိုတာကတော့ သူ့ဟာနဲ့သူများသောအားဖြင့် ရှိတက်တယ်။ ဘာပဲပြောပြော Export ဆိုတာဘယ်လို၊ ဘေထုပ်ဆိုတာ ဘယ်လိုဆိုပြီး ဒီနှစ်ခုကွာခြားချက်တွေကို ဝယ်သူကို ရှင်းပြရတယ်။ အဲလိုရှင်းပြလိုက်တော့ သူတို့သည်လည်း နောက်ပိုင်း Export ကို ဝယ်ယူကြတာများတယ်။ Export ကကျတော့ သူတို့ရဲ့ ထည့်ပေးတဲ့အိတ်တော့ မပါပေမယ့် ကျွန်မတို့ဘာသာ ထုပ်ပိုးမှုပုံစံနဲ့ လုပ်ပေးကြတာပေ့ါ။ ဝက်ဆိုဘ်ကနေ ကြိုက်တယ်ဆိုရင်လည်း ဝက်ဆိုဘ်ကနေ မှာပေ့ါ။ အဲလိုမှ မဟုတ်ဘူးဆိုရင်လည်း ဝက်ဆိုဘ်ကွာလတီအတိုင်း ဈေးသက်သက်သာသာနဲ့ ရချင်တယ်ဆိုရင်လည်း Export ကို ဝယ်ယူသင့်တယ်ပေ့ါနော်။

အဓိကတော့ ဈေးသက်သာသာနဲ့ ရစေချင်တယ်။ ပစ္စည်းကောင်းကောင်းလေးတွေကို အရည်အသွေး ကောင်းကောင်းလေးနဲ့ ရစေချင်တယ်။ အဲလိုသုံးချင်တယ်ဆိုရင်တော့ Export ကို ဝယ်ယူစေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ Brand လည်းသုံးရတယ်။ တချို့အထည်တွေကို သုံးထားတဲ့ ပစ္စည်းလေးတွေကအစ အရမ်းကောင်းတယ်။ ကျွန်မတို့လည်း ဒါနဲ့ပတ်သက်ပြီး လေ့လာရတယ်။ ကုမ္ပဏီတွေက ထုတ်လိုက်ကတည်းက တော်တော်လေးကောင်းတယ်။ ဈေးတွေဆိုရင်လည်း ကျပ်တစ်သောင်းဝန်းကျင်နဲ့ ရနိုင်မယ်။ ဆိုတော့ Export အထည်တွေကို စိတ်ချလက်ချ သုံးလို့ရပါတယ်။ ဒါက ဘေထုပ်မဟုတ် ပါဘူးလို့ ပြောချင်ပါတယ်။

**ဖြည့်စွက်ပြောချင်တာများရှိပါသလား။**

ကျွန်မက Export အထည်တွေနဲ့ ပတ်သက်ပြီး အရင်ကတည်းကလုပ်လာခဲ့တာပါ။ ဆိုင်မှာလည်း တစ်ခါတလေကျရင် ဒစ်စကောင့်ပေးတာတွေလည်းရှိတယ်။ Export အထည်တွေဆိုရင်လည်း ဂိုဒေါင်ရှင်း၊ လက်ကျန်ဖြတ်တာတွေလည်း အဲလိုမျိုးတွေလည်း ဈေးသက်သက်သာသာနဲ့ ဝယ်ယူနိုင်စေဖို့ မကြာခဏဆိုသလိုရောင်းချပေးပါတယ်။ ဝယ်ယူသူ ကာစတန်မာတွေကိုလည်း လက်ဆောင်တွေလည်း ပေးတယ်။ အမြဲတမ်းဝယ်တဲ့ ဖောက်သည်တွေဆိုလို့ရှိရင်လည်း နှစ်ကုန်လို့ရှိရင် Surprise လက်ဆောင်လေးတွေ မကြာခဏ အမြဲပေးဖြစ်တယ်။ Export အထည်တွေက ဈေးလည်းသက်သာပြီး အရည်အသွေးလည်း ကောင်းတဲ့အတွက် ဝယ်ယူဖို့သင့်တယ်လို့ ပြောလိုပါတယ်။

# တနင်္သာရီတိုင်းဒေသကြီးမှ မီးခိုးမထွက် ဝင်ငွေရရှိနေသည့် MSMEs လုပ်ငန်း



**စိုးပြံ (ထားဝယ်)**

တနင်္သာရီတိုင်းဒေသကြီးသည် တော၊ တောင်၊ လျှိုမြောင်များ ပေါများသည့်အတွက် သဘာဝအတိုင်း အလေ့ကျပေါက်သည့် ကိုင်းဘောပင်များ များပြားစွာ ရှိကြသည်။ အဆိုပါ ကိုင်းဘောပင်များအား တနင်္သာရီတိုင်းဒေသကြီး ထားဝယ်အခေါ်(လဲ့ပင်)ဟုခေါ်၍ ၎င်းလဲ့ပင်များဖြင့်ပြုလုပ်သော တံမြက်စည်းအား(လဲ့စဲခါ) ဟုခေါ်ကြောင်း သိရသည်။

အဆိုပါ ကိုင်းဘောပင်များသည် မိုးအလွန် သီတင်းကျွတ်မှစ၍ သဘာဝအတိုင်း ရှင်သန်ကြီးထွားလာကြပြီးနေရာ အကျယ်အဝန်းပေါ်မူတည်၍ အပင်သောင်းနှင့်ချီကာ တစ်အုပ်တစ်မ ပေါက်ရောက်ကြသည်။ ၎င်းအပင်များအား ဒေသခံတောင်သူများမှ မြက် ရိတ်စက်ဖြင့် အပင်စိမ်းများအားခုတ်ယူပြီး မိမိအိမ်သို့ သင့်ရာနည်းဖြင့်သယ်ယူကာ နှစ်ရက် သုံးရက်ခန့် အခြောက်ခံနေလှန်းပြီး အသီးအစေ့များကို ခါထုတ်၍ အခြောက်အပင် ၁၀၀၀ စည်းများ စည်းကာ တစ်စည်းလျှင်ကျပ် ၅၀၀၀- ၆၀၀၀ ဖြင့် အလုပ်ရုံအရောက် သွားရောက်ရောင်းချကြသည်။

အဆိုပါ ကိုင်းဘောခုတ် တောင်သူများမှာ ဒေသခံ ရော်ဘာခြစ်လုပ်သားများ အများဆုံးဖြစ်ပြီး အဆိုပါလုပ်သားများမှ နံနက်ရော်ဘာစေးလုပ်ငန်းသိမ်းပြီး နေ့လယ်တွင် ကိုင်းဘောများကို ရိတ်သိမ်းကြသည်။ တောင်သူ အိမ်ထောင်တစ်စုလျှင် တစ်နှစ် ကိုင်းဘောခုတ်ရောင်းရာမှ ကျပ် ငါးသိန်းမှ ၁၀ သိန်းခန့် အပိုဝင်ငွေရရှိနေသော မိရိုးဖလာ လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

အလုပ်ရုံများသည် တောင်သူများထံမှ ဝယ်ယူရရှိသည့် ကိုင်းဘောစည်းများအား အဆိုပါကုန်ကြမ်းအစည်းအတိုင်း ၁၂ ဘီးယာဉ်များဖြင့် ရန်ကုန်သို့တင်ပို့၍ ရန်ကုန်ကုမ္ပဏီများမှ အဆိုပါ ကိုင်းဘောခြောက် ၁၀၀၀ စည်းများအား တစ်စည်းလျှင် ကျပ် ၆၅၀၀ ကျပ်မှ ၇၀၀၀ ဖြင့် ဝယ်ယူပြီး ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံများသို့ ကုန်ကြမ်းအတိုင်း ကွန်တိန်နာသေတ္တာဖြင့် ထည့်သွင်း၍ (Normal Trade) ပင်လယ်ရေကြောင်း ခရီးဖြင့် တင်ပို့လျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသထွက် ကိုင်းဘောများအား အလုပ်ရုံများမှ လုပ်သားများဖြင့် ကုန်ချောတံမြက်စည်းများ ပြုလုပ်ပြီး ပြည်တွင်း၊ ပြည်ပသို့လည်း ရောင်းချလျက်ရှိသည်။ ကိုင်းဘော အခြောက်ကိုးချောင်းလျှင် ပီနံရောင်စုံကြိုးများ အသုံးပြု၍ အသင့်အသုံးပြုနိုင်သော ကုန်ချောတံမြက်စည်းတစ်ချောင်း ရရှိကြောင်း၊ တံမြက်စည်းတစ်ချောင်းလျှင် လုပ်သားခ၊ ကုန်ကျစရိတ်များ ထည့်ပေါင်းပြီး ပြည်တွင်းတွင် ဖောက်သည်ဈေး ကျပ် ၁၃၀၀ ခန့် ရရှိကြောင်း သိရသည်။

တံမြက်စည်းများအား ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ၁၂ ဘီးကားများဖြင့် တနင်္သာရီမှ ရန်ကုန်သို့သယ်ယူပြီးကွန်တိန်နာ သေတ္တာများတွင် ထည့်သွင်း ထုပ်ပိုး၍ ပင်လယ်ရေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံများသို့ တင်ပို့ရောင်းချကြောင်းနှင့် တံမြက်စည်း ၁၀ ချောင်းလျှင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဒေါ်လာခန့်ရရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ပြည်ပတင်ပို့နေသည့် တံမြက်စည်းအလုပ်ရုံကြီး သုံးရုံခန့်ရှိပြီး တစ်နှစ်လျှင် ကိုင်းဘော အခြောက် ၁၀၀၀ စည်း သုံးသိန်းမှ လေးသိန်းခန့်ထိ ဝယ်ယူလုပ်ကိုင်လျက်ရှိကြောင်း၊ ပြည်ပသို့နှစ်စဉ် တံမြက်စည်း အချောင်းရေ သိန်း ၂၀၀ မှ ၂၅၀ ခန့် ပုံမှန်တင်ပို့လျက်ရှိပြီး ရာသီဥတု အခြေအနေအရ ကိုင်းဘောပိုမိုထွက်ရှိသည့်အချိန်နှင့် ပြည်ပဝယ်လိုအားကောင်းသည့်အခါမျိုးတွင် တံမြက်စည်း အချောင်းရေ ခန့်မှန်း သိန်း ၃၀၀ မှ ၄၀၀ ခန့်အထိ တင်ပို့ နိုင်ကြောင်း သိရသည်။

တံမြက်စည်း အလုပ်ရုံတွင် လုပ်သားအင်အား ၂၀ ခန့်ရှိကာ ကုန်ကြမ်း(ကိုင်းဘော)မှ ကုန်ချော (တံမြက်စည်း) အဆင့်ဆင့် အားလုံး စုပေါင်းလုပ်ကိုင်ကြပြီး တစ်နေ့ တံမြက်စည်း အချောင်းရေ ၁၀၀၀ ခန့် ထွက်ရှိကြောင်း၊ လုပ်အားခ တစ်ချောင်းလျှင် ကျပ် ၂၅၀ ရရှိပြီး လုပ်သားတစ်ဦး တစ်နေ့လုပ်အားခ ပျမ်းမျှ ကျပ် ၁၂၅၀၀ ခန့်ရရှိကြောင်း သိရသည်။

သို့ပါ၍ တနင်္သာရီတိုင်းဒေသကြီးရှိ ဒေသအလေ့ကျပေါက်ပင် ကိုင်းဘော ထားဝယ်အခေါ် (လဲ့ပင်)များသည် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများရရှိကာ ဆင်းရဲနွမ်းပါးမှုများကို လျှော့ချနိုင်ပြီး ပြည်တွင်း/ပြည်ပ ဝင်ငွေရရှိနေသော တနင်္သာရီတိုင်း ဒေသကြီး၏ မီးခိုးမထွက်သော ဒေသဖွံ့ဖြိုးတိုးတက်ရေး MSMEs လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

# ပြည်မြို့ ဒေသထွက်ကုန်များ

**သရက်သီး**

ပြည်မြို့၏ သစ်သီးဝလံဈေးကွက်အတွင်း ရာသီစာအသီးမျိုးစုံ ရောင်းဝယ်လျက်ရှိသည်။ စိန်တလုံးသရက်သီးမှာ ဒေသတွင်းမှ ထွက်ရှိသကဲ့သို့ မန္တလေးဘက်မှလည်း ဝင်ရောက်လျက်ရှိသည်။ ပြည်ဒေသမှထွက်သော မြကျောက်သရက်သီးသည် အရောင်းအဝယ် အသွက်ဆုံးဖြစ်သည်။ ယခုကာလတွင် ဒေသထွက် လက်ဆောင်ပေးရန် အကောင်းဆုံး သရက်သီးမျိုးဖြစ်သည်။ မေလဆန်းပိုင်းတွင် မြကျောက်သရက်သီးတစ်လုံးလျှင် ကျပ် ၇၀၀-၈၀၀ အထိ အလုံးအရွယ်အစားပေါ်မူတည်၍ ဝယ်ယူကြရသည်။

ယခုအခါ သရက်သီးများ အထွက်လှိုင်လာပြီဖြစ်သည့်အတွက် မြကျောက်သရက်သီးနှင့် စိန်တလုံးသရက်သီး တစ်လုံးလျှင် ကျပ် ၅၀၀-၃၀၀ ဖြင့် ရောင်းဝယ်ကြရပြီး ကျန်သရက်သီးအမျိုးအစားများမှာ တစ်လုံးလျှင် ကျပ် ၂၀၀ မှစ၍ အမျိုးအစားအလိုက် အရွယ်အစားလိုက် ဈေးကွာခြားမှုရှိကြောင်းသိရသည်။

**မြေပဲ**

မေလကုန်ပိုင်းတွင် မြေပဲဆန်ဈေးနှုန်းများ အနေဖြင့် ဆီဆန် (အဖြူ)တစ်ပိဿာလျှင် ကျပ် ၈၈၀၀၊ ဆီဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၈၅၀၀ နှင့် လုံးဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ လုံးဆန် (အနီ)တစ်ပိဿာလျှင် ကျပ် ၉၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ဆန်စပါး**

ပြည်မြို့တွင် နွေစပါးမှာ ၄၆ ပေါင် တင်း ၁၀၀ လျှင် ကျပ် ၁၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး နွေဆန်များမှာ နွေစပါးလှိုင်လှိုင်ပေါ်သော ဒေသများမှတစ်ဆင့် ဝယ်ယူရောင်းချရသည်။ ပြည်ဈေးကွက်အတွင်းရှိ နွေစပါးမှာ အင်းမရဲဘော်ရိုးရိုး တစ်တင်းဈေး ကျပ် ၆၃၀၀၀၊ အင်းမဆူပါ ကျပ် ၆၅၀၀၀၊ ကရင်မဆန် ကျပ် ၅၄၀၀၀၊ ဆင်းသွယ်အသစ်တစ်အိတ်လျှင် ကျပ် ၆၃၀၀၀၊ မော်ဘီ တစ်အိတ်လျှင် ကျပ် ၇၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ရှိသည်။

**အင်ဥ**

မြန်မာနိုင်ငံတွင် ပဲခူးရိုးမတစ်ကြော အင်တိုင်းမြေများတွင် မိုးဦးကာလ မေ၊ ဇွန်လများတွင် အင်ဥများ ပေါများစွာ တွေ့ရတတ်သည်။ တစ်နှစ်ပတ်လုံးတွင် တစ်ကြိမ်တည်းသာ တွေ့ရှိရပြီး ရက်အတိအကျ မသိနိုင်ဘဲ ယေဘူယျအားဖြင့် မိုးမှန်စပြုချိန်တွင် တွေ့ရလေ့ရှိကြောင်း သိရသည်။

အင်ဥမှာ မှိုမျိုးနွယ်ဝင်မြေအောင်း မှိုတစ်မျိုးဖြစ်သောကြောင့် မှိုများကဲ့သို့ပင် ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည့် အာဟာရဓာတ်များ ပါဝင်သည်။ မှိုနှင့် ဓာတ်မတည့်သူများအနေဖြင့် အင်ဥကို ဆင်ခြင်စားသုံးသင့်ပြီး သွေးတိုးရောဂါ၊ ဂေါက်ရောဂါ၊ လေးဘက်နာရောဂါရှိသူနှင့် အဆစ်အမြစ်နာကျင်ကိုက်ခဲတတ်သူများ အနေနှင့်လည်း ချင့်ချိန်စားသုံးသင့်သည်။ တစ်နှစ်လျှင် တစ်ကြိမ်သာပေါ်သော ရာသီစာအင်ဥကို မေလစတုတ္ထပတ်တွင် အင်ဥနို့ဆီဘူး တစ်ဘူးလျှင် ကျပ် ၄၅၀၀ ဖြင့် ဈေးကောင်းရပြီး အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**စားတော်ပဲ**

ပြည်မြို့တွင် စားတော်ပဲသီးနှံကို လက်လီအရောင်းအဝယ်သာရှိပြီး တစ်ခါတစ်ရံမှသာ လှောင်သမားများ အဝယ်ရှိသည်။ စားတော်ပဲမှာ မြို့တွင်းစားသုံးမှုသာရှိပြီး ပဲစတင်ပေါ်စအချိန် မတ်လတွင် စားတော်ပဲ တစ်တင်းလျှင် ကျပ် ၁၂၅၀၀၀ ဖြင့် ဈေးစတင်ဖွင့်ခဲ့သည်။

မေလတွင် စားတော်ပဲဈေး တက်လာပြီး အဝင်လည်း နည်းနေပြီဖြစ်၍ တစ်တင်းလျှင် ကျပ် ၁၅၅၀၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်ကို အိတ် ၂၅-၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ပဲကြီး**

ယခင်နှစ် မေလစတုတ္ထပတ်တွင် ပဲကြီး (ရွှေကျွန်း)တစ်တင်းလျှင် ကျပ် ၉၀၀၀၀၊ ကုန်းပဲတစ်တင်းလျှင် ကျပ် ၈၅၀၀၀ ဖြင့် မြို့တွင်းပဲကြော်သမားများနှင့် နယ်စုံ အဝယ်တစ်ရက်လျှင် အိတ် ၂၀၀-၃၀၀ ခန့်ရှိသည်။

ယခုနှစ်မေလစတုတ္ထပတ်တွင် ယခင်နှစ်ထက် ဈေးထက်ကျနေပြီး ပဲကြီး(ရွှေကျွန်း)တစ်တင်းလျှင် ကျပ် ၈၈၀၀၀၊ ကုန်းပဲတစ်တင်းလျှင် ကျပ် ၈၀၀၀၀ ဖြင့် မြို့တွင်း ပဲကြော်သမားများက အဝယ် တစ်ရက်လျှင် အိတ် ၂၅၀ ခန့်ရှိသည်။

**ကြက်သွန်နီ**

ပြည်ဈေးကွက်အတွင်း ကြက်သွန်နီမှာ ယခင်ပတ်များမှ အဝင်များထားသဖြင့် ပစ္စည်းလက်ကျန်များနေသည့်အတွက် ယခု မေလကုန်တွင် အဝင်နည်းလျက်ရှိနေသည်။ မကွေးတိုင်း ဆိပ်ဖြူနှင့် အောင်လံမြို့နယ်တို့မှသာ အဝင်ရှိနေပြီး တစ်ရက်လျှင် ပိဿာချိန် ၇၀၀၀ခန့်သာ အဝင်ရှိနေသည်။ ယခင်ပတ်များက တစ်ရက်လျှင် ပိဿာချိန် ၁၃၀၀၀ ခန့် အဝင်ရှိခဲ့သဖြင့် ယခုမေလကုန်တွင် ထက်ဝက်ခန့် အဝင်နည်းသွားကြောင်း သိရသည်။ အရောင်းအဝယ်အေးလျက်ရှိနေပြီး ပုံမှန်ဝယ်လက်များ အိတ်ဆွဲဝယ်ရောင်းသမားများနှင့်သာ ရောင်းဝယ်မှုရှိနေသည်။ ဈေးနှုန်းမှာ အရည်အသွေးပေါ်မူတည်ပြီး ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် ကြီး/လတ်/သေး ကျပ်၁၂၀၀-၁၄၀၀-၁၅၀၀-၁၆၀၀ နှုန်းတို့ရှိပြီး လက်လီ တစ်ပိဿာလျှင် ကျပ် ၁၇၀၀-၁၈၀၀-၂၀၀၀-၂၁၀၀ နှုန်းဖြင့် အသီးသီး ရောင်းဝယ်မှုရှိနေကြောင်း သိရသည်။

**အိအိခိုင်၊ မိမိအေး၊ ဝင်းလဲ့ဝါ၊ လွင်လွင်ဆန်း၊ ဝေဝေမင်း၊ နွယ်နွယ်လှိုင်(ပြည်)**

# ရာသီပေါ်သီးနှံ မြစ်ကြီးနားဒေသထွက် လိုင်ချီးသီး(ခေါ်) တရုတ်ဆီးသီး

မေလသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်တွင် ရာသီပေါ်သီးနှံ တစ်မျိုးဖြစ်သည့် လိုင်ချီးသီး(ခေါ်) တရုတ်ဆီးသီးများ လှိုင်လှိုင်ပေါ်သည့် အချိန်ဖြစ်သည်။ ဒေသခံပြည်သူများသာမက လူအများစုကြိုက်နှစ်သက်သော သီးနှံတစ်မျိုးဖြစ်၍ ဈေးကောင်းရပြီး စိုက်ပျိုးသူများအနေဖြင့် ဝင်ငွေတိုးပွားလျက်ရှိသည်။

လိုင်ချီးသီး(ခေါ်)တရုတ်ဆီးသီးကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ဗန်းမော်မြို့နယ်၊ မိုးကောင်းမြို့နယ်မရမ်းကျေးရွာများတွင် လူနေခြံဝင်းများနှင့် ဥယျာဉ်ခြံများတွင် အဓိက စိုက်ပျိုးကြပြီး အစေ့ကိုစိုက်သော အပင်များမှာ ခုနစ်နှစ်မှ ရှစ်နှစ်အတွင်း အသီးစတင်သီး၍ ကိုင်းဆက်ကူးစိုက်ပျိုးပါက သုံးနှစ်မှ လေးနှစ်အတွင်း အသီးသီးသည်။

မြစ်ကြီးနား လိုင်ချီးသီး(ခေါ်)တရုတ်ဆီးသီးသည် အသားထူ အစေ့သေး ချိုမွှေး အနံ့အရသာရှိသည့်မျိုးနှင့် အသားပါးအစေ့ကြီး အချဉ်ဓာတ် အနည်းငယ်ရှိသည့်မျိုးဟူ၍ နှစ်မျိုးရှိပြီး အမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိသော်လည်း နှစ်မျိုးစလုံးကို စားသုံးသူများ ကြိုက်နှစ်သက်ကြောင်း တွေ့ရသည်။

မြစ်ကြီးနား လိုင်ချီးသီး(ခေါ်)တရုတ်ဆီးသီးသည် မေလတွင် စတင်ထွက်ပေါ်ပြီး သီးနှံပေါ်ချိန် ရက်သတ္တနှစ်ပတ်မှ သုံးပတ်အတွင်းသာ ဝယ်ယူရောင်းရသည့်အတွက် အချိန်တိုတောင်းကြောင်း၊ သီးနှံရောင်းဝယ်သူများအနေဖြင့် အပင်ပြတ် ဝယ်ယူကြောင်း၊ အသားထူ အစေ့သေးမျိုးအား အသီးအရေအတွက်ပေါ် မူတည်၍ တစ်ပင်လျှင် ကျပ် ၂၅၀၀၀၀ မှ ၃၅၀၀၀၀ အထိလည်းကောင်း၊ အသားပါးအစေ့ကြီးမျိုးအား ကျပ် ၁၅၀၀၀၀ မှ ၂၂၀၀၀၀ အထိလည်းကောင်း ခြံအရောက်ဝယ်ယူလျက်ရှိကြောင်း၊ လက်လီဈေးနှုန်းအနေဖြင့် စတင်ထွက်ပေါ်ချိန်တွင် အသားထူ အစေ့ကြီးမျိုး အလုံး ၅၀ ပါ တစ်တွဲလျှင် ကျပ် ၃၅၀၀၊ အသားပါးအစေ့ကြီး အလုံး၅၀ပါ တစ်တွဲလျှင် ကျပ် ၂၅၀၀၊ လှိုင်လှိုင်ပေါ်ထွက်ချိန်တွင် အသားထူ အစေ့သေးမျိုး တစ်တွဲလျှင် ကျပ် ၃၀၀၀၊ အသားပါး အစေ့ကြီးမျိုး တစ်တွဲလျှင် ကျပ် ၂၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သီးနှံရောင်းဝယ်သူထံမှ သိရသည်။

ကျန်းမာရေးနှင့်ကိုက်ညီသည့် မြစ်ကြီးနားဒေသထွက် လိုင်ချီးသီး(ခေါ်)တရုတ်ဆီးသီးသည် စားသုံးသူအနေဖြင့် နှစ်ခြိုက်စွာဝယ်ယူစားသုံးသကဲ့သို့ ရပ်ဝေးမှ မိသားစုဝင်များ မိတ်ဆွေများထံ လက်ဆောင်များပေးပို့ခြင်းများလည်း ရှိသဖြင့် စိုက်ပျိုးသူများလည်း ဝင်ငွေရ၊ ရောင်းချသူများလည်း အကျိုးအမြတ်ရရှိသော ရာသီပေါ်သီးနှံတစ်မျိုးဖြစ်သည်။

**ဖြူထွေး(ကချင်)**

# မိုးညှင်းပဲပုပ် စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေ



ကချင်ပြည်နယ် မိုးညှင်းခရိုင်သည် မိုးစပါးရိတ်သိမ်းပြီးနောက် သီးထပ်၊ သီးညှပ်အဖြစ် ပဲပုပ်ကို အဓိကထားစိုက်ပျိုးကြသည်။ ပဲပုပ်ကို ဆောင်းသီးနှံအဖြစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စိုက်ပျိုးကြပြီး ဧပြီလနှင့် မေလတို့တွင် ရိတ်သိမ်းကြသည်။

ယခုအချိန်တွင် ပဲပုပ်စေ့များလှိုင်လှိုင်ထွက်ပေါ်လာပြီဖြစ်သည်။ ပဲပုပ်စိုက်ပျိုးရာတွင် သဘာဝမြေဩဇာ၊ နွားချေး၊ မြေဆွေးနှင့် ဓာတ်မြေဩဇာများကို တွဲဖက်အသုံးပြုခြင်းဖြင့် ပဲပုပ်ပင်အကြီးမြန်စေခြင်း၊ ရေအစိုဓာတ်ကို ပိုမိုထိန်းသိမ်းနိုင်စေခြင်း၊ မြေတွင်းရှိ အာဟာရဓာတ်များကို စုပ်ယူလွယ်ခြင်း များကြောင့် ပဲပုပ်အထွက်ကောင်း ရရှိစေသည်။

ပဲပုပ်သီးနှံတွင် ရောဂါကျရောက်မှု နည်းပါးစေရန်နှင့် ပိုးမွှားရောဂါဒဏ်မှ ကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာ ပိုးသတ်ဆေးများကိုလည်း ရွေးချယ် ပက်ဖျန်းပေးရန်လိုအပ်သည်။ မိုးညှင်းဒေသနှင့် ကိုက်ညီသည့် ပဲပုပ်မျိုးများဖြစ်သည့် ရေဆင်း-၁၄၊ ရေဆင်း-၁၅ မျိုးများအား အဓိက စိုက်ပျိုးလျက်ရှိသည်။ ၂၀၂၄-၂၀၂၅ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စိုက်ဧက ၃၈၈၂ဧကအပေါ် ရိတ်သိမ်းဧက ၃၈၆၇ ဖြစ်၍ ရိတ်သိမ်းခဲ့ပြီး တစ်ဧကအထွက်နှုန်း (၁၈ ဒသမ ၈၆)တင်းဖြစ်သည်။ ဧပြီနှင့်မေလ ရိတ်သိမ်းရာသီတွင် စုစုပေါင်းအထွက်တင်း ၇၂၉၃၂ တင်း ထွက်ရှိခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရှိရသည်။

မိုးညှင်း ပဲပုပ်ဈေးကွက်အနေဖြင့် ဒေသပေါက်ဈေး ၁၈ ပိဿာပါ တစ်တင်းလျှင် ကျပ် ၇၃၀၀၀ မှ ၇၅၀၀၀ ဖြင့် ဝယ်ယူလျက်ရှိကြောင်း၊ မန္တလေးဈေးကွက်သို့ တင်ပို့ရာတွင် ၁၈ ပိဿာပါ တစ်တင်းလျှင် ကျပ် ၉၈၀၀၀ မှ ၁၀၁၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း၊ မန္တလေးဈေးကွက်သို့ မော်တော်ယာဉ်များဖြင့် အဓိကတင်ပို့လျက်ရှိပြီး ၁၈ ပိဿာပါ တစ်အိတ်လျှင် သယ်ယူခကျပ် ၁၅၀၀၀ ကျသင့်ကြောင်း၊ မေလ စတုတ္ထပတ်ဒေသတွင်း အသုံးပြုမှု နည်းပါးလာခြင်းကြောင့် တင်ပို့မှုလျော့နည်းနေကြောင်းနှင့် ယခုအချိန်အထိ တင်ပို့မှုမှာ တင်း ၃၇၀၀၀ ခန့်တင်ပို့ထားကြောင်း ပဲပုပ်ကုန်သည်တစ်ဦးထံမှ သိရ သည်။

တင်ပို့မှုလျော့နည်းခြင်းကြောင့် ဆီကြိတ်ခွဲထုတ်လုပ် နိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံရေးနှင့် တိရစ္ဆာန်အစားအစာအတွက် အထောက်အကူဖြစ်နိုင်သကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိမည်ဖြစ်သည်။ ထို့အတူ ပဲပုပ်စိုက်ပျိုးသူများ၊ ဆီစက်လုပ်ငန်းရှင်များ ဝင်ငွေ အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်သောကြောင့် ပဲပုပ်ဆီထုတ်လုပ်သည့် နည်းပညာများ၊ လူတိုင်းစားသုံးနိုင်ရန်အတွက် ဆီထုတ်လုပ်ရာတွင် သန့်စင်သည့် နည်းပညာများရရှိနိုင်ရန် သက်ဆိုင်ရာ ဌာနများအနေဖြင့် ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးပါက အကျိုးအမြတ်များစွာ ရရှိမည်ဖြစ်ကြောင်း ပဲပုပ်အသင်းမှ ပြောကြားခဲ့ပြီး မိုးညှင်းဒေသထွက် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေအား တင်ပြလိုက်ပါသည်။

**ကျော်မိုးလွင် (မိုးညှင်း)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ် စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး


ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။

ဖုန်း - ၀၆၇(၃)၄၀၈၅၀၅

အီးမေးလ် - mmcc.office@commerce.gov.mm

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |



# ပခုက္ကူထွက် ကြက်သွန်နီနှင့် ပဲယဉ်းနီ

### ကြက်သွန်နီ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၏ ကြက်သွန်နီ စိုက်ပျိုးရာ ဒေသများဖြစ်သော ပေါက်၊ ဆိပ်ဖြူ၊ ကမ္မ၊ ရေပြာတို့မှ ဆောင်းစိုက် (ပင်စိုက်) ကြက်သွန်နီများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ပခုက္ကူ ကြက်သွန်နီကုန်စည်ဒိုင်သို့ ပခုက္ကူမြို့နယ်အတွင်းရှိ ကျွန်းနယ်များသာမက ရေနံချောင်း၊ မန္တလေး၊ ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာများမှလည်း ဝင်ရောက်လျက်ရှိသည်။ ပခုက္ကူ ကြက်သွန်နီ ဈေးကွက်အနေဖြင့် ယခုတစ်ပတ်တွင် ဈေးငြိမ်နေပြီး တစ်ရက်လျှင် ကုန်ချိန် ပိဿာ ၈၀၀၀၀ မှ ၁၀၀၀၀၀ အထိ အရောင်းအဝယ် ဖြစ်သဖြင့် ယခင်ပတ်ထက် ကုန်ဝင်ရောက်မှုမှာ များလျက်ရှိကြောင်း သိရသည်။

မေလစတုတ္ထပတ်တွင် ကြက်သွန်နီကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ခဲ့သော ဈေးနှုန်းမှာ တစ်ပိဿာလျှင် ထိပ်စ ကျပ် ၁၃၀၀၊ အလတ် ကျပ် ၁၀၀၀၊ အနိမ့်စ ကျပ် ၈၀၀ ဖြစ်ပြီး ယခင်ဧပြီလ စတုတ္ထပတ်တွင် အရောင်းအဝယ်ဖြစ်ခဲ့သော ဈေးနှုန်းမှာ တစ်ပိဿာလျှင် ထိပ်စ ကျပ် ၁၄၅၀၊ အလတ်စ ကျပ် ၁၁၀၀၊ အနိမ့်စ ကျပ် ၉၀၀ ဖြစ်၍ တစ်လအတွင်း ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၁၅၀ ခန့်ဈေးနှုန်းကျဆင်းခဲ့ကြောင်းသိရသည်။ တစ်ပတ်အတွင်း ပိဿာချိန် ၄၇၀၀၀၀ ခန့်ဖြစ်ပြီး တင်ပို့မှုအနေဖြင့် ရန်ကုန်၊ ဟသ်ာတနှင့် မြဝတီမြို့များသို့ နေ့စဉ်တင်ပို့ကြောင်း သိရသည်။

ပခုက္ကူမြို့မစည်ပင်ဈေးနှင့် အမှတ်(၂)ဈေးတွင် ရောင်းချနေသော ကြက်သွန်နီ လက်လီဈေးမှာ တစ်ပိဿာလျှင် အမြင့်ဈေး ကျပ် ၁၆၀၀ မှ အနိမ့်ဈေး ကျပ် ၁၀၀၀ ထိ အရောင်းအဝယ်လျက်ရှိသည်။

### ပဲယဉ်းနီ

ပခုက္ကူမြို့နယ်တွင် ပဲယဉ်းသီးနှံကို မြစ်ခြေနှင့် ရေစကြိုမြို့နယ်များတွင် အဓိကစိုက်ပျိုးလျက်ရှိသည်။ ပခုက္ကူ ကုန်စည်ဒိုင်တွင် မြစ်ခြေဒေသမှ စိုက်ပျိုးသော ပဲယဉ်းနီများ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပခုက္ကူမြို့ နယ်တွင် ပဲယဉ်းနီ စိုက်ပျိုးဧက ၈၀၀ ရှိပြီး ပဲယဉ်းနီကို အောက်တိုဘာလကုန် နိုဝင်ဘာလတွင် စတင်စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလတွင် စတင်ရိတ်သိမ်းကြသည်။

မေလ တတိယပတ်တွင် အရောင်းအဝယ်ဖြစ်ခဲ့သော ပဲယဉ်းနီ မြစ်ခြေဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၇၈၀၀၀၊ ပဲယဉ်းနီ (ယော)တစ်တင်းလျှင်ကျပ် ၈၇၇၀၀ ဖြစ်၍ မေလ စတုတ္ထပတ်တွင် ပဲယဉ်းနီ မြစ်ခြေ တစ်တင်းလျှင် ကျပ် ၇၈၀၀၀၊ ပဲယဉ်းနီ တစ်တင်းလျှင် ကျပ် ၉၁၅၀၀ ဖြစ်ပြီး မေလ တတိယပတ်နှင့် နှိုင်းယှဉ်ပါက ပဲယဉ်းနီတစ်တင်းလျှင် ကျပ် ၃၈၀၀ ခန့် ဈေးတက်နေကြောင်း၊ အရောင်းအဝယ်ဖြစ်မှု အိတ်ရေမှာ တစ်ရက်လျှင် အိတ် ၅၀ မှ ၁၀၀ ထိရှိနေကြောင်း ကုန်စည်ဒိုင်မှ သိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ဖိလစ်ပိုင်နိုင်ငံ၏ သရက်သီးဈေးကွက် တိုးချဲ့နိုင်ရေး ဆောင်ရွက်လျက်ရှိ

၂၀၂၅ ခုနှစ် မေလက ကျင်းပခဲ့သည့် 2025 International Food Exhibition (IFEX) တွင် ခင်းကျင်းပြသခဲ့သည့် ဖိလစ်ပိုင်နိုင်ငံ အနောက်ပိုင်း Visayas ဒေသထွက် Guimaras အမျိုးအစား သရက်သီးအား ပြည်တွင်း၌သာမက နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ဖိလစ်ပိုင် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ သရက်သီးအမျိုးအစားသည် ၂၀၂၃ ခုနှစ်တွင် ဖိလစ်ပိုင်မူပိုင်ခွင့်ဌာန၏ ဒေသထွက်မှန်ကန်ကြောင်း ညွှန်ပြချက် (Geographical Indication-GI) လက်မှတ် ရရှိ ထားပြီးဖြစ်သည်။

မူပိုင်ခွင့် (Trademark) ရရှိထားခြင်းဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်တွင် မညီမျှသော ယှဉ်ပြိုင်ခြင်းများနှင့် အတုအပ ပြုလုပ်ခြင်းတို့ကို အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်းရှိ တောင်သူများအား အထောက်အပံ့ပေးနိုင်ခြင်း၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် တိုင်းပြည်၏ စိုက်ပျိုးရေးကဏ္ဍအား ထိန်းသိမ်းစောင့်ရှောက်နိုင်မည်လည်းဖြစ်သည်။

ယခုဆိုလျှင် စင်ကာပူနိုင်ငံအခြေစိုက် e-commerce Platform တစ်ခုဖြစ်သော Shopee တွင် ရောင်းချသွားမည်ဖြစ်ပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြစ်သော LBC, PHLPost တို့နှင့်လည်း ချိတ်ဆက်၍ နိုင်ငံတစ်ဝန်း ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် အထူးသဖြင့် မြို့တော်မနီလာအတွက်ဖြစ်သည်။

ထပ်မံ၍ ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် သရက်သီးစိုက်ပျိုးသူများအား အရည်အသွေးမြှင့်သင်တန်းများ ပို့ချပေးခြင်း၊ GI စံနှုန်းနှင့်ကိုက်ညီစေရန် လမ်းညွှန်ပြသပေးခြင်းတို့အပြင် အသိပညာပေး အစီအစဉ်များပြုလုပ်ပေးခြင်း၊ စားသုံးသူများအနေဖြင့်လည်း GI Seal ပါရှိခြင်း၏ ထူးခြားချက်များ၊ အရည်အသွေး ထိန်းသိမ်းထားရှိပုံတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ပြောကြားလျက်ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ သရက်သီး (HS 080450) တင်ပို့မှုသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၇၃ သန်းရှိရာမှ ၂၀၂၄ ခုနှစ်တွင် ၄၀ ဒသမ ၆၇ သန်းသို့ ကျဆင်းခဲ့ကြောင်း၊ ကမ္ဘာ့သရက်သီးဈေးကွက်တွင်း ယှဉ်ပြိုင်မှုများ မြင့်တက်လာခြင်းကြောင့် ဖိလစ်ပိုင် သရက်သီးတင်ပို့မှုသည် ကျဆင်းလျက်ရှိသည်ကိုတွေ့ရှိကြောင်း၊ ပုံမှန်တင်သွင်းလျက်ရှိသော ဂျပန်၊ တောင်ကိုရီးယား ဈေးကွက်တို့၏ အကြိုက်သည် အခြားသော ဈေးကွက်များဖြစ်သည့် အိန္ဒိယ၊ မက္ကဆီကို၊ ထိုင်း၊ ဗီယက်နမ်ဈေးကွက်များသို့ ပြောင်းရွှေ့စိတ်ဝင်စားလျက်ရှိသည်။

အိန္ဒိယနိုင်ငံ၏ Alphonso Mango တင်ပို့နေသည့် strategy ကို လေ့လာလျက်ရှိပြီး အစိုးရအနေဖြင့် အိန္ဒိယသရက်သီးဈေးကွက် တိုးချဲ့ဝင်ရောက်နိုင်ရေး မည်ကဲ့သို့ ထောက်ပံ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းတို့၏ အတွေ့အကြုံများပေါ် အခြေခံ၍ ဖိလစ်ပိုင်နိုင်ငံ၏ သရက်သီး ပြည်ပတင်ပို့မှု မြင့်တက်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့။**



# ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အခွန်နှုန်းထားအား ဖိလစ်ပိုင်နိုင်ငံ ဆက်လက် လျှော့ချပေးမည်

ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အခွန်နှုန်းထားအား ၁၅ရာခိုင်နှုန်းထိ လျှော့ချထားပေးမှုကို ဆက်လက်ထားရှိလိုကြောင်း စိုက်ပျိုးရေးဝန်ကြီးက မေလ ၂၆ ရက်တွင် ပြောကြားခဲ့သည်။

ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့်အခွန် နှုန်းထားအား ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ၃၅ရာခိုင်နှုန်း မှ ၁၅ရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့ပြီး ဈေးကွက်တွင်း ဆန်ဈေးနှုန်းများ ကျဆင်းစေရန်အတွက် ဖြစ်ကြောင်း၊ သို့သော် ပြည်တွင်းဆန်ဈေးနှုန်းမှာ ဆက်လက်မြင့်တက်နေဆဲဖြစ်ပြီး အခွန်နှုန်း လျှော့ချပေးခြင်း၏ အကျိုးအမြတ်များကို ဆန်တင်သွင်းသူများကသာ ရရှိခံစားနေရသကဲ့သို့ဖြစ်နေကြောင်း ဖော်ပြထားရှိသည်။

၂၀၂၄ ခုနှစ် ဇူလိုင်လ အမိန့်ကြော်ငြာစာအမှတ် ၆၂ အရ ဆန်အပါအဝင် အရေးကြီး ကုန်စည်များတင်သွင်းခြင်းအပေါ် အခွန်နှုန်း လျှော့ချပေးခြင်းကို ဈေးကွက်အခြေအနေအရ လေးလတစ်ကြိမ် ပြန်လည်သုံးသပ်သွားရန် ဖြစ်သည်။ စိုက်ပျိုးရေးဝန်ကြီး၏ ပြောကြားချက်အရ ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုသည် တဖြည်းဖြည်းချင်း မြင့်တက်လျက်ရှိသည့်အတွက် သေချာပြန်လည် သုံးသပ်စဉ်းစားရန်လိုအပ်ကြောင်း၊ အခြားသော စီးပွားရေးအကြံပေးများနှင့်လည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ပြည်တွင်းဆန်လက်ကျန် အကန့်အသတ်ကြောင့် ဆန်ဈေးနှုန်း မြင့်တက်လာမည့် အခြေအနေမျိုးကို ရှောင်ရှားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူကလည်း ပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်အဓိကတင်ပို့လျက်ရှိသည့် ဗီယက်နမ်၊ ထိုင်း၊ ပါကစ္စတန်နိုင်ငံကဲ့သို့သော ဆန်တင်ပို့နေသည့် နိုင်ငံများ၏ စပါးရိတ်သိမ်းသည့်ကာလများတွင် ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အခွန်နှုန်းထားကို မြှင့်တင်သင့်ကြောင်းကိုလည်း စိုက်ပျိုးရေးဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန် စိုက်ပျိုးရေးဌာန၏ ခန့်မှန်းချက်အရ ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုသည် ၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၅ဒသမ၄ သန်းနှင့် ၂၀၂၆ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၅ ဒသမ ၅ သန်းခန့်အထိ တိုးမြှင့်တင်သွင်းနိုင်ဖွယ်ရှိပြီး ၂၀၂၄ ခုနှစ်က တန်ချိန် ၄ ဒသမ ၆၈ ထိ စံချိန်တင် တင်သွင်းခဲ့သည်ကိုလည်း တွေ့ရသည်။

သို့ရာတွင် အမေရိကန် စိုက်ပျိုးရေးဌာန၏ ခန့်မှန်းတွက်ချက်မှုသည် ရာသီဥတု ဆိုးရွားပြင်းထန်ခြင်းကြောင့် စပါးအထွက်နှုန်း ကျဆင်းခြင်းကို ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်ပြီး ပုံမှန်အခြေအနေသို့ ရောက်ရှိရန် မျှော်လင့်ကြောင်း ဖော်ပြထားရှိသည်။

အမိန့်ကြော်ငြာစာအမှတ် (၆၂)ဖြင့် ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အခွန်နှုန်းထားအား ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့ပြီး လေးလတစ်ကြိမ် ပြန်လည်သုံးသပ်သွားရန်ဖြစ်ကြောင်း၊ အခွန်နှုန်းလျှော့ချပေးခြင်းကြောင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လမှ ဒီဇင်ဘာလအထိ ပီဆို ၁၅ ဘီလီယံခန့် ဆုံးရှုံးနစ်နာမှုများရှိသည်ကို ထောက်ပြပြောဆိုမှုများရှိနေကြောင်း၊ သို့ရာတွင် အခွန်နှုန်းထားကို တစ်ဆင့်ချင်း တိုးမြှင့်သွားမှသာလျှင် ဈေးကွက်ကို ထိခိုက်မှု နည်းပါးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးက ပြောကြားထားပြီး အခြားစီးပွားရေးဌာနများ၊ အကြံပေးများနှင့် ညှိနှိုင်းဆွေးနွေးနေဆဲ အခြေအနေဖြစ်သည်။

**ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့။**

# ဖိလစ်ပိုင်နိုင်ငံ သကြားထုတ်လုပ်မှု မူလခန့်မှန်းချက်ထက် ၅ ရာခိုင်နှုန်းခန့် ပိုမိုဖွယ်ရှိ



ဖိလစ်ပိုင်နိုင်ငံ၏ သကြားထုတ်လုပ်မှုသည် မူလခန့်မှန်းထားသည့် တန်ချိန် ၁ ဒသမ ၇၈၂ သန်းမှ ၅ ရာခိုင်နှုန်းခန့် ပိုမိုလျက် ၂၀၂၄-၂၀၂၅ သီးနှံရာသီတွင် တန်ချိန် ၁ ဒသမ ၈၃၇ သန်းထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။

သကြားလုပ်ငန်းနယ်ပယ်၏ နောက်ဆုံးရရှိသည့် အချက်အလက်များအရ ကြံတစ်တန်မှ သကြား ကြိတ်ဝါးထွက်ရှိမှုနှုန်း လျော့နည်းသော်လည်း စိုက်ပျိုးမှုဧရိယာ တစ်ဟက်တာ၏ ကြံတန်ချိန် အထွက်နှုန်း မြင့်မားသည့်အတွက် စုစုပေါင်း သကြားတန်ချိန် ၁ ဒသမ ၈၁၅ သန်း ထွက်ရှိနိုင်မည်ဟု ဖိလစ်ပိုင်သကြားထုတ်လုပ်မှု စီမံခန့်ခွဲရေးအဖွဲ့ (SRA) က ပြောကြားခဲ့သည်။

အဆိုပါ SRA ၏ စီမံခန့်ခွဲရေးမှူး Pablo Azcona က ၂၀၂၂ ခုနှစ်မှစတင်၍ သကြားဈေးနှုန်း တည်ငြိမ်အောင် အဖွဲ့၏ ကြိုးပမ်းအားထုတ်မှု ရလဒ်အဖြစ် ယခုကဲ့သို့ တိုးတက်မှုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ တောင်သူများအတွက် သင့်တင့်မျှတသည့် အရောင်းဈေးနှုန်း ရရှိစေရန် ဆောင်ရွက်ပေးထားခြင်းက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် ကြံစိုက်ခင်းများကို SRA ၏ ကြံမျိုးကွဲအသစ်များဖြင့် ပြန်လည်စိုက်ပျိုးရန် တွန်းအားဖြစ်စေခဲ့ကြောင်း၊ အဆိုပါဈေးနှုန်းသည် သကြားထုတ်လုပ်မှုနယ်ပယ်၌ ပါဝင်လုပ်ကိုင်နေကြသူများအတွက် ထုတ်လုပ်မှု ကုန်ကျစရိတ်ကြီးမြင့်မှုကို ခုနှိမ်မှုဖြစ်စေလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

Visayas နယ်မြေသည် တစ်နိုင်ငံလုံး သကြားထုတ်လုပ်မှု စုစုပေါင်း၏ ၇၁ ရာခိုင်နှုန်းရှိပြီး ကြံအများဆုံးစိုက်ပျိုးသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ အဆိုပါဒေသရှိ Negros ကျွန်းမှ ၆၃ ရာခိုင်နှုန်း၊ Panay ကျွန်းမှ ၆ ဒသမ ၃ ရာခိုင်နှုန်းနှင့် ကျန်ပမာဏမှာ Cebu နှင့် Leyte ကျွန်းများမှ ပါဝင်ခြင်းဖြစ်ကြောင်းသိရသည်။

နိုင်ငံတောင်ပိုင်း၌ သကြားလုပ်ငန်းနယ်ပယ်၏ နောက်ထပ် ရှေ့ပြေးတစ်ခုဖြစ်လာနေသည့် Mindanao ကျွန်းနယ်မြေသည် သကြားထုတ်လုပ်မှု စုစုပေါင်း၏ ၂၄ ရာခိုင်နှုန်းကို ထုတ်လုပ်လျက်ရှိပြီး နိုင်ငံမြောက်ပိုင်းရှိ Luzon ကျွန်းနယ်မြေမှ ၅ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်ကြောင်း သိရသည်။

ပြင်းထန်သည့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဆိုးဝါးသည့် ပျက်စီးဆုံးရှုံးမှုအပေါ် အခြေခံ၍ ကနဦး ခန့်မှန်းတွက်ချက်မှုကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ SRA အနေဖြင့် ကြံမျိုးကွဲအသစ်များမှစတင်၍ မြေဆီလွှာ၊ ဆည်ရေပေးဝေမှုနှင့် ရာသီအလိုက် စိုက်ပျိုးရမည့် သီးနှံအချိန်ဇယား စသည်ဖြင့် ကဏ္ဍအလိုက် သုတေသနပြုလုပ်မှုများတွင် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ကြံ အထွက်နှုန်း တိုးတက်မှုနှင့်အတူ ကြံတစ်တန်မှ သကြားထွက်ရှိမှုနှုန်း တိုးတက်ကောင်းမွန်လာမည်ဟု ခန့်မှန်းထားကြောင်း Mr. Azcona က ပြောကြားခဲ့သည်။

**Source : Manila Standard, May 19, 2025**

**ပိုးဇာခြည်၊ DOCA**




# ဂျပန်နိုင်ငံ၏ ဆန်ဈေးနှုန်းများ စံချိန်တင်မြင့်တက်လျက်ရှိ

ဂျပန်နိုင်ငံတစ်ဝန်းရှိ စူပါမားကတ်များတွင်ရောင်းချသည့် ပျမ်းမျှလက်လီဆန်ဈေးသည် မေလ သီတင်းပတ်အတွင်း ၅ ကီလိုဂရမ်လျှင် ၄၂၈၅ ယန်း (၂၉ ဒသမ ၉၇ ဒေါ်လာခန့်) အထိ မြင့်တက်ခဲ့ကြောင်း မေ ၁၉ ရက်နေ့ကထုတ်ပြန်သော အချက် အလက်များအရ သိရသည်။ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်သော အချက်အလက်များအရ ယခင်တစ်ပတ်ကထက် ၁၇ ယန်းတိုးလာပြီး ၂၀၂၂ ခုနှစ် မတ်လမှစတင်ကာ အမြင့်ဆုံးဈေးဖြစ်သည်။

ဧပြီလနှင့်မေလကြားတွင် ခေတ္တမျှ ဈေးနှုန်းကျဆင်းခဲ့ပြီး ဈေးနှုန်းများဆက်လက်၍ ပြန်လည်မြင့်တက်ခဲ့သည်။ မတ်လတွင် အစိုးရသည်အရန်ဆန်များကို လေလံတင်ရောင်းချနေသော်လည်း ဈေးကွက်ပေါက်ဈေးများ ကျဆင်းသွားခြင်းမရှိခဲ့ပေ။

အပြိုင်အဆိုင် လေလံဆွဲခြင်းထက် သိုလှောင်ထားသောဆန်များကို စေ့စပ်ညှိနှိုင်းသည့် စာချုပ်များဖြင့် ရောင်းချမည့် ဝန်ကြီးအသစ်၏ ကြိုးပမ်းမှုသည် ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်ရန် ဖြစ်နိုင်ခြေရှိသည်ဟူ၍ စောင့်ကြည့်လျက်ရှိသည်။

ကျိုဒိုသတင်းစစ်တမ်းတစ်ခုအရ Shinjiro Koizumi ကို လယ်ယာဝန်ကြီးအဖြစ် ခန့်အပ်ပြီးနောက် ဆန်ဈေးနှုန်းကျဆင်းမည်ဟု ယုံကြည်သူ ၆၀ ရာခိုင်နှုန်းနီးပါး ရှိလာခဲ့ကြောင်း သိရသည်။

**Source : Xinhua**

**DOCA(ရန်ကုန်) ၊ ဟန်ကိုကျော်**

# ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ကမ္ဘာ့ဒုတိယအကြီးမားဆုံး ဆန်တင်သွင်းသူ ဗီယက်နမ် ဖြစ်လာနိုင်

ဗီယက်နမ်သည် ပြည်တွင်းဆန်ထုတ်လုပ်မှု ကျဆင်းပြီး ပို့ကုန်ဝယ်လိုအားကို ဖြည့်ဆည်းရန် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဖိလစ်ပိုင်၏နောက် ကမ္ဘာ့ဒုတိယအကြီးမားဆုံး ဆန်တင်သွင်းဖြစ်လာရန် ခန့်မှန်းရကြောင်း အမေရိကန်စိုက်ပျိုးရေးဦးစီးဌာန (USDA) ၏ မေလ ၁၆ ရက်နေ့က အဆိုအရ သိရသည်။

USDA က ဗီယက်နမ်သည် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဆန်တန်ချိန် ၄ သန်းနှင့် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဆန်တန်ချိန် ၄ ဒသမ ၁ သန်း တင်သွင်းရန် ခန့်မှန်းရပြီး ဗီယက်နမ်ဆန်ကို အစဉ်အဆက်ဝယ်ယူသူဖြစ်သည့် ဖိလစ်ပိုင်သည် နှစ်စဉ် တန်ချိန် ၅ ဒသမ ၅ သန်းဖြင့် ကမ္ဘာ့အကြီးမားဆုံး ဆန်တင်သွင်းသူ ဖြစ်နိုင်ကြောင်း သိရသည်။ တစ်ချိန်တည်းမှာပင် ဗီယက်နမ်သည် ထိုင်းနိုင်ငံကို ကျော်ဖြတ်ကာ ကမ္ဘာ့ဒုတိယအကြီးမားဆုံး ဆန်တင်ပို့သူဖြစ်လာနိုင်ကြောင်း သိရသည်။

၎င်းတို့သည် ၂၀၂၄-၂၀၂၅ ခုနှစ်နှင့် ၂၀၂၅-၂၀၂၆ ခုနှစ် နှစ်ခုလုံးတွင် ဆန်တန်ချိန် ၇ ဒသမ ၉ သန်းတင်ပို့ရန် ခန့်မှန်းရပြီး ထိုင်း၏တင်ပို့မှု တန်ချိန် ၇ - ၇ ဒသမ ၂ သန်းကို ကျော်ဖြတ်နိုင်ကြောင်း သိရသည်။ အိန္ဒိယသည်လည်း ကမ္ဘာ့အကြီးမားဆုံးဆန်တင်ပို့သူအဖြစ် ဆက်လက်ရပ်တည်ရန် ခန့်မှန်းရပြီး နှစ်စဉ် ထုတ်လုပ်နိုင်စွမ်းမှာ တန်ချိန် ၂၄ သန်းပတ်လည်ရှိကြောင်း သိရသည်။

USDA ၏ အဆိုအရ ဗီယက်နမ် ဆန်စိုက်ပျိုးသူများသည် အခြားအကျိုးအမြတ် ပိုမိုရရှိသည့် သီးနှံများကို ပြောင်းလဲစိုက်ပျိုးသောကြောင့် နိုင်ငံ၏ ဆန်စိုက်ပျိုးသည့်ဧရိယာနှင့် ထုတ်လုပ်မှုမှာ ကျဆင်းရန်ခန့်မှန်းရကြောင်း သိရသည်။

တင်ပို့လိုအားကို ဖြည့်ဆည်းရန် ဗီယက်နမ် ဆန်တင်ပို့သူများနှင့် ဆန်စက်လုပ်ငန်းရှင်များက ကမ္ဘောဒီးယားထံမှ စပါးများဝယ်ယူလျက်ရှိကြောင်း သိရသည်။ စပါးသည် ဗီယက်နမ်တင်သွင်းမှု၏ ၇၇ ရာခိုင်နှုန်းရှိပြီး အများအားဖြင့် ကမ္ဘောဒီးယားမှဝယ်ယူကြောင်း သိရပြီး အိန္ဒိယသည်လည်း ဗီယက်နမ်ဆန်တင်သွင်းမှု အများစုကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဗီယက်နမ် အစားအသောက်အသင်း၏ ဥက္ကဋ္ဌဖြစ်သူ Do Ha Nam က ဗီယက်နမ်၏ ဆန်တင်သွင်းမှုများသည် ပြည်တွင်း ဆန်ပြတ်တောက်မှုကြောင့် မဟုတ်ကြောင်းနှင့် နိုင်ငံက အဓိကဆန်တင်သွင်းမှုများသည် တစ်ဖန်ပြန်လည်တင်ပို့ရန်နှင့် ခေါက်ဆွဲ၊ ကြာဆံနှင့် rice paper (ဗီယက်နမ်ကော်ပြန့်ရွက်) အစရှိသည့် ပြုပြင်ထုတ်လုပ်ထားသည့်ထုတ်ကုန်များအတွက် တင်သွင်းခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အချက်အလက်များအရ ဗီယက်နမ်သည် ၂၀၂၅ ခုနှစ်၏ ပထမ နှစ်လတာကာလတွင် ဆန်တန်ချိန် ၆၀၀၀၀၀ နှင့်ညီမျှသော စပါးတန်ချိန် ၁ ဒသမ ၁ သန်းပတ်လည် တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင် ဟန္တိုင်းကုန်သွယ်ရေးဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ Vu Vinh Phu က ရာသီဥတုပြောင်းလဲမှုနှင့် ကုန်သွယ်ရေး ယှဉ်ပြိုင်မှုများမှ စိန်ခေါ်မှုများရှိနေသော်လည်း ဗီယက်နမ်၏ ဆန်တင်ပို့မှုသည် အနည်းဆုံး နောက်ငါးနှစ်ခန့် ဆက်လက်မြင့်တက်ရန် မျှော်မှန်းရကြောင်း ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်သည် စံချိန်တင် ဆန်တန်ချိန် ၉ဒသမ၀၄ သန်းတင်ပို့ရာမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ဒသမ၇ ဘီလီယံရရှိခဲ့ပြီး ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ပမာဏတွင် ၁၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ တန်ဖိုးတွင် ၂၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့သည် ၂၀၂၄ ခုနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ ၇ သန်း တင်သွင်းခဲ့ကြောင်း သိရသည်။

**Vietnam Plu၊ DOCA (ရန်ကုန်)၊ မြသူ**



# အစိုးရ၏ ပို့ကုန်အခွန်တိုးမြှင့်မှုကို ဆိုင်းငံ့ပေးရန် အင်ဒိုနီးရှား စားအုန်းဆီအသင်း တောင်းဆို

အင်ဒိုနီးရှား စားအုန်းဆီအသင်း (GAPKI) က စားအုန်းဆီတင်ပို့မှုအပေါ် ကောက်ခံသည့် အခွန်စည်းကြပ်မှု အစီအစဉ်ကို ဆိုင်းငံ့ထားရန် အစိုးရထံ မေ ၁၆ ရက်တွင် တိုက်တွန်းခဲ့ပြီး အမေရိကန်၏ အခွန်စည်းကြပ်မှုနှင့် ပထဝီနိုင်ငံရေး တင်းမာမှုများကြောင့် ကမ္ဘာ့ကုန်သွယ်ရေး မရေရာမှုများကြားတွင် ယှဉ်ပြိုင်နိုင်စွမ်းကို ထိခိုက်စေနိုင်သည်ဟု သတိပေးပြောကြားခဲ့ကြောင်း Reuters သတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားအစိုးရသည် စားအုန်းဆီကို အချိုးအစားအလိုက် ရောစပ်အသုံးပြုသည့် ဇီဝဒီဇယ် အသုံးပြုခွင့်အပြင် ဆီအုန်းပင်များ ပြန်လည်စိုက်ပျိုးရေး အစီအစဉ်ကို ရန်ပုံငွေထောက်ပံ့ရန်အတွက် ၎င်း၏ စားအုန်းဆီ ပို့ကုန်အခွန်ကို ၂၀၂၅ ခုနှစ်၊ မေလ ၁၇ ရက်မှ စတင်၍ ၄ ဒသမ ၇၅ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းကြား တိုးမြှင့်ကောက်ခံမည်ဖြစ်ပြီး မူလပို့ကုန်အခွန်စည်းကြပ်မှုနှုန်းမှာ ၃ ရာခိုင်နှုန်းမှ ၇ ဒသမ ၅ ရာခိုင်နှုန်းအထိသာရှိကြောင်း သိရသည်။

လက်ရှိအခြေအနေသည် မသေချာမရေရာမှုများ ပြည့်နှက်နေသည့်အတွက် အင်ဒိုနီးရှား စားအုန်းဆီတင်ပို့မှု၏ ယှဉ်ပြိုင်နိုင်စွမ်းအားကို ထိခိုက်စေနိုင်မည့် မူဝါဒအား အကောင်အထည်ဖော်စေသည်မှာ ကြီးမားသည့် ဆိုးကျိုးတစ်ခုဖြစ်စေမည်ဖြစ်ကြောင်း အင်ဒိုနီးရှား ဘဏ္ဍာရေးဝန်ကြီး Ms. Sri Mulyani Indrawati ထံ လိပ်မူထားသည့် စာတစ်စောင်၌ အင်ဒိုနီးရှား စားအုန်းဆီအသင်း (GAPKI) က ပြောကြားခဲ့သည်။



စားအုန်းဆီရန်ပုံငွေအတွက် ပို့ကုန်အခွန်စည်းကြပ်ကောက်ခံခြင်းနှင့်ပတ်သက်၍ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက GAPKI ၏ တောင်းဆိုချက်အပေါ် လာမည့်သီတင်းပတ်တွင် အစိုးရဝန်ကြီးဌာနများ၏ အစည်းအဝေး၌ ဆွေးနွေးမည်ဖြစ်ပြီး GAPKI ၏ တောင်းဆိုချက်ကို ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီးဌာနတို့က သဘောထားမှတ်ချက် ပြန်လည်ဖြေကြားခြင်း မရှိသေးကြောင်း သိရသည်။

ကမ္ဘာ့စားအုန်းဆီ အများဆုံးထုတ်လုပ်သည့် အင်ဒိုနီးရှားသည် အမေရိကန်နိုင်ငံ၏ အကောက်ခွန် ၃၂ ရာခိုင်နှုန်း တိုးမြှင့်မည့် အဆိုပြုချက်နှင့် ရင်ဆိုင်နေရချိန်တွင် ဒုတိယအများဆုံး စားအုန်းဆီထုတ်လုပ်သည့် မလေးရှားသည် အကောက်ခွန် ၂၄ ရာခိုင်နှုန်းသာ တိုးမြှင့်ခံရမည့် အခြေအနေရှိကြောင်းနှင့် အမေရိကန်နိုင်ငံသည် ထိုသို့ သွင်းကုန်အခွန် တိုးမြှင့်ကောက်ခံခြင်းကို ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ဆိုင်းငံ့ထားကြောင်း သိရသည်။

အင်ဒိုနီးရှား၏ စားအုန်းဆီတင်ပို့မှုသည် မလေးရှားနှင့် ယှဉ်ပြိုင်ပါက ပြိုင်ဆိုင်မှု ပြင်းထန်လာမည်ကို စိုးရိမ်လျက်ရှိပြီး အထူးသဖြင့် အင်ဒိုနီးရှားက လက်ရှိကြီးစိုးထားသည့် အမေရိကန်ဈေးကွက်အတွက် စိုးရိမ်ပါကြောင်း အဆိုပါစားအုန်းဆီအသင်းက ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ အစိုးရအနေဖြင့် စားအုန်းဆီဈေးနှုန်းပေါ်မူတည်၍ စားအုန်းဆီပို့ကုန်အခွန်ကို ၃ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ကောက်ခံလျက်ရှိပြီး မေလအတွက် ပို့ကုန်အခွန်ကို ၁၀ ရာခိုင်နှုန်း သတ်မှတ်ထားကြောင်း ဖော်ပြထားသည်။

အင်ဒိုနီးရှား ဘဏ္ဍာရေးဝန်ကြီး Ms. Sri Mulyani Indrawati က အမေရိကန်၏ သွင်းကုန်အခွန် တိုးမြှင့်မည့် အခြေအနေကြောင့် အင်ဒိုနီးရှား စားအုန်းဆီ ပို့ကုန်လုပ်ငန်းရှင်များအပေါ် ဝန်ထုပ် ဝန်ပိုး မဖြစ်စေရန် စားအုန်းဆီကြမ်းတင်ပို့မှုအပေါ် အခွန်စည်း ကြပ်မှုအား ချိန်ညှိမည်ဖြစ်ကြောင်း ယခင်က ပြောကြားထားခဲ့သည်။

လက်ရှိကာလတွင် အဓိကစားအုန်းဆီ ဝယ်ယူသည့်နိုင်ငံများဖြစ်သော အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား တင်းမာမှုမြင့်တက်လာခြင်းက ဝယ်လိုအား လျော့ကျစေနိုင်မည့် စိုးရိမ်မှုဖြစ်ပေါ်စေကြောင်းနှင့် အိန္ဒိယနှင့် ပါကစ္စတန်ကြား ရာသက်ပန် အပစ်အခတ် ရပ်စဲခြင်း မရှိသေးသည့်အတွက် နှစ်နိုင်ငံလုံး၏ စားအုန်းဆီကြမ်းနှင့် ဆက်စပ်ပစ္စည်းဝယ်ယူမှုကို နှောင့်နှေးကြန့်ကြာစေခဲ့ကြောင်းဖြင့် GAPKI စားအုန်းဆီအသင်းက ပြောကြားခဲ့ကြောင်း သိရသည်။

**Source: Reuters, 17th May 2025**

**D Thi, DOCA**

# ကာဗွန်ထုတ်လွှတ်မှု အနည်းငယ်ဖြင့် ထုတ်လုပ်ထားသော ဆန်များကို ဗီယက်နမ်မှ ဂျပန်သို့ ပထမဆုံးအကြိမ် တင်ပို့

ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ် မေလတွင် ကာဗွန်ထုတ်လုပ်မှုနည်းပါးစွာ ထုတ်လုပ်ထားသောဆန်များကို ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ် တင်ပို့သွားမည်ဖြစ်ပြီး အဆိုပါတင်ပို့မှုသည် နိုင်ငံ၏ ခြေလှမ်းအသစ်ဖြစ်ကြောင်း Saigon Giai Phong သတင်းဝက်ဘ်ဆိုက်က ဖော်ပြသည်။

အထက်တွင် ဖော်ပြထားသည့် အချက်အလက်သည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရာတွင် ဆန်ထုတ်လုပ်မှု၏ အခန်းကဏ္ဍနှင့် ဆန်ထုတ်လုပ်နိုင်စွမ်းကို အကဲဖြတ်ရန် ၂၀၂၅ ခုနှစ်၊ မေ ၁၉ ရက်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတကာ အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးချက်ဖြစ်ကြောင်း၊ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဗဟိုဌာန (IRRI)နှင့် ဂျာမနီ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ)တို့ပူးပေါင်း၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယခုကဲ့သို့ စွမ်းဆောင်နိုင်မှုသည် ဗီယက်နမ်နိုင်ငံ၏ ရေရှည်တည်တံ့သော စိုက်ပျိုးရေးပြောင်းလဲမှုစီမံကိန်း (VnSAT) နှင့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ၌ ကာဗွန်ထုတ်လွှတ်မှုနည်းပါးစွာ ထုတ်လုပ်ထားသော ဆန်စပါးစိုက်ပျိုးရေး အစီအစဉ်ကဲ့သို့ ထိရောက်သည့် အစီအစဉ်များမှတစ်ဆင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို လျှော့ချသည့် ရေရှည်တည်တံ့သော အလေ့အကျင့်များကို ကျင့်သုံးရန် ဗီယက်နမ်မှ သိသာထင်ရှားသော ကြိုးပမ်းမှုများ၏ တန်ပြန်ရလဒ်ဖြစ်ကြောင်း၊ ယင်းအောင်မြင်မှုသည် နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ရေရှည်တည်တံ့မှုအတွက် အဓိကကျသည့် အလျင်အမြန် တိုးတက်ပြောင်းလဲမှုတစ်ရပ်ဖြစ်ကြောင်း သိရှိရသည်။

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ Can Tho မြို့ရှိ Trung An High-Tech Agriculture Joint Stock ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ Pham Thai Binh က ၎င်းတို့ကုမ္ပဏီသည် အထူးသဖြင့် ၂၀၂၅ ခုနှစ်၊ မေလတွင် တန်ချိန် ၅၀၀ ရှိ Japonica ဆန်ကို ဂျပန်သို့ တင်ပို့ရန် လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးကြောင်း၊ အဆိုပါဆန်သည် ကမ္ဘာ့ဝယ်လိုအားအများဆုံး ဈေးကွက်များအနက် တစ်ခုဖြစ်သည့် ဂျပန်နိုင်ငံ၏ တင်းကျပ်သော နည်းပညာစံနှုန်းများနှင့်အညီ ဗီယက်နမ်နိုင်ငံ၏ ကာဗွန်ထုတ်လွှတ်မှုနည်းပါးစွာ ထုတ်လုပ်ထားသည့် ပထမဦးဆုံး ဆန်ဖြစ်ကြောင်း၊ ၎င်းဆန်စပါး ထွက်ရှိမှုပမာဏမှာ များပြားခြင်းမရှိသော်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းစေသော ထုတ်ကုန်များ ဝယ်ယူသည့်ခေတ်တွင် ဗီယက်နမ်ဆန်၏ အလားအလာကို ဖော်ပြခြင်းအားဖြင့် သိသာထင်ရှားသော အောင်မြင်မှုတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုပုံစံများကို ပို၍ရေရှည်တည်တံ့ကာ ကာဗွန်ထုတ်လွှတ်မှုနည်းပါးစွာ ထုတ်လုပ်မှုပုံစံသို့ အောင်မြင်စွာ ကူးပြောင်းနိုင်မှုကို ချီးကျူးဂုဏ်ပြုခဲ့ကြသည်။ IRRI Asia ၏ ဒေသဆိုင်ရာ ဒါရိုက်တာဖြစ်သူ Jongsoo Shin က ဗီယက်နမ်နိုင်ငံသည် ဆန်လုပ်ငန်းအား ရေရှည်တည်တံ့ခိုင်မြဲ၍ သဘာဝပတ်ဝန်းကျင်နှင့် လျော်ညီကာ အားလုံးပါဝင်သော ပြောင်းလဲမှုဆီသို့ ဦးတည်လျက်ရှိကြောင်း မှတ်ချက်ပြုခဲ့သည်။

စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဗျူဟာနှင့် မူဝါဒအဖွဲ့ (ISPAE) ၏ ညွှန်ကြားရေးမှူး Tran Cong Thang က လက်ရှိအချိန်တွင် ဆန်လုပ်ငန်းသည် စိုက်ပျိုးရေးကဏ္ဍမှ စုစုပေါင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၄၈ ရာခိုင်နှုန်း ပါဝင်နေကြောင်း ထောက်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ဆန်တန်ဖိုးကွင်းဆက်တွင် ယှဉ်ပြိုင်နိုင်စွမ်းကို ထိန်းသိမ်းလိုပါက ကာဗွန်ထုတ်လွှတ်မှုနည်းပါးစွာ ထုတ်လုပ်ထားသော ဆန်ထုတ်လုပ်ရေးကို ဖွံ့ဖြိုးတိုးတက်စေခြင်းသည် အရေးပါသော ဦးတည်ချက်တစ်ခုဖြစ်ကြောင်း Tran Cong Thangက အလေးအနက် ပြောကြားခဲ့သည်။

**Source: Saigon Giai Phong New, 20 May 2025**

**DPTM, DOCA**

## အမေရိကနှင့် အရှေ့အာရှနိုင်ငံများရှိ စားအုန်းဆီတင်ပို့သည့် ဈေးကွက်အား အင်ဒိုနီးရှား စိတ်ဝင်စား

အိန္ဒိယနှင့် ပါကစ္စတန်ကြား တင်းမာမှုများ လျော့ပေါ့စေရေးခြေလှမ်းများထဲမှ တစ်ခုအဖြစ် အင်ဒိုနီးရှားအစိုးရသည် အာဖရိကနှင့် အရှေ့အာရှနိုင်ငံများရှိ စားအုန်းဆီတင်ပို့သည့် ဈေးကွက်သစ်များကို စောင့်ကြည့်နေကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက မေ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

အထူးသဖြင့် အာဖရိကနှင့် အခြားသော နိုင်ငံများတွင် ဈေးကွက်အသစ်များဖွင့်နိုင်ရန် အာရုံစိုက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန စိုက်ခင်းညွှန်ကြားရေးဦးစီးဌာနမှ ဒါရိုက်တာ Ardi Prep tono က ပြောကြားခဲ့သည်။

ကမ္ဘာ့ထိပ်တန်း စားအုန်းဆီထုတ်လုပ်သူအဖြစ် အင်ဒိုနီးရှား စားအုန်းဆီ တင်ပို့မှုကို တိုက်ရိုက်မထိခိုက်သေးသော်လည်း Ardi သည် စောစီးစွာ လျှော့ပေါ့ရေး၏ အရေးပါမှုကို အလေးပေးပြောကြားခဲ့သည်။

အင်ဒိုနီးရှား၏ စားအုန်းဆီကြမ်း ထုတ်လုပ်မှုသည် ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၅၃ ဒသမ ၆ သန်းအထိ ရောက်ရှိရန်ခန့်မှန်းထားကြောင်း အင်ဒိုနီးရှား စားအုန်းဆီအသင်း ထုတ်ပြန်ချက်အရ သိရသည်။

**Source : Xinhua, OCA-YGN**



# စတော့အိပ်ချိန်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်

ထွန်းသက်ထွန်း

သမိုင်းဝင်အလှည့်အပြောင်းတစ်ခုဖြစ်လာစေမည့် စတော့ဈေးကွက် ချိတ်ဆက်မှုတစ်ခုကို တရုတ်ပြည်မကြီးရှိ စတော့အိပ်ချိန်းများနှင့် ဟောင်ကောင်စတော့ အိပ်ချိန်းတို့အကြားတွင် Stock Connect အမည်ဖြင့် စတင် ဆောင်ရွက်ခဲ့သည်။ စတော့ကွန်နက်ဆိုသည်မှာ ဟောင်ကောင်စတော့အိပ်ချိန်း၊ ရှန်ဟိုင်းစတော့အိပ်ချိန်းနှင့် ရှင်းကျန့်စတော့အိပ်ချိန်းတို့အကြား ပြိုင်ဘက်ကင်းသည့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်သည်။ စတော့ကွန်နက်သည် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများနှင့် တရုတ်ပြည်မကြီးအကြား ငွေချေးသက်သေခံ လက်မှတ်များ ရောင်းဝယ်ခြင်းနှင့် စာရင်းရှင်းလင်းရေးဆိုင်ရာ လုပ်ငန်းများကို အပြန်အလှန် ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ထားသည့် ဈေးကွက်တစ်ခုဖြစ်သည်။

ဤစတော့ကွန်နက် အစီအစဉ်ကြောင့် ဟောင်ကောင်စတော့အိပ်ချိန်း၊ ရှန်ဟိုင်းစတော့အိပ်ချိန်းနှင့် ရှင်းကျန့်စတော့အိပ်ချိန်းပါဝင်သည့် တရုတ်နိုင်ငံစတော့ဈေးကွက်သည် ဈေးကွက်တန်ဖိုးအရလည်းကောင်း၊ နေ့စဉ်ရောင်းဝယ်မှုပမာဏအရလည်းကောင်း ကမ္ဘာ့အကြီးဆုံးသော စတော့ဈေးကွက်တစ်ခုအဖြစ် ရပ်တည်လာနိုင်ခဲ့သည်။ ထိုသို့ စတော့ကွန်နက်အစီအစဉ် ဆောင်ရွက်မှုကြောင့် ကမ္ဘာပေါ်ရှိ ရင်းနှီးမြှုပ်နှံသူများအနေနှင့် စာရင်းဝင် ကုမ္ပဏီပေါင်း ၂၀၀၀ ကျော်တို့ကို ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းသစ်တစ်ခုကို ရရှိသွားစေသည်။ ထို့အတူ တရုတ်ရင်းနှီးမြှုပ်နှံသူတို့အနေနှင့်လည်း ခွဲချမ်းစိတ်ဖြာ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းများ ရရှိသွားစေသည့်အပြင် တရုတ်စာရင်းဝင်ကုမ္ပဏီများ၏ စွမ်းဆောင်ရည်များမြှင့်တက်စေခြင်း၊ ကမ္ဘာ့စံချိန်စံညွှန်း Benchmark ပြည့်မီစေသည့် အလားအလာကောင်းများကို ဖန်တီးဖြစ်ပေါ်စေမည်ဖြစ်သည်။

စတော့ကွန်နက်ကို ၂၀၁၄ ခုနှစ်တွင် စတင်ခဲ့ပြီး ယခုအခါ ငွေချေးသက်သေခံလက်မှတ် အမျိုးအစားပေါင်း ၂၀၀၀ ကျော်ကို အဆိုပါ စတော့ကွန်နက်မှတစ်ဆင့် ရောင်းဝယ်နိုင်ပြီဖြစ်သည်။ ရှန်ဟိုင်း-ဟောင်ကောင် စတော့ကွန်နက်ကို ရှန်ဟိုင်းစတော့အိပ်ချိန်းနှင့် ဟောင်ကောင်စတော့အိပ်ချိန်းတို့အကြား နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံနိုင်သည့်လမ်းကြောင်းတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများအနေနှင့် ပြည်တွင်းငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီများမှတစ်ဆင့် စတော့များကို ရောင်းဝယ်နိုင်ကြမည်ဖြစ်သည်။ ဤအစီအစဉ်ကို တရုတ်နိုင်ငံဝန်ကြီးချုပ် Li Keqiang က ၂၀၁၄ ခု ဧပြီလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းနှစ်နိုဝင်ဘာလ ၁၇ ရက်နေ့တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ ဆက်လက်၍ ဟောင်ကောင်စတော့အိပ်ချိန်းနှင့် ရှင်းကျန့် စတော့အိပ်ချိန်းတို့အကြား စတော့ကွန်နက်ကို ၂၀၁၆ ခုနှစ်တွင် ဆက်လက် အကောင်အထည်ဖော်ခဲ့သည်။

ဤအစီအစဉ်ကို စတင်အကောင်အထည်ဖော်ခဲ့သူမှာ ဟောင်ကောင်စတော့အိပ်ချိန်း၏ အမှုဆောင်အရာရှိချုပ် Charlie Li ဖြစ်ပြီး ဟောင်ကောင်စတော့အိပ်ချိန်း၏ သုံးနှစ်စီမံကိန်းတွင် စတော့ကွန်နက် အစီအစဉ်ကို ထည့်သွင်းရေးဆွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါအစီအစဉ်ကို တရုတ်နိုင်ငံဝန်ကြီးချုပ် Li Keqiang က ၂၀၁၄ ခုနှစ် ဟိုင်နန်တွင်ကျင်းပခဲ့သည့်Boao Forum တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ဆက်လက်၍ ဝန်ကြီးချုပ် Li ၏ ကြေညာချက်အပေါ် ဟောင်ကောင် ငွေချေးသက်သေခံလက်မှတ်ကော်မရှင် FSC နှင့် တရုတ်ငွေချေး သက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် CSRC တို့မှ စတော့ကွန်နက် စမ်းသပ်ကာလ (၆) လ ပြုလုပ်မည်ဖြစ်ကြောင်း ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပါ စတော့ကွန်နက်အစီအစဉ်ကို ၂၀၁၄ ခု နှစ် နိုဝင်ဘာလတွင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော်လည်း အချို့သောလုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များဖြစ်သည့် T+0 စာရင်းရှင်းလင်းရေး အစီအစဉ်များ၊ Delivery versus Settlement အစီအစဉ်များ၊ Common Omnibus trading account structure အစီအစဉ်များကိုမူ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအနေနှင့် အကျွမ်းတဝင်ဖြစ်မှု မရှိသေးသည်ကို တွေ့မြင်ရသည်။

အထူးသဖြင့် Luxembuorg နှင့် Ireland နိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှု အဖွဲ့များအနေဖြင့် ရှယ်ယာပိုင်ဆိုင်မှု အကျိုးခံစားခွင့် Beneficial ownership များအပေါ် ရှင်းလင်းမှုမရှိကြောင်း ဆိုခဲ့ကြသည်။ နောက်ဆုံးတွင် ဟောင်ကောင်၏ ရှယ်ယာများ လုံခြုံအပ်နှံစနစ် SPSA system တီထွင်ပြဌာန်းမှုနှင့် အတားအဆီးအချို့ကို ဖြေလျှော့ပေးမှုကြောင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ စိုးရိမ်မှုများ ပပျောက်ခဲ့ရသည်။

အဆိုပါစတော့ကွန်နက်သို့ ဟောင်ကောင်နှင့် ပြည်ပနိုင်ငံများမှ မည်သည့်ရင်းနှီးမြှုပ်နှံသူများမဆို ဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်သည်။ သို့ရာတွင် တရုတ်ပြည်မကြီးမှ တစ်ဦးချင်းနှင့် အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူများအနေနှင့် အနည်းဆုံး တရုတ်ယွမ် ၅ သိန်းနှင့် အထက်ပမာဏရှိမှသာ ဟောင်ကောင် စတော့ဈေးကွက်သို့ ဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်သည်။

## မည်သည့်စတော့များ ပါဝင်ရောင်းဝယ်နိုင်

ရှန်ဟိုင်းစတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့် A ရှယ်ယာများသာ ကနဦးအဆင့်တွင် ပါဝင်ရောင်းဝယ်နိုင်သည်။ အထူးသဖြင့် ရှန်ဟိုင်းစတော့အညွှန်းကိန်း SSE 180 နှင့် SSE 380 တွင် ပါဝင်ဖွဲ့စည်းထားသည့် A ရှယ်ယာများသာ ကနဦးအဆင့်တွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် ဟောင်ကောင် စတော့အိပ်ချိန်းသို့ သွားရောက်စာရင်းဝင်ထားသည့် ပြည်မကြီးမှ H Share များလည်း ပါဝင်ရောင်းဝယ်ခွင့်ရှိသည်။ ပြည်မကြီးမှ ရင်းနှီးမြှုပ်နှံသူများသည် ဟောင်ကောင်စတော့အိပ်ချိန်း၏ Heng Seng Composite Large Cap Index တွင် ပါဝင်ဖွဲ့စည်းထားသည့် စတော့များနှင့် Heng Seng Composite MidCap Index တွင် ပါဝင်ဖွဲ့စည်းထားသည့် စတော့များကို ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်သည်။

> စတော့ကွန်နက်ဆိုသည်မှာ
> ဟောင်ကောင်စတော့အိပ်ချိန်း၊ ရှန်ဟိုင်း စတော့အိပ်ချိန်းနှင့် ရှင်းကျန့်စတော့အိပ်ချိန်းတို့အကြား ပြိုင်ဘက်ကင်းသည့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်သည်။

## ရောင်းဝယ်ရေးခွဲတမ်း

စတော့ကွန်နက်တွင် ပထမအဆင့်အနေဖြင့် Northbound နှင့် Southbound Trading ဟူ၍ ခွဲခြားထားပြီး တစ်နေ့တာ ရောင်းဝယ်ခွင့် ကိုယ်တာများဖြင့် ခွဲခြားသတ်မှတ်ထားသည်။ Northbound trading တွင် စုစုပေါင်း Aggregate value ကို တရုတ်ယွမ် ၃၀၀ ဘီလီယံ သတ်မှတ်ထားပြီး Southbound Trading တွင် စုစုပေါင်း Aggregate value ကို တရုတ်ယွမ် ၂၅၀ ဘီလီယံသတ်မှတ်ထားသည်။ အဆိုပါ ကိုယ်တာများကို တစ်နေ့တာအတွင်း အသားတင် ရောင်းဝယ်မှု ခြားနားချက်အပေါ် အခြေခံကာ သတ်မှတ်ထားသည်။ တစ်နေ့တာ ရောင်းဝယ်မှု ကန့်သတ်ချက်ကိုလည်း တစ်နေ့တာ အဝယ် အသားတင်တန်ဖိုးကိုလိုက်၍ အမြင့်ဆုံး ကန့်သတ်ချက်ကို သတ်မှတ်ထားသည်။ Northbound trading တွင် တစ်နေ့ယွမ် ၁၃ ဘီလီယံသတ်မှတ်ထားပြီး Southbound Trading ကို ယွမ် ၁၀ ဒသမ ၅ ဘီလီယံ သတ်မှတ်ထားသည်။

## ရောင်းဝယ်ရေးနှင့် စာရင်း ရှင်းလင်းရေး

Northbound trading ကို ရှန်ဟိုင်းစတော့အိပ်ချိန်း စတင်သည့်နေ့တွင် စတင်သော်လည်း ရှန်ဟိုင်းစတော့အိပ်ချိန်းသည် အရောင်းအဝယ်အော်ဒါများကို ပြည်မကြီးစတော့အိပ်ချိန်းများ မဖွင့်မီ ငါးမိနစ်ကြို၍လက်ခံသည်။ Southbound trading ကိုမူ ဟောင်ကောင်စတော့အိပ်ချိန်း စတင်သည့်အချိန်အတိုင်း လက်ခံဆောင်ရွက်သည်။ အရောင်းအဝယ်ဖြစ်ပြီးသော စတော့များအတွက် စာရင်းရှင်းလင်းခြင်းကိုလည်း Northbound နှင့် Southbound ခွဲခြား ရှင်းလင်းလေ့ရှိသည်။ Northbound အတွက် စာရင်းရှင်းလင်းရာတွင် “ChinaClear” သည် စာရင်းရှင်းလင်းရေး ဗဟိုချက်မအဖြစ်ဆောင်ရွက်ကာ Kong Kong Securities Clearing Corporation (HKSCC) က အဖွဲ့ဝင်အဖြစ် ဆောင်ရွက်သည်။ Southbound ရောင်းဝယ်ရေးအတွက် စာရင်း ရှင်းလင်းရာတွင် HKSCC က ဗဟိုချက်အဖြစ် ဆောင်ရွက်၍ “ChinaClear” က စာရင်းရှင်းလင်းရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်သည်။

**Ref: Shanghaistockexchange.com**



အရည်အသွေး
ကောင်းမွန်သော ကားအမျိုးအစားစုံ
စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်စို့...
JPM
CAR SALE CENTER
jpmautocenter@gmail.com
www.jpmmotors.com
HOT LINE : 09253008800
အမှတ် (၄၂-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ Ph: 09 44 888 2944,09 7 3333 555




ELEGANT
ADVERTISING
ELEGANT ကို Business Partner အဖြစ်
ရွေးချယ်ပေးခဲ့လို့ အထူးကျေးဇူးတင်ပါတယ်
oppo
GRAND ROYAL GROUP
THE NEST
PN Kids MYANMAR
SEA OTTERS SPORTS CLUB
SEA OTTERS
Simple
LVTOPSUN
360 Marketing Service တွေအတွက်
ELEGANT Advertising နဲ့
အခမဲ့ တိုင်ပင်ဆွေးနွေးနိုင်ပါတယ်
+ 959 4444 922 54
elegantadvertisingagency@gmail.com

ဦးအောင်လင်း + ဒေါ်ခင်သန်းနွဲ့
ပဒ္မမြာရွှေကြာဆေးတိုက်

ဆရာခို ဓာတ်စ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
၏
မြန်မာတိုင်းရင်းဆေးစွမ်းကောင်းများ

"အစာဝ၊ အနာကင်း၊ ဘယာရှင်းကြပါစေ . . ."

ဆရာခို အနာလိမ်းဆေး TMR 013177(0325)
ဆရာခို ရာပန်းဆီ TMR 013374 (0326)
ဆရာခို သွေးဆေးလျက်ဆား TMR 013365 (0326)
ဓာတ်စ လျက်ဆား (TMR 015358(0326)
ဓာတ်စ ပရုပ်ဆီ (လိုင်စင်လျှောက်ထား)
ဓာတ်စ အနာပျောက်သောက်ဆေး(လျှောက်ထား)

" ဆေးစွမ်းလည်းထက်၊ ဈေးနှုန်းလည်းချို ဆရာခို "
" အပြောမှန်လှသည့် ဓာတ်စ "

ဆေးကိုယ်စားလှယ်ကြီးများနှင့် ဆေးအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ဖြန့်ချိရေး ခြံအမှတ် (၅၁၀ / ၅၁၁)၊ ဝဏ္ဏသီဂီလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ Tel:09-420128646

AMARA

INTERNATIONAL LOGISTICS AND FREIGHT AND TRADING

Our Services
- Customs Clearances and Trade Formalities
- Services
- Multi Model Transportation Services
- International Sea Freight Forwarding
- Project Cargo Handling
- License Services

- ASEAN TRADE
- CHINA MYANMAR BORDER TRADE
- THAILAND MYANMAR BORDER TRADE



No.608,14th Floor (B) Corner Of Merchant Rd&Bosoonpat Street, Bosoonpat Condo,Pabedan Tsp, Yangon,Myanmar

09 261288879
09 795646625
kake981.kk@gmail.com

The Grey House
KALAW

A Touch of LUXURY To Your Stay



@ KALAW

Reservation + 95 (9) 444445577

Operated by Khit Thit Oo Trading Co.,Ltd.



Royal-D
ချေးထွက်များလို့ ရေဓာတ်ဆုံး
ရွိုင်ရယ် – ဒီ သာ
အကောင်းဆုံး
Royal-D




ထောက်ခံချက်အမှတ် ၈၁ / ၁၇၁၃၅၉ / ထလ
ရွှေကျွန်းမြေ
သောက်ရေသန့်
09 792453499 ( General Manager ) / 09 768811081 ( Operation Manager )
09 772277284 ( To Order - 1 ) / 09 772277997 ( To Order - 2 )
shwekyunmyae27@gmail.com
No (769) / သခင်တင့်လမ်း / (15) ရပ်ကွက် / လှိုင်သာယာမြို့နယ် (အရှေ့)။
ကျန်းမာရေးညီညွတ်စေရန် ခေတ်မီ
စက်ကြီးများအသုံးပြု၍ အိုဇုန်း၊
ခရမ်းလွန်ရောင်ခြည်၊ မိုက်ခရွန်ရေစစ်များဖြင့်
သန့်စင်ထားပါသည်။

# AUNG NAING THITSAR GROUP OF COMPANIES




## MULTI MODEL TRANSPORT & LOGISTICS



## RICE CONTRACT FARMING




Dagon Center II, Pyay Road,
No. 268 Room 14(C,E),
14th Floor, Sanchaung Township,
Yangon, Myanmar.

+95 1 2317836
+95 1 2317837
+95 1 2314053
+95 1 2314054

ant.bdmanager@aungnaingthitsar.com
export@aungnaingthitsar.com
export2@aungnaingthitsar.com

COMMERCE
INTERNATIONAL

# အာဆီယံ၊ GCC နှင့် တရုတ်တို့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်ဆွေးနွေး




အာဆီယံ၊ ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(GCC)နှင့် တရုတ်ခေါင်းဆောင်များသည် မေ ၂၇ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် ASEAN-China-GCCအစည်းအဝေးတွင် အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်ခွန်များအပေါ် တုံ့ပြန်သည့်အနေဖြင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ASEAN-China-GCC အစည်းအဝေး၌ ကုန်သွယ်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန်နှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ဒေသဆိုင်ရာ စီးပွားရေးကောင်စီတစ်ခု ဖွဲ့စည်းရေးကို အတည်ပြုနိုင်ခဲ့ကြောင်း မေ ၂၈ ရက်တွင် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ASEAN-China-GCC၏ ကြေညာချက်တွင် သက်ဆိုင်ရာ ဒေသတွင်းနိုင်ငံများက ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းများနှင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများ ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် ခါးပတ်လမ်းရပ်ဝန်း (Belt and Road Initiative) အစီအစဉ်အောက်တွင် ပူးပေါင်းဆောင်ရွက်မှုနှင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အဆင်ပြေချောမွေ့သည့် ချိတ်ဆက်မှုတို့ကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အခြားတစ်ဖက်တွင် အာဆီယံ၊ GCC နှင့် တရုတ်တို့ ပူးပေါင်းကာ ချုကလီးယားဘေးအန္တရာယ် ကင်းရှင်းရေး၊ ဓာတ်ပေါင်းဖိုနည်းပညာနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင်များကို လေ့ကျင့်သင်ယူရေး၊ စွမ်းရည်တည်ဆောက်ရေးတို့ကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဖွဲ့ဝင် ၁၅ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) ကုန်သွယ်ရေးသဘောတူစာချုပ်တွင် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(GCC)ကို ထည့်သွင်းရန် တရုတ်နိုင်ငံဘက်က အကြံပြု ပြောဆိုထားသည်။

ထို့ပြင် အာဆီယံနှင့် ပင်လယ်ကွေ့နိုင်ငံများကြား သီးခြားကုန်သွယ်ရေး သဘောတူညီချက် တစ်ရပ်ကိုလည်း အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းသွားမည်ဟု ယင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ သိရသည်။

ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (GCC)တွင် ဘာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာ၊ ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ ပါဝင်ကြောင်း သိရသည်။

**Source; gcc-sg.org**

# ကမ္ဘာ့စီးပွားရေးအင်အားကြီး စတုတ္ထနေရာသို့ အိန္ဒိယ တက်လှမ်းလာ

အိန္ဒိယနိုင်ငံသည် ဂျပန်နိုင်ငံကို ကျော်တက်ပြီး ကမ္ဘာ့စတုတ္ထ စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံ ဖြစ်လာကြောင်း The Time of India သတင်းဌာနက The New York Times သတင်း၏ ဖော်ပြချက်ကို ကိုးကားပြီး မေ ၂၉ ရက်တွင် ရေးသားဖော်ပြထားသည်။

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံ၏ စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုး(GDP)မှာ အမေရိကန်ဒေါ်လာ လေးထရီလီယံသို့ ရောက်ရှိခဲ့ကြောင်း စစ်တမ်းများက ဖော်ပြနေသည်။




အိန္ဒိယနိုင်ငံသည် ဂျပန်နိုင်ငံကို ကျော်ဖြတ်ပြီး အမေရိကန်ပြည်ထောင်စု၊ တရုတ်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့၏ နောက်တွင် ကမ္ဘာ့စတုတ္ထမြောက် စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံအဖြစ်သို့ တက်လှမ်းလာနိုင်ခဲ့ခြင်း ဖြစ်သည်။


ဖော်ပြထားသည့် စီးပွားရေး အညွှန်းကိန်းများအရ အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ထရီလီယံသာရှိခဲ့ရာမှ ယခု ၂၀၂၅ ခုနှစ်အရောက် ဆယ်စုနှစ် တစ်ခုအတွင်း၌ပင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ထရီလီယံခန့်အထိ တိုးလာခဲ့ခြင်းဖြစ်သည်။

ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးတက်လာသည့် အိန္ဒိယနိုင်ငံ၏ စီးပွားရေး တိုးတက်နှုန်းသည် ပိုမြန်လာသည့် အနေအထားသို့ ရောက်ရှိနေပြီး ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်က ပထမဆုံး အမေရိကန်ဒေါ်လာ တစ်ထရီလီယံသို့ ရောက်ခဲ့သော်လည်း ထိုကဲ့သို့ ရောက်ရှိရေးအတွက် နှစ်ပေါင်း ၆၀ ကျော်ကြာခဲ့သည်ဟုဆိုသည်။ သို့သော် ၂၀၂၂ ခုနှစ်တွင် ဒေါ်လာ သုံးထရီလီယံထိ တိုးလာပြီးနောက် လေးနှစ်အကြာ ယခု ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ထရီလီယံခန့်အထိ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏ စစ်တမ်းများအရ အိန္ဒိယနိုင်ငံ၏ ၂၀၂၅ ခုနှစ် GDPသည် သိသိသာသာ တိုးတက်လာပြီး ယခုနှုန်းအတိုင်း ဆက်သွားနိုင်မည်ဆိုပါက နောက်ထပ် သုံးနှစ်ခန့်အကြာတွင် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့တတိယမြောက် စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံဖြစ်လာမည်ဟု စီးပွားရေး ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။

**Source; The Time Of India**

စိုင်းဗညား - စုစည်းသည်



# အာကာသမှ လျှပ်စစ်ထုတ်လုပ်ပြီး ကမ္ဘာမြေသို့ ပြန်ပို့ပေးရန် ဂျပန်ကကြိုးပမ်းနေ

ဂျပန်နိုင်ငံသည် အာကာသမှ လျှပ်စစ်ထုတ်လုပ်ပြီး ကမ္ဘာမြေသို့ ပြန်လည်ပို့ဆောင်ပေးနိုင်မည့် ပထမဆုံးနိုင်ငံ ဖြစ်လာရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဂျပန်နိုင်ငံသည် အာကာသထဲတွင် လျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် ဂြိုဟ်တုတစ်ခုကို လွှတ်တင်ထားရန် ပြင်ဆင်လျက်ရှိနေပြီး အဆိုပါဂြိုဟ်တုသည် အလေးချိန် ပေါင် ၄၀၀ နီးပါးရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါ ဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် မိုင် ၂၅၀ ပတ်လမ်းတွင် တစ်နာရီ မိုင် ၁၇၄၀၀ နှုန်းဖြင့် ပျံသန်းနေမည်ဖြစ်ကြောင်းနှင့် ယင်းဂြိုဟ်တုမှာ စွမ်းအင်ရယူရန် နှစ်စတုန်းမီတာ ဆိုလာပြား သုံးပြား တပ်ဆင်ထားသည်ဟု သိရသည်။

ဂြိုဟ်တုတွင် တပ်ဆင်ထားသည့် ဆိုလာပြားများမှ ရရှိလာသည့် လျှပ်စစ်ကို ဘက်ထရီအိုး၌ သိုလှောင်ထားမည်ဖြစ်ကြောင်း၊ အဆိုပါ သိုလှောင်ထားသည့် လျှပ်စစ်များကို မိုက်ခရိုဝေ့ဗ်အဖြစ်သို့ ပြောင်းလဲပြီး ကမ္ဘာမြေမှ လက်ခံမည့် အန်တီနာဆီသို့ ပေးပို့မည်ဖြစ်ကြောင်းနှင့် ယင်းကဲ့သို့ ပေးပို့ရန်မှာ မိနစ်အနည်းငယ်သာ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှုမှာ စီးပွားဖြစ်သုံးရန်အတွက် အလှမ်းကွာနေသေးကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားကြသည်။ ဂျပန်နိုင်ငံအနေဖြင့် အဆိုပါအာကာသမှ လျှပ်စစ်ထုတ်လုပ်မှု ပရောဂျက်ကို OHISAMA ဟု အမည်ပေးထားကြောင်းနှင့် ယခုနှစ်အတွင်း၌ပင် ပရောဂျက်၏ တစ်စိတ်တစ်ပိုင်းကို အာကာသထဲသို့ လွှတ်တင်ရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်ကြောင်း သိရသည်။

**Source; Tech Innovaiton**